# ဇူသား

နှင့်

# ကျေးဇူးတရား

အရှင်ဝိဿုတ (ကံမ)

# လူသား

# နှင့်

# ကျေးဇူးတရား

အရှင်ဝိသုတ (ကံမ)

# ရည်စူးကုသိုလ်

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော

**ခမည်းတော် ဦးကျော်မောင် - မယ်တော် ဒေါ်လှတုတ်**

ဖွေးမိရွာ၊ ကံမမြို့နယ်၊ သရက်ခရိုင်၊

မကွေးတိုင်းဒေသကြီးအား

ကျေးဇူးဆပ်သောအားဖြင့် ဤစာအုပ်အား

ဂုဏ်ပြုထုတ်ဝေပါသည်။


အရှင်ဝိသုတ(ကံမ)

မဟာဂန္ထဝါစကပဏ္ဍိတ ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

အဂ္ဂမဟာပဏ္ဍိတ

သိရိဝေလာ ပရိယတ္တိစာသင်တိုက်

စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း ၀၁-၅၁၀၆၉၂

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊
သီရိဝေလာ ပရိယတ္တိစာသင်တိုက် ပဓာန နာယက
ဘဒ္ဒန္တဝိသုတ ၏

# ထေရုပ္ပတ္တိအကျဉ်း

၁။ ဆရာတော်သည် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမ မြို့နယ်၊ ဖွေးမိရွာတွင် ၁၃၁၃-ခုနှစ်၊ ဝါဆိုလပြည့်ကျော်၊ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသော သားရတနာဖြစ်သည်။

၂။ ခမည်းတော် ဦးကျော်မောင်+မယ်တော် ဒေါ်လှတုံတ် ဖြစ်သည်။

၃။ ၁၃၂၇ ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့တွင် ကံမမြို့နယ်၊ ချောက်ပင်ရွာ၊ ဥတ္တရာရာမကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရ ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိပါသည်။ ဘွဲ့တော်မှာ ရှင်ဝိသုတဖြစ်သည်။

၄။ ၁၃၃၂ ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်နေ့တွင် ပြည်မြို့၊ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ခဏ္ဍသိမ်တော်တွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇနိယကို ဥပဇ္ဈာယ်ပြု၍ ပြည်မြို့၊ လမ်းမတော်နေ ပွဲစားကြီး ဦးအောင်သိန်း-ပွဲကတော် ဒေါ်ဒေါ်သန်းမိသားစု၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ် ရောက်ရှိပါသည်။

၅။ ကိုရင်ဝတ်ပြီး (၃)ရက် ရှာတွင်နေ၍ ၁၃၂၇ ခုနှစ်၊ ဝါဆိုလဆန်း (၁၂)ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟန်း မဟာစည်သာသနာ့ရိပ်သာတွင် ဆရာတော်ကြီး ဦးသောဘဏထံတွင် ဝါဆို၍ ကမ္မဋ္ဌာန်းတရားများကို အားထုတ်ရာ ဉာဏ်စဉ်နာပြီး ဝါကျွတ်သောအခါ ရန်ကင်းမြို့နယ်၊ မဟာဗောဓိစာသင်တိုက်သို့ ရောက်ရှိခဲ့ပါသည်။

၆။ ကံမမြို့၊ ချောက်ပင်ရွာ၊ ဥတ္တရာရာမကျောင်းဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မဟာဗောဓိစာသင်တိုက် ဆရာတော်နှင့် စာချဆရာတော်များ၊ မြောင်းမြမြို့၊ ပဋ္ဌာတာရုံ ကျောင်းတိုက် ဆရာတော်နှင့် စာချဆရာတော်များ၊ ပဲခူးမြို့၊ ကြခတ်ဝိုင်း စာသင်တိုက်ဆရာတော်နှင့်စာချဆရာတော်များ၊ ပြည်မြို့၊ ဇောတိကာရုံ ဆရာတော်နှင့် စာချဆရာတော်များထံတွင် ပညာသင်ကြားခဲ့ပါသည်။

# နိဒါန်း

မြန်မာတို့သည် ကျေးဇူးတရားကို တန်ဖိုးထားတတ်ကြသည်။ မိမိအပေါ် တစ်စုံတစ်ခု ကောင်းကျိုးဆောင်ပေးလျှင် အနည်းဆုံး "ကျေးဇူးပဲ၊ ကျေးဇူးတင်ပါတယ်" စသည်ဖြင့် နှုတ်အားဖြင့် ပြောဆို၍ သူ့ကျေးဇူးကို တုန့်ပြန်လေ့ရှိကြသည်။

လူသည် အလွန်အသိဉာဏ်ရှိသော သတ္တဝါဖြစ်သည်။ လောကတွင် ကျင့်သုံးရမည့်အရာ၊ ရှောင်ကြဉ်ရမည့်အရာတို့ကို ခွဲခြားသိကြသည်။ မိမိအပေါ် တစ်စုံတစ်ယောက်က ကောင်းကျိုးပြုပေးသောအရာကို ကျေးဇူးပြုသည်ဟုခေါ်သည်။ ထိုကျေးဇူးပြုပေးသောအလုပ်ကို နှလုံးရည်ကောင်းသူ၊ မိဘ၊ ဆရာသမား၊ လူကြီးသူကြီး၊ အပေါင်းအသင်း စသောသူတို့ ပြုလေ့ရှိသည်။

ထိုသို့ ကျေးဇူးပြုပေးသော သူတို့ကို ကျေးဇူးရှင်ဟု သတ်မှတ်ကြသည်။ ထိုကျေးဇူးရှင်တို့အား အချို့က ပြန်လည်ကျေးဇူးတုန့်ပြန်ပြီး ကျေးဇူးဆပ်ကြသည်။ အချို့က သူတစ်ထူး ကျေးဇူးပြုပေးသည်ကို မသိနားမလည်ကြ။ ကျေးဇူးဆပ်ရမှန်းလည်းမသိ၊ ကျေးဇူး တုန့်ပြန်ရမှန်းလည်း နားမလည်။ အချို့မှာ ကျေးဇူးတရားကို သိနားလည်ကြသော်လည်း ဘဝင်မြင့်နေ၍သော်လည်းကောင်း၊ အခြေအနေမပေး (ကျေးဇူးမဆပ်နိုင်) ၍သော်လည်းကောင်း စသော အခြေအနေအမျိုးမျိုးတို့ကြောင့် မသိကျိုးကျွံနေကြသည်။

မိမိအပေါ် ကျေးဇူးပြုဖူးသော ကျေးဇူးရှင်တို့အား ကျေးဇူးဆပ်သော အလုပ်မှာ ရှက်စရာ မဟုတ်ပေ။ ဂုဏ်ငယ်သေးသိမ်သော အလုပ်လည်း မဟုတ်ပေ။ ဂုဏ်ယူရမည့်အလုပ်ဖြစ်သည်။

မိမိအပေါ် ကျေးဇူးပြုဖူးသူ မည်သူ့ကိုမဆို လေးစားသင့်ပါသည်၊ ကျေးဇူးတုန့်ပြန်သင့်ပါသည်။ ထိုသို့ လေးစားစွာ ကျေးဇူးတုန့်ပြန်ခြင်းကြောင့် မိမိမှာ ဂုဏ်မငယ်သည့်အပြင် ဂုဏ်ပင်မြင့်လာပါသည်။ ကျေးဇူးသိတတ်သူ၏ ကျေးဇူးတုန့်ပြန်မှုကို ခံရသောသူမှာလည်း မည်သည့်အရသာနှင့်မျှမတူသော ပီတိအရသာကို ခံစားရပါသည်။

အချို့က ဤသို့ပြောကြသည်။ "ကျေးဇူးတရားဆိုတာ သိတဲ့လူမှာသာရှိတယ်၊ ကျေးဇူးမသိတတ်တဲ့လူမှာ ကျေးဇူးမရှိဘူး" ဟူ၍ဖြစ်သည်။ သို့သော်လည်း လူမှန်လျှင် ကျေးဇူးတရားကို သိမြင်အောင် ကြိုးစားရပေမည်။

လောကတွင် ကျေးဇူးတရားကိုနားမလည်၊ တန်ဖိုးမထားတတ်ပါက မကြီးပွားနိုင်ပေ။ ကျေးဇူးတရားသည် နေရာတိုင်း ရှိတတ်ကြသည်။

မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့်အလုပ်သမား၊ အပေါင်းအသင်း၊ သူငယ်ချင်း၊ ယုတ်စွအဆုံး ဈေးရောင်းသူနှင့် ဈေးဝယ်သူတို့ကြားတွင် ကျေးဇူးတရား ရှိနေတတ်ပေသည်။ အထူးအားဖြင့် တရားနည်းလမ်းတကျ အကျိုးပြုပေးသော ကျေးဇူးတရားကို ပို၍တန်ဖိုးထားတတ်ရန် လိုပေသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်သူတို့အတွက် စိုက်ပျိုးပေးကြသော တောင်သူလယ်သမားတို့ကို ကျေးဇူးရှင်ဦးကြီးများဟူ၍ပင် လေးစားတန်ဖိုးထားတတ်ကြသည်။

အထူးအားဖြင့် သားသမီးများက မိဘကျေးဇူးကို၊ တပည့်များက ဆရာကျေးဇူးကို၊ ဘာသာဝင်တို့က မိမိတို့ဘာသာ သာသနာကျေးဇူးကို သိနားလည်ရန်လိုပါသည်။ လူငယ်များအနေဖြင့် နိုင်ငံ၏ကျေးဇူးကို အထူးသိနားလည်ဖို့လိုပေသည်။ ထိုသို့ သိကြသည့်အတိုင်း မိမိတို့၏ ကျေးဇူးရှင်များအပေါ် ကျေးဇူးတရားတို့ကိုစောင့်သိ၍ ကျေးဇူးတုန့်ပြန်ကြရမည်ဖြစ်သည်။

လူတိုင်းလူတိုင်းသည် မိမိတို့အပေါ် တင်ရှိကြသော ကျေးဇူးတရားအပေါ် ပြန်လည်ကျေးဇူးဆပ်ခြင်းဖြင့် အလှဆင်နိုင်လျှင် ဤလောကကြီးသည် လွန်စွာပျော်ရွှင်ချမ်းမြေ့စရာကောင်းသော လောကကြီး ဖြစ်နေပါလိမ့်မည်။

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ မိမိတို့အပေါ်တင်ရှိသော ကျေးဇူးရှင်တို့အား ကျေးဇူးပြန်ဆပ်နိုင်သော၊ ကျေးဇူးသိတတ်သော လူတော်လူကောင်း ဖြစ်လာရန်အတွက် ရည်ရွယ်ပါသည်။

ကျေးဇူးဟူသောစကားမှာ သာမန်စကားဖြစ်၍ ကျေးဇူးတရားဟူသောစကားမှာ လေးနက်အောင်ပြောဆိုသောစကား ဖြစ်သည်။ သို့သော် ကျေးဇူးတရားတွင် ကျေးဇူးပြုသူနှင့် ကျေးဇူးတုန့်ပြန်ခံရသူတို့ အကျုံးဝင်လျက်ရှိသည်။

မှန်ပါသည်။ ကျေးဇူးပြုခြင်းတွင် သနားခြင်း၊ စာနာခြင်း၊ ထောက်ထားငဲ့ညှာခြင်း၊ မေတ္တာစေတနာထားခြင်း၊ အားပေးခြင်း၊ ကူညီခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်း၊ မြှောက်စားခြင်း၊ ဂုဏ်တင်ခြင်း၊ သဘောထားကြီးခြင်းစသော သဘောတရားများ ပါဝင်ပါသည်။

ကျေးဇူးသိ၊ ကျေးဇူးဆပ်ရာတွင်လည်း သစ္စာရှိခြင်း၊ ဝီရိယရှိခြင်း၊ ကြိုးစားခြင်း၊ မေတ္တာစေတနာထားခြင်း၊ လေးစားခြင်း၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်းစသော သဘောတရားများ ပါဝင်ပါသည်။ ထို့ကြောင့် ကျေးဇူးပြုခြင်းနှင့် ကျေးဇူးသိ(ဆပ်)ခြင်း အလုပ်တို့သည် မွန်မြတ်သော၊ အထက်တန်းကျသော လုပ်ရပ်များဖြစ်သည်။

အရာရာတွင် ကျေးဇူးတရားကို နားလည်လျှင် မိမိကောင်းကျိုး၊ အများကောင်းကျိုး ပြုလုပ်နိုင်သည်။ ကျေးဇူးတရားနှင့် ဆက်စပ်လာလျှင် သူတစ်ဖက်သားအပေါ် မေတ္တာလည်းထားနိုင်သည်၊ သစ္စာလည်း ထားနိုင်သည်၊ သူ့အကျိုးအတွက် အနစ်နာလည်းခံရဲသည်။ လောကတွင် ကျေးဇူးတရားကို မသိတတ်၊ နားမလည်လျှင် မည်သည့်အရာကိုမျှ ထောက်ထားညှာတာမှု၊ တုန့်ပြန်မှု ထားတတ်ကြမည် မဟုတ်ပေ။ ထို့ကြောင့် ကျေးဇူးပြုခြင်းနှင့် ကျေးဇူးဆပ်ခြင်းတို့သည် လောကကို ကောင်းကျိုးပြုသော လုပ်ရပ်တို့ပင်ဖြစ်သည်။

အဆိုးဆုံးမှာ ကျေးဇူးကန်းသူ၊ ကျေးဇူးစွပ်သူတို့ပင် ဖြစ်သည်။ ကျေးဇူးတရားနှင့် ပတ်သက်လာလျှင် ကျေးဇူးရှင်တို့အပေါ် ကျေးဇူးမဆပ်နိုင်သည့်တိုင်အောင် ကျေးဇူးတရားကို မမေ့သင့်ပေ။ မေ့သည့်တိုင်အောင် မစော်ကား၊ မပြစ်မှားသင့်ပေ။

သို့ကြောင့် လူသားတိုင်း ကျေးဇူးတရားကို သိနားလည်ပြီး ကျေးဇူးရှိသောသူများနှင့် မိမိပတ်ဝန်းကျင်အပေါ် ကျေးဇူးပြုသော ကျေးဇူးကမ္ဘာလောကကြီးကို တည်ဆောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

# (၁) ကျေးဇူး၏ အဓိပ္ပာယ်

၁။ ကျေးဇူးဟူသောစကားကို မြန်မာအဘိဓာန်တွင် သူတစ်ဦးက သူတစ်ဦးအပေါ်တွင် ပြုအပ်သော ကောင်းမှုကို ကျေးဇူးဟု ဖော်ပြသည်။

၂။ ကျေးဇူးဟူသော ဝေါဟာရကို မဃဒေဝလင်္ကာသစ် ခက်ဆစ် အဖြေ၌ ကျေးဇူး၏ မူရင်းမှာ ကတ္တညူ = ကြည်စူး = ကြည်လင် သက်ရောက်သောစိတ်ထား ဖြစ်သည်ဟု ဖွင့်ပြသည်။

၃။ ပရိတ္တကျမ်းဋီကာ မင်္ဂလသုတ်အဖွင့်၌ ပရေန ကတံ ဥပကာရံ ဇာနာတီတိ ကတညူ၊ တဿ ဘာဝေါ ကတညုတာ - ဟု ဝိဂ္ဂဟ- ပြု၍ ကျေးဇူးသိခြင်းဂုဏ်ကို ရပါသည်ဟု ဖွင့်ပြ၏။

၄။ တစ်လုပ်စားဖူး သူ့ကျေးဇူးကို အထူးသိလျက် အဆပ်ခက်၊ သူ၏ ကျေးဇူး တိမ်မြုပ်သောသူ မီးလိုပူ၊ ကျေးဇူးရှိမှ ကျေးစွပ်၊ အရိပ် နေနေ အခက်ချိုးချိုး၊ သားရေပေါ်အိပ် သားရေနားစား၊ ကျေးဇူး မသိတတ်သူ မိတ်ကောင်းကိုမရနိုင် စသည့်စကားတို့မှာ ကျေးဇူး တရားနှင့် ပတ်သက်သော လက်သုံးစကားပုံများပင်ဖြစ်သည်။

၅။ ကျေးဇူးတရားဆိုသည်မှာ သူတစ်ပါးကို မေတ္တာဖြင့်စောင့်ရှောက် ကူညီသူ၏ သန္တာန်၌ ဖြစ်ပေါ်လာသော ကုသိုလ်စိတ်စေတနာ ပင် ဖြစ်သည်။

တစ်နည်းပြောရလျှင် တစ်ဦးတွင် မဖြစ်ပေါ်သေးသော အကျိုးစီးပွား ဖြစ်ပေါ်လာအောင်၊ ဖြစ်ထွန်းနေသော အကျိုးစီးပွားများ မပျက်ပြားအောင် ပံ့ပိုးကူညီစောင့်ရှောက်ပေးခြင်းသည် ကျေးဇူးပြုပေးခြင်းပင် ဖြစ်သည်။ တစ်ဦးတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာများကိုပင်မက အသိဉာဏ်(နာမ်)ပိုင်းဆိုင်ရာ ကျေးဇူးပြုပေးခြင်းများလည်း ပါဝင်ပါသည်။

ထို့ကြောင့် အခက်အခဲများကို ဖြေရှင်းပေးခြင်း၊ အခြေအနေတို့ တိုးတက်ကောင်းမွန်ခြင်း၊ ပစ္စည်းဥစ္စာများ တိုးပွားရရှိခြင်း စသော ရုပ်ပိုင်းဆိုင်ရာတွင်မက အသိဉာဏ်တရား ဗဟုသုတအလိမ္မာ ဖြစ်ထွန်းခြင်းမှစ၍ မဂ်တရား ဖိုလ်တရားစသော တရားဓမ္မများ ရရှိသည်အထိ နာမ်ပိုင်းဆိုင်ရာအတွက် ထောက်ပံ့အကျိုးပြုပေးခြင်းသည်လည်း ကျေးဇူးတရားပင်ဖြစ်သည်။

ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး ကိုယ်, နှုတ်, စိတ်တို့ဖြင့် ကူညီစောင့်ရှောက်ခြင်းတို့သည်ပင် ကျေးဇူးပြုခြင်းဖြစ်သည်။ သို့သော် စိတ်အားဖြင့် ကျေးဇူးပြုသည်မှာ မထင်ရှားသော်လည်း မေတ္တာဖြင့် စောင့်ရှောက်ခြင်း၊ ဆုတောင်းပေးခြင်း၊ အမျှပေးဝေခြင်း၊ သစ္စာပြုခြင်း စသည်တို့မှာ စိတ်(နာမ်)ဖြင့် ကျေးဇူးပြုခြင်းပင်ဖြစ်သည်။

လောက၌ ကျေးဇူးတရားသည် တစ်ဦးနှင့်တစ်ဦး အနည်းနှင့်အများဆိုသလို အပြန်အလှန် တည်မှီတင်ရှိတတ်ကြသည်။ အထူးသဖြင့် သိက္ခမ်းခင်မင်ရင်းနှီးလေ အပြန်အလှန် ကျေးဇူးရှိတတ်လေဖြစ်သည်။ ကျေးဇူးရှိလေ ခင်မင်မြတ်နိုးလေဖြစ်ဖို့လိုသည်။ ကျေးဇူးရှိလေ ကျေးစွပ်လေဆိုလျှင် မည်သူ့အတွက်မှ ကောင်းကျိုးဖြစ်မလာပေ။ ကျေးဇူးတရားကို အလေးထားတတ်ဖို့လိုပေသည်။ သို့သော် သူ့ကျေးဇူးကို အထူးသိတတ်သူကား ရှားပါးလှပါသည်။ ကျေးဇူး

တရားကို တိမ်မြှုပ်သူ၊ ကျေးဇူးကန်းသူသာများလှသည်။ ကျေးဇူးတရားဟူသည် မမေ့ကောင်းသောအရာပင် ဖြစ်သည်။

စင်စစ် ကျေးဇူးတရားဟူသည် ဗုဒ္ဓဓမ္မကို အခြေခံသော၊ မြန်မာ့ယဉ်ကျေးမှုတွင် အစဉ်ထာဝရ ရပ်တည်ရှင်သန်နေသော အရာတစ်ခုပင်ဖြစ်သည်။

## (၂) မင်္ဂလာတစ်ပါး

ဗုဒ္ဓမြတ်စွာသည် ၃၈-ဖြာမင်္ဂလာတရားတော်၌ ကတညုတာစ-သူ့ကျေးဇူးကိုသိခြင်းသည် မြတ်သောမင်္ဂလာဖြစ်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။ သူများပြုဖူးသော ကျေးဇူးတရားကို အဖန်ဖန်အထပ်ထပ် တုန့်ပြန်ရမည်ဖြစ်သည်။ ထို့ကြောင့် ကျေးဇူးသိတတ်ခြင်း၊ ကျေးဇူးတရားကို နားလည်ခြင်း၊ နားလည်သည့်အတိုင်း ကျေးဇူးတရားကို တုန့်ပြန်ခြင်းသည် မြတ်သောမင်္ဂလာတစ်ပါးဖြစ်သည်ဟု မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားထားပါသည်။

ထို့ကြောင့် မည်သူမဆို မိမိအပေါ် ကျေးဇူးပြုဖူးသူတို့အား ကျေးဇူးမကန်းကြပါပဲ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ထိုသူပြုထားသော ကျေးဇူးတရားကိုမမေ့သူ၊ သူ့ကျေးဇူးကို အမှတ်တရနေသူသည် မင်္ဂလာရှိသောသူဖြစ်သည်။ မင်္ဂလာရှိသောသူ မင်္ဂလာနှင့်ပြည့်စုံသည်။ ကြီးပွားတိုးတက်ရလေသည်။ လူတိုင်း မင်္ဂလာတရားနှင့်ပြည့်စုံရန် အသိတရားထားကြရမည်ဖြစ်သည်။ ကျေးဇူးတရားကို မမေ့သင့်ပေ။ ကျေးဇူးဆပ်နိုင်သူဖြစ်အောင် ကြိုးစားကြရပါမည်။ မင်္ဂလာတရားနှင့် ပြည့်စုံအောင် ကျင့်သုံးနေနိုင်ကြပါစေ။

# (၃) ရခဲသော ပုဂ္ဂိုလ်နှစ်ဦး

ကျေးဇူးသိတတ်မှုသည် အပြောလွယ်သလောက် အသိခက်သော အလုပ်ဖြစ်သည်။ 'ကျေးဇူးပဲ' 'ကျေးဇူးတင်ပါတယ်' ဟု ပြောဆိုရုံမျှဖြင့် ကျေးဇူးသိသူဟု မခေါ်ဆိုနိုင်သေးပေ။ လူတို့သည် ကျေးဇူးတရားနှင့် ပတ်သက်၍ ပါးစပ်က လွယ်လွယ်ကူကူနှင့် ကျေးဇူးတင်တတ်ကြသော်လည်း ကိုယ်, လက်ဖြင့် တတ်နိုင်သလောက် ကျေးဇူးမဆပ်ဖြစ်ကြပေ။ ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော် ဒုကနိပါတ်၊ တတိယပဏ္ဏာသက၊ ပထမဝဂ်၌ -

၁။ **ပုဗ္ဗကာရီ**- ရှေးဦးစွာ ကျေးဇူးပြုတတ်သူ။

၂။ **ကတညုတကတဝေဒီ** - ပြုဖူးသောကျေးဇူးကို သိ၍ ကျေးဇူးရှိကြောင်း ပြောလေ့ရှိသူ။ ဤပုဂ္ဂိုလ်နှစ်ဦးတို့ကို ရခဲကြောင်း ဗုဒ္ဓမြတ်စွာ မိန့်ကြားထားပါသည်။

ဥပမာနှင့်ပြောရလျှင် ရှေးဦးစွာ ကျေးဇူးပြုတတ်သူသည် ကြွေးချသူ၊ ကြွေးပေးသူနှင့်တူသည်။ ကျေးဇူးရှိကြောင်း ပြောလေ့ရှိသူသည် ကြွေးပြန်ဆပ်သူနှင့်တူသည်။

ပုဂ္ဂိုလ်တစ်ယောက်တွင် မိမိအား ကျေးဇူးပြုသော ပုဂ္ဂိုလ်များများစွာရှိတတ်သည်။ ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ ကျေးဇူးရှင်များပင်ဖြစ်သည်။

မိမိတို့အတွက် တစ်စုံတစ်ရာ အထောက်အပံ့ပေးသူ၊ ပေးသော အရာတို့သည်လည်း ကျေးဇူးရှင်တို့ပင်ဖြစ်သည်။ ဥပမာ- မိမိအား အကျိုးဖြစ်ထွန်းစေသောအရာ၊ အန္တရာယ်မဖြစ်ရန် ကာကွယ်ပေးသော အရာတို့ကို ကျေးဇူးရှင်ဟု ပြောဆိုတတ်ကြသကဲ့သို့ပင် ဖြစ်သည်။

မိမိအား တစ်စုံတစ်ယောက်က တစ်စုံတစ်ခုဖြစ်အောင် အကျိုးပြုပေးဖို့ရန်မှာလည်း ခဲယဉ်းလှပါသည်။

ထိုသို့ တစ်စုံတစ်ယောက် ကောင်းကျိုးပြုပေးသူတို့အား ပြန်လည်ကျေးဇူးဆပ်တတ်သူမှာလည်း ရှားပါးလှပါသည်။ ထို့ကြောင့် ဤပုဂ္ဂိုလ်နှစ်ဦးကို လောကတွင် ရခဲ၏ဟု ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် မန်လည်ဆရာတော်က -

**"မေတ္တာရှေ့ဦး၊ ပြုပေးဖူးကို၊**
**ကျေးဇူးသိမှု၊ ကတညုတည့်၊**
**ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊**
**ထင်ထင်မချွတ်၊ ပြောဆိုတတ်က၊**
**သူမြတ်မွန်လှ၊ ကတဝေဒီ၊**
**တူတုန့်ပြီရှင့်"** ဟု မဃဒေဝလင်္ကာ၌ ဖွဲ့ဆိုခဲ့ပါသည်။

## (၄) မပြစ်မှားထိုက်သော ကျေးဇူးရှင်များ

လောကတွင် ပစ္စည်းဥစ္စာရှိသူကို ဥစ္စာရှင်၊ ပစ္စည်းရှင်ဟု ခေါ်ဆိုကြသလို ကျေးဇူးရှိသောသူ၊ ကျေးဇူးများသောသူကိုလည်း ကျေးဇူးရှင်ဟု ခေါ်ဆိုရသည်။ စင်စစ်အားဖြင့် ကျေးဇူးတရားဟူသည် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ မိမိအပေါ် တစ်စုံတစ်ရာကောင်းကျိုးပြုပေးဖူးပါက ထိုသူ့ကို ကျေးဇူးရှင်ဟူ၍ပင် ခေါ်ဆိုထိုက်ပါသည်။

တစ်ရံတစ်ခါ မိမိက သူများကို မြောက်မြားစွာ ကျေးဇူးပြုထားသော်လည်း ထိုကျေးဇူးကို သိနားလည်အောင် သတိမပြုသူတို့လည်း ရှိပေသည်။

တစ်ရံတစ်ခါ မည်သို့မျှ မပြောပလောက်သော၊ သေးငယ်သော (အသေးအမွှားကလေးများ) အမှုဖြင့် ကူညီပေးလိုက်သည်ကိုပင် (ကျေးဇူးပြုလိုက်သည်ကိုပင်) အလေးအနက်ထားပြီး ကျေးဇူးတင်ခံရသည်လည်း ရှိပေသည်။

တစ်ခါက ရန်ကုန်မြို့ထဲတွင် လမ်းမသိ၍ မျက်စိလည်နေသူ တစ်ဦးကို ပိုက်ဆံအကုန်အကျခံပြီး ကားဖြင့်လိုက်ပို့ပေးလိုက်သူမှာ ထိုသူ့ထံမှ 'ကျေးဇူးပဲခင်ဗျား' ဟူသော စကားတစ်ခွန်းနှင့် ကျေနပ်ခဲ့ရလေသည်။

ထို့အပြင် လိုင်းကားစီးရင်းဖြင့် မိမိက ထိုင်ခုံရ၍ ထိုင်ခုံမရသူ၏ လက်ဆွဲအိတ်ကိုကူညီကိုင်ပေးခဲ့ရာ ထိုလူဆင်းခါနီးတွင် ပဲတစ်ထုပ် လက်ဆောင်ပေးပြီး 'ကျေးဇူးတင်ပါတယ်' ဟု ပြောသွားလေသည်။ ထို့ကြောင့် ကျေးဇူးတရားနှင့်ပတ်သက်၍ အနည်းဆုံး နှုတ်ဖြင့် ကျေးဇူးတင်ရုံလောက်တော့ လူတိုင်းပြုလုပ် (ကျေးဇူးတင်) တတ်ကြပေသည်။

မြန်မာတို့တွင် ကျေးဇူးရှင် ခင်ပွန်းကြီး(၁၀)ဦး ရှိသည်။ ထို(၁၀)ဦးသည် သူ့အတိုင်းအတာဖြင့်သူ ကျေးဇူးရှိကြသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့ကို မည်သို့မျှ မပြစ်မှားသင့်၊ မစော်ကားသင့်ပေ။ ထိုကျေးဇူးရှင် ခင်ပွန်းကြီး(၁၀)ဦးမှာ -

၁။ ဘုရား

၂။ ပစ္စေကဗုဒ္ဓါ

၃။ ရဟန္တာ

၄။ အဂ္ဂသာဝက

၅။ အမိ

၆။ အဖ

၇။ အသက်မွေးမှုပညာနှင့် စာသင်ပေးသောဆရာ

၈။ တရားနည်းပြဆရာ
၉။ တရားဟော(ဓမ္မကထိက)ဆရာ
၁၀။ မိမိအား ပေးဖူး၊ ကျွေးဖူး၊ အကျိုးဆောင်ပေးဖူးသူတို့ ဖြစ်သည်။

ဤပုဂ္ဂိုလ်(၁၀)ဦးတို့အား ကျေးဇူးမဆပ်လျှင်နေပါ၊ လုံးဝ မပြစ်မှားပါနှင့်။ ကျေးဇူးမဆပ်လျှင် ကုသိုလ်မရသည်သာဖြစ်မည်၊ အပါယ်မကျပေ။ ထိုပုဂ္ဂိုလ်တို့အား ပြစ်မှားလျှင်ကား ကုသိုလ်မရသည့်အပြင် အပါယ်သို့ ကျရောက်ရမည်ဖြစ်သည်။ ပြစ်မှားမိသူတို့အဖို့ မကောင်းကျိုးကိုသာ ခံစားရမည်မှာ ဧကန်ပင်ဖြစ်သည်။ ဤပုဂ္ဂိုလ်တို့အား မပြစ်မှားမိရန် လွန်စွာ အသိ သတိ ထားရမည်ဖြစ်သည်။

ဤပုဂ္ဂိုလ်တို့အား ကျေးဇူးကန်း ပြစ်မှားသူတို့မှာ မီးလိုပူလောင်ပြီး ဘဝတွင် ဘယ်သောအခါမှ မကြီးပွား၊ မတိုးတက်နိုင်ပေ။

## (၅) ကျေးဇူးမကန်းနှင့်

လူတို့သည် ပါးစပ်(နှုတ်ဖျား)ကသာ လွယ်လွယ်ကူကူနဲ့ 'ကျေးဇူး' 'ကျေးဇူးပဲနော်' 'ကျေးဇူးတင်ပါတယ်' ဟု ပြောဆိုတတ်ကြပါသော်လည်း တင်ရှိနေသော ကျေးဇူးတရားကို ပြန်လည်တုန့်ပြန်ရန်ကိုကား အလေးဂရုမပြုတတ်ကြပေ။ မိမိတို့၏ ကျေးဇူးရှင်များအပေါ် ကျေးဇူးတုန့်ပြန်ရမည့်အစား ကျေးစွပ်(ကျေးဇူးကန်း) သော ပုဂ္ဂိုလ်တို့သာ များပေသည်။ ထိုကဲ့သို့ ကျေးဇူးရှင်များအပေါ် ကျေးစွပ်ကြသောသူတို့မှာ မကောင်းကျိုးများကိုသာ ခံစားရတတ်သည်။ ထိုကျေးဇူးကန်းသူတို့သည် မဖြစ်ဖူးသော မကောင်းကျိုးများ ဖြစ်လာရတတ်သည်။ မကြုံဖူးသော ဆင်းရဲဒုက္ခတို့ကို ကြုံတွေ့ရတတ်ပေသည်။

မိမိအပေါ် ကျေးဇူးရှိသောသူတို့အပေါ် ကံသုံးပါးတို့တွင် တစ်ပါးပါးဖြင့် ပြစ်မှားမိသည်ဆိုပါက ဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါးကို ခံစားတတ်ရကြောင်းကိုလည်း ဗုဒ္ဓမြတ်စွာ မိန့်ကြားထားပါသည်။

**အကြင်သူသည် မပြစ်မှားထိုက်သော ရဟန္တာပုဂ္ဂိုလ်တို့၌ (ခင်ပွန်းကြီး ၁၀-ပါးခေါ်သော ကျေးဇူးရှင်တို့၌) ကာယကံစသည်ဖြင့် ပြစ်မှားမိခဲ့သည်ဖြစ်အံ့။ ဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါးသော အကြောင်းသို့ လျှင်မြန်စွာရောက်ရ၏။ (ဓမ္မပဒ)**

အထက်ပါစကားတော်ကို ထောက်ရှုသောအားဖြင့် မိမိအပေါ် တစ်စုံတစ်ရာ ကျေးဇူးပြုဖူးသော သူတို့အပေါ် ကိုယ်, နှုတ်, စိတ်တို့ဖြင့် မလွန်ကျူးမိရန် လွန်စွာသတိရှိရမည်ဖြစ်ပါသည်။

ထို့ကြောင့် မိမိအပေါ် ကျေးဇူးပြုဖူးသူတို့အား ရိုသေလေးစားခြင်း၊ သူ့ကျေးဇူးကို အမြဲသတိရခြင်း၊ မိမိတတ်စွမ်းသလောက် ကျေးဇူးတုန့်ပြန်ခြင်း(ကျေးဇူးဆပ်ခြင်း)တို့ကို ပြုလုပ်မည်ဆိုပါက ထိုပုဂ္ဂိုလ်သည် ကတညုတကတဝေဒီ မင်္ဂလာတရားတော်နှင့် ပြည့်စုံ၍ မျက်မှောက်တမလွန် ကောင်းကျိုးတို့ကို ရရှိခံစားရမည်မှာ အမှန်ပင် ဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့အပေါ် ကျေးဇူးရှိသူတို့အား အခွင့်အခါရတိုင်း တတ်နိုင်သောနည်းဖြင့် ကျေးဇူးဆပ်ရန် လိုအပ်ပေသည်။ ကျေးဇူးမဆပ်နိုင်သည့်တိုင်အောင် သူတစ်ထူး၏ ကျေးဇူးကို လေးစားမှုထားရန် လိုပေသည်။ အထူးသဖြင့် ကျေးဇူးရှင်တို့အပေါ် ကျေးဇူးမဆပ်နိုင်သော်လည်း ကျေးမစွပ်ဖို့ (ကျေးဇူးမကန်းဖို့) အထူးသတိပြုရမည်ဖြစ်သည်။ ထို့ထက် တစ်လုပ်ကျွေးဖူး သူ့ကျေးဇူးကို ပေးဆပ်ရန် ကြိုးစားရမည်ဖြစ်သည်။

## (၆) ကျေးဇူးရှင်တို့ကို ပြစ်မှားမိလျှင်

ပညာရှိ သူတော်ကောင်းတို့သည် ကျေးဇူးတရားနှင့် ပတ်သက်၍ လွန်စွာအလေးထားပြီး ပြောဆိုဆုံးမခဲ့ကြ၏။

ကျေးဇူးရှင်ကို ပြစ်မှားသူတို့သည် -

၁။ ကြီးစွာသော ရောဂါဆိုးများကို ခံစားရခြင်း၊

၂။ စည်းစိမ်ဥစ္စာတို့ ယုတ်လျော့ခြင်း၊

၃။ မီးဘေးသင့်ခြင်း၊

၄။ ကိုယ်လက်အင်္ဂါ ကျိုးကန်းပျက်စီးခြင်း၊

၅။ ကုဋ္ဌနူနာစွဲကပ်ခြင်း၊

၆။ ရူးသွပ်ခြင်း၊

၇။ မင်းပြစ်မင်းဒဏ်သင့်ခြင်း၊

၈။ သူတစ်ပါးတို့၏ စွပ်စွဲမှုကိုခံရခြင်း၊

၉။ မိဘဆွေမျိုးသားချင်းတို့နှင့် ရှင်ကွဲ၊ သေကွဲ ကွဲရခြင်း၊

၁၀။ သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်း

ဟူသော အပြစ်ဒဏ်(၁၀)ပါး သင့်ရောက်တတ်သည်။

ထိုအကြောင်းနှင့်စပ်၍ မာန်လည်ဆရာတော်က -

**"ဝေဒနာကြီးမား၊ လျော့ပါးစည်းစိမ်၊**

**နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊**

**ကျိုးပျက်အင်္ဂါ၊ နူနာစိတ်ဖောက်၊**

**ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊**

**ပြိုကွဲဆွေမျိုး၊ ရွှေငွေကျွဲနွား၊**

**ယွင်းဖောက်ပြားသား၊**

**ဆယ်ပါးမျက်မှောက်၊ ဒဏ်ကြီးရောက်၍၊**

**နောက်၌အမြဲ၊ သေဖောက်လွဲသော်၊**
**ငရဲကြီးစွာ၊ လားတိုရာ၏"** ဟု ဆိုပါသည်။

လောက၌ ဖော်ပြပါ ဒဏ် ၁၀-ပါးအနက် တစ်ပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ ခံစားရရှာသူတို့ကို အများအပြားပင် မြင်တွေ့နိုင်ပါသည်။ ထိုသူတို့မှာ ကျေးဇူးရှင်တို့အား ကာယကံဖြင့်ဖြစ်စေ၊ ဝစီကံဖြင့်ဖြစ်စေ၊ မနောကံဖြင့်ဖြစ်စေ ကျေးဇူးကန်းဖူးသောကြောင့် ထိုထိုသော အပြစ်ဒဏ်များကို ခံစားရသည်ဟု ခန့်မှန်းယူဆပြီး အသိရှိရန် လိုပေသည်။ ထိုကဲ့သို့ အပြစ်ဒဏ်ခံရသူတို့ကို သတိသံဝေဂ ယူလျက် မိမိတို့လည်း ကျေးဇူးရှင်တို့အပေါ် ကျေးမစွပ်မိရန် အသိရှိကြရမည်ဖြစ်သည်။

## (၇) ဗုဒ္ဓမြတ်စွာကို နမူနာယူပါ

ကျေးဇူးတရားနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော တရားတို့ များစွာပင်ရှိပါသည်။ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်လည်း ကျေးဇူးတရားကို လွန်စွာသိတတ်သူဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့ ရောက်တော်မူကာစမှာပင် လောကီချမ်းတရားကို ရရှိအောင် နည်းပေးခဲ့သော ဥဒကရသေ့၊ အာဠာရ ရသေ့တို့ကို ရှေးဦးစွာ ကျေးဇူးဆပ်တရားဟောမည်ဟု ကြံတွေးသောအခါ ဥဒကရသေ့၊ အာဠာရရသေ့တို့မှာ တရားတော်ကို နာခံနိုင်စွမ်းမရှိသော ပြဟ္မာ့ပြည်သို့ ရောက်ရှိနေကြ၍ ကျေးဇူးဆပ်ခွင့် မရခဲ့ပေ။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် မိမိအား ဒုက္ကရစရိယကျင့်နေတော်မူသောအခါ အလုပ်အကျွေးပြုစုခဲ့ကြသော ပဉ္စဝဂ္ဂီငါးဦးတို့အား

ရှေးဦးစွာ ကျေးဇူးဆပ် ဓမ္မစကြာတရားတော်ကို ဟောကြားလေသည်။

ထို့ပြင် မိမိ၏မယ်တော်မာယာဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကိုလည်း တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး ကျေးဇူးဆပ်သောအနေဖြင့် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူခဲ့လေသည်။

ဤသည့် သဘောလက္ခဏာ အချက်အလက်များကို ထောက်ရှုသောအားဖြင့် ကျေးဇူးသိတတ်ခြင်း၊ ကျေးဇူးဆပ်ခြင်းအလုပ်သည် ဘုရားစသော သူတော်ကောင်းကြီးတို့၏အလုပ် ဖြစ်သည်မှာ ထင်ရှားလှပေသည်။ သူတော်ကောင်းတို့၏ လုပ်ရပ်ဟူသမျှသည် အတုယူစရာတို့ပင် ဖြစ်သည်။

## (၈) သူယုတ်မာနှင့် သူတော်ကောင်း

ဤကျေးဇူးတရားနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော တရားဒေသနာတို့မှ အနည်းငယ်ထုတ်ပြလိုပါသည်။

ရဟန်းတို့ - သူယုတ်မာတို့၏ အခြေခံသဘောသည် အဘယ်နည်း၊ ရဟန်းတို့ - သူယုတ်မာသည် ပြုဖူးသော သူ့ကျေးဇူးကိုမသိ၊ ပြုဖူးသော သူ့(သူတစ်ပါး)ကျေးဇူးကို ထင်စွာပြု၍မသိ။

ရဟန်းတို့ - ပြုဖူးသော သူ့ကျေးဇူးကိုမသိခြင်း၊ ပြုဖူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ (ကျေးဇူးဆပ်ရမှန်း) မသိခြင်းကို သူယုတ်မာတို့သည် ချီးမွမ်းကြကုန်၏။

ရဟန်းတို့ - ပြုဖူးသော သူ့ကျေးဇူးကို မသိခြင်း၊ ပြုဖူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ (ကျေးဇူးဆပ်ရမှန်းကို) မသိခြင်းဟူသော

ဤအလုံးစုံသည် သူယုတ်မာတို့၏ အခြေခံသဘောပေတည်းဟု မိန့်တော်မူခဲ့ပါသည်။ *(အံ–၁၊ သမစိတ္တဝဂ်)*

ထို့ပြင် ဝသလသုတ်၌လည်း အမျက်ကြီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ကျေးဇူးကန်းခြင်း၊ အယူမှားခြင်း၊ လှည့်စားခြင်းတို့သည် သူယုတ်၏ လက္ခဏာတို့ဖြစ်သည်ဟု ဖော်ပြထားပေသည်။

သူယုတ်မာ၏ လက္ခဏာတွင် ကျေးဇူးကန်းခြင်းလက္ခဏာ ဟူသော အချက်တစ်ချက် ပါရှိသည်ကို သတိပြုပါ။

ထို့ပြင် သုတ္တနိပါတ် ဝသလသုတ်တော်၌လည်း သူတစ်ပါးအိမ်သို့ သွားရောက်စားသောက်ခဲ့ပြီး ကိုယ့်အိမ်လာသောအခါ ကျွေးတို့ ကျွေးလှည့် မပြုသူသည် သူယုတ်မာမည်၏ဟု မိန့်ဆိုထားပါသည်။

သူတော်ကောင်းတို့၏ အခြေခံသဘောနှင့်ပတ်သက်၍ ဤသို့ မိန့်ဆိုခဲ့ပြန်ပါသေးသည်။

ရဟန်းတို့ - သူတော်ကောင်းတို့သည်ကား ပြုဖူးသောသူ့ကျေးဇူးကို သိ၏၊ ပြုဖူးသော သူ့ကျေးဇူးကို (ကျေးဇူးဆပ်၍) ထင်စွာပြု၍ သိ၏။

ရဟန်းတို့ - ပြုဖူးသော သူ့ကျေးဇူးကိုသိခြင်း၊ ပြုဖူးသော သူ့ကျေးဇူးကို ထင်စွာပြု၍သိခြင်း ဟူသော ဤအလုံးစုံသည် သူတော်ကောင်းတို့၏ အခြေခံသဘောပေတည်းဟု မိန့်တော်မူခဲ့သည်။ *(အံ–၁၊ သမစိတ္တဝဂ်၊ မြန်မာပြန်–၇၅)*

သူတော်ကောင်းလက္ခဏာနှင့် ပတ်သက်၍ သရဘင်္ဂဇာတ်၌ "အကြင်သူသည် သူတစ်ပါးကျေးဇူးကို အထူးသိ၏၊ ကျေးဇူးရှင်ကို ကျေးဇူးဆပ်တတ်၏၊ ထိုသူကို သူတော်ကောင်းဟုဆိုအပ်၏" ဟူ၍ မိန့်ဆိုထားပါသည်။

ထို့ကြောင့် ကျေးဇူးမသိမှု၊ ကျေးဇူးကန်းမှုသည် သူယုတ်မာတို့၏ အမူအရာ အကျင့်စရိုက်ဖြစ်သည်ကို သဘောပေါက်ပြီး ကျေးဇူးသိသူ၊ ကျေးဇူးဆပ်သူ သူတော်ကောင်းဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။

ကျေးဇူးတရားကို နားလည်ခြင်း၊ တန်ဖိုးထားခြင်းသည် လူ့အရည်အချင်းတစ်ခုဖြစ်သည်။ ကျေးဇူးတရားနှင့် ပတ်သက်လာလျှင် သူတော်ကောင်းအဖြစ်သာ ခံယူပါ၊ သူယုတ်မာအဖြစ် မခံယူပါနှင့်။

## (၉) တစ်လုပ်စားဖူး သူ့ကျေးဇူး

**အကြင်သူ၏အိမ်၌ တစ်ညဥ့်မျှ တည်းခိုဖူးအံ့၊ ထမင်းတစ်လုပ်ရေတစ်မှုတ်မျှ စားသောက်ဖူးအံ့၊ ထိုအိမ်ရှင်အား အကျိုးမဲ့ဖြစ်စေရန် စိတ်ဖြင့်သော်မျှလည်း မကြံစည်အပ်။** ***(ဝိဓူရဇာတ်)***

"တစ်လုပ်စားဖူး သူ့ကျေးဇူး အထူးသိတတ်စေ"ဟူ၍ အဆိုရှိပါသည်။ စင်စစ် တစ်လုပ်စားဖူး သူ့ကျေးဇူးဟူသော စကားမှာ မိမိအား တစ်လုပ်တစ်ဆုပ်ကျွေးဖူးသောသူအား ကျေးဇူးတင်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ လူတို့၏နားမှာ တစ်လုပ်စားဖူး သူ့ကျေးဇူးဟူသော စကားကို နားယဉ်ပါးနေကြပြီဖြစ်သည်။ သို့သော် မည်မျှပင် ယဉ်ပါးသော စကားဖြစ်ပါစေ၊ မည်မျှပင် သုံးစွဲသောစကားဖြစ်ပါစေ အလေးမထားပါက ထိုစကားမှာ စကားသာဖြစ်သည်၊ လက်တွေ့ကျင့်ဆောင်ရမည့် အခြေအနေသို့ကား မရောက်ခဲ့ပေ။ ထိုစကား၏ အဓိပ္ပာယ်ကိုကား မဖော်ဆောင်ကြပေ။

မျက်မှောက်လောကကြီးကို ကြည့်မည်ဆိုလျှင် သတ္တဝါတိုင်း၊ လူတိုင်းသည် သူတစ်ထူး၏ ကျေးဇူးတရားနှင့် မကင်းနိုင်ကြပေ။ တစ်လုပ်ထမင်း၊ တစ်လုပ်ဟင်းကို ကျွေးခဲ့ဖူးသည်ဖြစ်စေ၊ ကာယအား၊ ဉာဏအားဖြင့်ဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာ ငွေကြေးအတတ်ပညာ စသည်

ဖြင့် ကူညီခဲ့သည်ဖြစ်စေ တစ်ခုမဟုတ်တစ်ခု ကျေးဇူးပြုမှု ရှိကြမည်မှာ အမှန်ပင်ဖြစ်သည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ဆရာနှင့်ဒကာ၊ အလုပ်ရှင်နှင့်အလုပ်သမား၊ လူကြီးနှင့်လူငယ်၊ အထက်နှင့်အောက် စသည်တို့မှာကား တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်ကျေးဇူးတင်ရှိနေကြသည်မှာ လောကမျက်မြင်ပင်ဖြစ်သည်။ အထူးပြောဆိုစရာ မလိုပေ။ သို့သော် ထို အပြန်အလှန် ကျေးဇူးသဘောကို သတိမထားတတ်ကြပေ။

ဤ၌ တစ်လုပ်စားဖူး သူ့ကျေးဇူးနှင့် ပတ်သက်၍ မြန်မာရာဇဝင်(သမိုင်း)ထဲက သာဓကတစ်ခုကို တင်ပြလိုပါသည်။

ပင်းယ ငါးစီးရှင်လက်ထက်က နောင်တော် အိမ်ရှေ့မင်းသားဥဇနာနှင့် ပင်လယ်မြို့စားကျော်စွာတို့သည် စစ်ကိုင်းစား ညီတော်စောယွန်းအား သတ်ရန် စီမံခဲ့ကြလေသည်။ ထို့ကြောင့် စောယွန်းအားသတ်ရန် ငခင်ညိုအား စေခိုင်းကြလေသည်။ ငခင်ညိုသည်စစ်ကိုင်းသို့ရောက်လျှင် ရုတ်တရက် နန်းတော်ထဲသို့ ဝင်မရဘဲပုန်းအောင်းနေရလေသည်။ ထိုနှစ်ရက်သုံးရက်အတွင်း ထမင်းဟင်းမစားရဘဲ နန်းတော်ထဲသို့ဝင်ရန် အလစ်ကိုစောင့်နေခဲ့ရလေသည်။ ထမင်းသုံးလေးနပ်မစားရဘဲ စောင့်ဆိုင်းနေခဲ့ရသော ငခင်ညိုသည်နန်းတော်ထဲသို့ ရုတ်ချည်းဝင်သွားလေသော် စောယွန်းနတ်တင်ထားသော ထမင်းကို သွားတွေ့လေသည်။ ငခင်ညိုမှာ အလွန်ဆာလောင်နေသူ ဖြစ်ရာကား နတ်တင်ထားသောထမင်းကို ယူစားပစ်လေသည်။ ထိုသို့ စောယွန်း၏ နတ်တင်ထမင်းကို စားရသဖြင့် ထမင်းတစ်နပ်စာစားရသော ထမင်းရှင်စောယွန်းကို သတ်ပါက ယခုဘဝတွင်လည်းကြီးစွာပျက်စီးခြင်းသို့ ရောက်ရမည်၊ နောင်သံသရာဘဝ၌လည်းအပါယ်လေးပါးတွင် တာရှည်စွာ ခံရမည်ဟု အောက်မေ့၍ ငခင်ညို

သည် စောယွန်းကို မသတ်ခဲ့ပေ။ သို့သော် ခေင်ညိုသည် စောယွန်းထံမှ ဓားနှင့်ကွမ်းခွက်ကို ယူခဲ့ပြီး ငါးစီးရှင်မင်းအား ဆက်သလိုက်လေသည်။

အကြောင်းစုံကို ပြန်ပြောင်းလျှောက်တင်သောအခါ ငါးစီးရှင်က ထမင်းတစ်နပ်မျှစားရသောသူ၏ ကျေးဇူးကို ဤမျှသိတတ်လေသော် နေ့စဉ်နှင့်အမျှ မ,စကြည့်ရှုထားသော သားမယားနှင့်တကွ သူကောင်းပြုပေးသော ငါ၏ကျေးဇူးတော်ကိုကား ခေင်ညိုသည် အဘယ်မှာ မသိဘဲရှိပါအံ့နည်းဟု ပြောဆို၍ ခေင်ညိုအား လွန်စွာယုံကြည်တော်မူလေသည်။ ချီးမြှင့်မြှောက်စား အားထားချစ်ခင်တော်မူလေသည်။

အချို့က ခေင်ညိုသည် တစ်သက်လုံးကျွေးမွေးသူ ငါးစီးရှင်စေခိုင်းသည်ကို မပြုလုပ်ဘဲ တစ်နပ်စာထမင်းရှင်၏ မျက်နှာကိုသာ ကြည့်သူဖြစ်သည်ဟု ဝေဖန်တတ်ကြလေသည်။ အမှန်မှာ ထိုသို့ မဟုတ်ပါဘဲ ငါးစီးရှင်ဝေဖန်ခံယူသလိုပင် တစ်နပ်စာ ထမင်းရှင်ကိုပင် ကျေးဇူးရှင်ဟုသိမြင်ခဲ့သော် ထမင်းနပ်များစွာကျွေးမွေးသူကိုကား ကျေးဇူးရှင်ဟု အသိအမှတ်ပြုမည်မှာ လွန်စွာသေချာလှပေသည်။ ခေင်ညိုလည်း ကျေးဇူးသိ၊ ငါးစီးရှင်လည်း ပညာရှိပင်ဖြစ်သည်။

ထို့ကြောင့် ဝိဓူရပျို့၌ -

**"များများမဟုတ်၊ တစ်လုပ်ထမင်း၊**

**တစ်လုပ်ဟင်းကို၊ ဝမ်းတွင်းလျှာနူး၊**

**သုံးရဖူးမူ၊ ထိုသသူအား၊**

**ပြစ်မှားတရံ၊ မနောကံမျှ၊**

**မကြံရပေ"** ဟု စပ်ဆိုခဲ့ပါသည်။

လူတို့သည် တစ်ရံတစ်ခါ ကျေးဇူးကို သိတတ်ကြသော်လည်း သိသည့်အတိုင်း ကျေးဇူးဆပ်ခွင့်မရဘဲ နေကြရသည်။ ကျေးဇူးတရား

ကို သိပါသော်လည်း အလွန်တရာ ဆင်းရဲနွမ်းပါးနေသော အခြေအနေကို ရောက်နေသူ၊ အကြောင်းအမျိုးမျိုးကြောင့် ကျေးဇူးဆပ်ခွင့်မရသူတို့ ရှိကြသည်။ သို့သော် ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်း သိထားလျှင်ပင် ထိုသူတို့အတွက် ကျေနပ်စရာဖြစ်သည်။ သို့သော် မလုံလောက်သေးပေ။

တစ်ခါက မုတ္တမသဘော်ာဆိပ် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လူများ လက်ဖက်ရည်သောက်နေကြသည်။ သူ့ဝိုင်းနှင့်သူ လက်ဖက်ရည် သောက်နေကြသူတို့ထံသို့ ပုဆိုးအင်္ကျီ ညစ်နွမ်းစွာ ဝတ်ဆင်ထားသော လူငယ်တစ်ဦးသည် ထို လက်ဖက်ရည်သောက်နေသူတို့ထံ ပိုက်ဆံလိုက်တောင်းနေသည်။ ပုဆိုးအင်္ကျီ သန့်သန့်ပြန့်ပြန့် ဝတ်ကောင်းစားကောင်းနှင့် လူရွယ်တစ်ဦးကလည်း စားပွဲခုံတစ်ခုတွင် တစ်ယောက်တည်း လက်ဖက်ရည်သောက်နေသည်။ ပိုက်ဆံ လိုက်တောင်းနေသော လူငယ်သည် ထိုခန့်ညားသောလူငယ် စားပွဲသို့ ရောက်လာသည်။ ထိုလူရွယ်က လက်ဖက်ရည်ရောင်းသူတို့အား အခြားစားပွဲတစ်ခုတွင် ထိုပိုက်ဆံလိုက်တောင်းနေသော လူငယ်အား လက်ဖက်ရည်နှင့် ၄င်းစားလိုသော မုန့်များကို ချပေးခိုင်းလေသည်။ ထိုခန့်ညားသောလူရွယ်က ထိုပိုက်ဆံလိုက်တောင်းသောလူငယ်အား မည်သို့မျှ မတော်စပ်ဘဲ သူ့စေတနာဖြင့် သက်သက်ကျွေးမွေးလိုက်ခြင်းဖြစ်သည်။

ပိုက်ဆံတောင်းသော လူငယ်သည် ခန့်ညားသောလူရွယ် ကျွေးမွေးသောအစားအစာများကို ဝလင်စွာသောက်စားပြီး ထိုလူရွယ် မျက်နှာကို သေချာတစ်ချက်လှည့်ကြည့်လေသည်။ ထိုလူရွယ်က ပြီးပြီလားဟု မေးလေရာ ထိုလူငယ်က ခေါင်းညိတ်လိုက်သည်။ ထို့နောက် ထိုလူရွယ်က လက်ဖက်ရည်ဆိုင်ရှင်ထံ မိမိအတွက်ရော ထိုလူငယ်

အတွက်ကိုပါ ရှင်းပေးလိုက်လေသည်။ ခန့်ညားသောလူရွယ်သည် ထိုပိုက်ဆံလိုက်တောင်းနေသော လူငယ်အား လက်ဖက်ရည် တိုက်လိုက်ခြင်းပင်ဖြစ်သည်။ ဘာသာရေးစကားနှင့်ပြောရလျှင် သူသည် လိုက်တောင်းနေသော လူငယ်အား ဒါနပြုလိုက်ခြင်းဖြစ်သည်။ သူတို့နှစ်ဦးသည် မည်သို့မျှလည်း မပတ်သက်ကြသလို မည်သို့မျှလည်း မတော်စပ် မသိကျွမ်းကြပေ။ ထိုမှနောက် ထိုသူတို့နှစ်ဦး မည်သည့်အခါမျှ မတွေ့ဆုံကြတော့။

နှစ်အားဖြင့် ၁၂-နှစ်လောက် ကြာညောင်းသော အချိန်အခါကာလဟု ခန့်မှန်းရသည်။ ခန့်ညားသောလူရွယ်သည် လူကြီးဖြစ်လာသည်။ ထိုအချိန်တွင် သူသည် ပီနန်ကို လှေဖြင့် မှောင်ခိုသွားခဲ့ရာ ပင်လယ်ဓားပြတိုက်ခံရလေသည်။ ခန့်ညားသောလူကြီး အပါအဝင် ပီနန်လှေသင်္ဘောမှ မှောင်ခိုသမားရှစ်ဦးတို့ကို ပင်လယ်ဓားပြတို့က ဖမ်းဆီးပြီး ကမ်းစပ်တစ်နေရာတွင် သေနတ်ဖြင့်သတ်ပစ်ရန် စီမံကြလေသည်။ ကမ်းစပ်ရောက်သောအခါ မှောင်ခိုသမားရှစ်ဦးလုံးကို ကြိုးဖြင့်တုပ်ထားသည်။ ထို့နောက် ကမ်းစပ်သို့ဆင်းခိုင်းသည်။ ထိုအခါ ဓားပြတစ်ဦးက ခန့်ညားသောလူကြီးအား ကြိုးကိုဖြုတ်ပေးပြီး ပြေးခိုင်းလေသည်။ နောက် ကျန်ခုနစ်ဦးကို ဓားပြများသတ်ပစ်လိုက်သည်ဟု ယူဆရလေသည်။

ခန့်ညားသောလူကြီးသည် သေကံမရောက် သက်မပျောက်ဘဲ ဓားပြတို့လက်မှ လွတ်မြောက်လာရလေသည်။ မှန်ပါသည်၊ သူ့အား ပြေးခိုင်းသော ဓားပြမှာ တခြားသူမဟုတ်၊ လွန်ခဲ့သော ၁၂-နှစ်ခန့်က သူလက်ဖက်ရည်တိုက်ခဲ့သော လူငယ်ပင်ဖြစ်သည်ကို ထိုလူကြီး သိရှိရလေသည်။ (ဆရာတော် ဦးဝဏ္ဏိတ၏ ပြောပြချက်ဖြစ်သည်။)

ထို့ကြောင့်လူသည် ဘဝအခြေအနေအရ ဆိုးခိုးတိုက်ခိုက်နေရသော်လည်း သူတစ်ထူး၏ ကျေးဇူးတရားကို သိနားလည်လျှင် ထိုသူ့ကို လူတော်ဟု ဆိုနိုင်ပါသည်။ ဤနေရာ၌ ဆရာကြီး ဦးကျော်ထွန်း၏ မင်္ဂလာဟောပြချက်မှ ရှေးမြန်မာများ သူတစ်ထူး၏ကျေးဇူးသိတတ်ပုံ ဟောပြောချက် သတိရမိ၏။ ကျေးဇူးသိတတ်ခြင်း (ကတညုတမင်္ဂလာ)ကို တန်ဖိုးထားသော လူဆိုးဓားပြတို့သည်ပင် မိမိတို့အပေါ် ကျေးဇူးရှိသောနယ်ကို ဓားပြမတိုက်ကြ။ နယ်လွန်၍ ဓားပြတိုက်တတ်ကြပုံကို ကတညုတမင်္ဂလာနှင့်စပ်၍ ပြောဆိုသည်မှာ လွန်စွာမှတ်သားထိုက်ပေသည်။

ထို့ကြောင့် ဇာတကပါဠိတော်၌လည်း ဤသို့မိန့်ဆိုထားပါသည်။

**"ယဿေဝ ဃရေ ဘုဉ္ဇေယျ ဘောဂံ၊ တဿေဝအတ္ထံ ပုရိသော စရေယျ"** *(ဇာ-၂၊ ၂၀၈)*

အကြင်သူ၏အိမ်၌ စည်းစိမ်ချမ်းသာ စားသောက်ဖွယ်ရာကို သုံးဆောင် စားသောက်သောသူသည် ထိုသူ (မိမိကျေးဇူးရှင်) ၏ အကျိုးစီးပွားကိုသာ ပြုကျင့်ဆောင်ရာ၏ဟု မိန့်ဆိုထားပါသည်။

## (၁၀) ကျေးဇူးသိတတ်သော ရန်လုံ

ကျေးဇူးတရားနှင့်ပတ်သက်၍ တစ်ရံတခါ တိရစ္ဆာန်တို့သည်ပင် လူထက် ကျေးဇူးသိတတ်ကြသည်ကို တွေ့ရပါသည်။ ဇာတ်တော်ထဲ၊ နိပါတ်တော်ထဲမှာလည်း လူထက်ကျေးဇူးသိတတ်သော တိရစ္ဆာန်တို့အကြောင်း များစွာပါရှိပေသည်။

ကိုမောင်ကြီးတွင် ၃-လသားကပင် မွေးစားထားသော ရန်လုံဆိုသော ခွေးတစ်ကောင်ရှိသည်။ ရန်လုံသည် အမွေးအနီရောင်ရှိသည်။ ထွားထွားကျိုင်းကျိုင်းနှင့် လျှာမည်း ခြေအတက်ပါသည်။

ကိုမောင်ကြီးကို အလွန်ခင်မင်သည်။ ရန်လုံအား နေ့ညထမင်းအမြဲ ကျွေးနေသော ကိုမောင်ကြီးကို ရန်လုံသည် မျက်စိအောက်က အပျောက်မခံ။ ကိုမောင်ကြီးသွားရာကို နောက်ကတကောက်ကောက် လိုက်ပါတတ်သည်။ ကိုမောင်ကြီးမောပန်း၍ အိပ်နေလျှင် ရန်လုံက ကိုမောင်ကြီးအနားမှာ စောင့်နေသည်။ ကိုမောင်ကြီးအား စောင့်ရှောက်ခြင်းဖြစ်သည်။ တစ်ခါက ကိုမောင်ကြီးနှင့် ငယ်သူငယ်ချင်းဖြစ်သော ကိုတင်ထွန်းတို့သည် အမှတ်မထင် ကိုမောင်ကြီးကို လမ်းတွင်တွေ့၍ ဝမ်းသာအားရနှင့် တစ်ဦးကိုတစ်ဦး နပမ်းလုံးသလို ပွေ့ဖက်ကြလေသည်။ ကိုမောင်ကြီးကလည်း ကိုတင်ထွန်းကို ပွေ့ဖက်ပြီး နပမ်းလုံးသလို ပွေ့ဖက်သည်။

ဤသည်ကို ရန်လုံက သူ့ထမင်းရှင် ကိုမောင်ကြီးကို ကိုတင်ထွန်း ရန်လုပ်သည်ဟုမှတ်ထင်၍ ကိုတင်ထွန်းကို ရန်လုံက ဝင်ကိုက်လေသည်။ ကိုတင်ထွန်းမှာ လွန်စွာစိတ်ဆိုးကာ ရန်လုံကိုသတ်မည်ဟု တကဲကဲဖြစ်နေလေသည်။

ကိုမောင်ကြီးက သူ့ခွေးရန်လုံ သူ့အပေါ် ကျေးဇူးသိတတ်ပုံ၊ သစ္စာရှိပုံကို ပြောပြပြီး တောင်းပန်မှ ကိုတင်ထွန်းကျေနပ်သွားလေသည်။

ဤသည်မှာ တစ်လုပ်စားဖူးသူ့ကျေးဇူးကိုသိသော ခွေး ရန်လုံ၏ ထမင်းရှင်အပေါ် ကျေးဇူးသိပုံဖြစ်သည်။

အချို့လူတို့သည် ရန်လုံလောက် ကျေးဇူးတရားအပေါ် အသိမရှိကြ။ လူဖြစ်လျှင် ရန်လုံထက်တော့ သာဖို့လိုပါသည်။

## (၁၁) သူတစ်ထူး၏ကျေးဇူးကို သိတတ်ဖို့လိုသည်

သူတစ်ထူး၏ကျေးဇူးတရားကို သိတတ်သည့်နေရာတွင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ လက်ျာတော်ရံ အရှင်သာရိပုတ္တရာမထေရ်သည် အလွန်စံထားထိုက်သော ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။

အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံသို့မရောက်မီ သိဥ္စည်းဆရာကြီးထံ၌ မှီခိုနေခဲ့ရသည်။ ထိုဆရာကြီးထံတွင် မိမိကျေနပ်လောက်သော တရားထူးကို မရရှိခဲ့ပေ။ တစ်နေ့တွင် ပဥ္စဝဂ္ဂီငါးဦးတွင် အငယ်ဆုံးဖြစ်သော အရှင်အဿဇိမထေရ် အထံတော်မှ **"ယေဓမ္မာ ဟေတုပ္ပဘာဝါ"** စသော ဂါထာဝက်တရားတော်ကို နာယူလိုက်ရသော အချိန်အခါမှစ၍ သစ္စာလေးပါးကို သိမြင်ခဲ့ရလေသည်။ ထိုအချိန်မှစ၍ အရှင်သာရိပုတ္တရာသည် အရှင်အဿဇိမထေရ်အား သူရှာဖွေနေသော အမတဓမ္မ(မသေတရား)ကို ပေးနိုင်သောဆရာဟု ကျေးဇူးတင်မိလေသည်။

အရှင်အဿဇိမထေရ်သည် အရှင်သာရိပုတ္တရာအတွက် အသိဉာဏ် အလင်းရောင်ကို ဖွင့်ပေးသောဆရာ၊ ဘဝအတွက် တန်ဖိုးမဖြတ်နိုင်သောဆရာ ဖြစ်လေသည်။ အရှင်သာရိပုတ္တရာသည် ထိုကျေးဇူးတို့ကို နှလုံးအသည်းတွင် စွဲနေအောင် မှတ်ယူထားလေသည်။

ဤတွင်မကသေးပါ၊ သူတရားထူးရလာသောအခါလည်း သူ၏ သူငယ်ချင်းဖြစ်သော ကောလိတ(အရှင်မဟာမောဂ္ဂလာန်) အား သူရရှိသောတရားထူးကို ပြောပြလေသည်။ ဤသို့ သူငယ်ချင်း အပေါ်လည်း ကျေးဇူးစောင့်သိသူဖြစ်သည်။

အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံသို့ရောက်၍ ရဟန်းဝတ်ပြီးသောအခါ နောင်တွင် လက်ျာတော်ရံ ဧတဒဂ်ဘွဲ့ထူးကြီးကို ရရှိခဲ့ပါသည်။ သို့ပင်ငြားလည်း အရှင်သာရိပုတ္တရာသည် သူ၏ လက်ဦး

ဆရာဖြစ်သော အရှင်အဿဇိကို ဘယ်သောအခါမှ မမေ့ပေ။ ညစဉ် အိပ်တော့မည်ဆိုလျှင် အရှင်အဿဇိသီတင်းသုံးရာဘက်သို့ ဦးခေါင်း ထား၍ အိပ်တော်မူလေ့ရှိပါသည်။ ဤသည်မှာ အရှင်သာရိပုတ္တရာ သည် သူ၏ကျေးဇူးရှင်အား ကျေးဇူးတုန့်ပြန်ပုံတစ်ခုဖြစ်သည်။

အရှင်သာရိပုတ္တရာသည် သူ၏ပထမဆုံးဆရာဖြစ်သော သိဥ္စည်း ဆရာကြီးကိုလည်း ဗုဒ္ဓမြတ်စွာအထံတော်မှာ အမှန်တရားကိုကျင့်သုံး ရန် ခေါ်ဆောင်ပါသေးသည်။ ဆရာကြီး၏ အယူဝါဒတို့သည် မည် သို့မျှ လောကသားတို့အား အကျိုးပြုမည့်ဝါဒ မဟုတ်ကြောင်း၊ လောက၌ ဘုရားရှင်မှတစ်ပါး အခြားမည်သူမျှ အမှန်တရားကိုမဟော နိုင်ကြောင်း အမျိုးမျိုးအဖုံဖုံပြောဆိုကာ သူ့ဆရာကြီး အကျိုးမဲ့ပျက်စီး သွားမှာကို အလွန်စိုးရိမ်ရှာသည်။ သို့သော်လည်း သိဥ္စည်းဆရာကြီး မှာ ခေါင်းမာသည့်ဆရာဖြစ်နေ၍ သူဘယ်လိုမှခေါ်၍မရခဲ့ပေ။ ဆရာ့ ကျေးဇူးကို ဆပ်ချင်ပါသော်လည်း ဘယ်လိုမှမတတ်နိုင်ခဲ့ပါ။ ဤသည် မှာ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ကျေးဇူးသိတတ်ပုံတစ်ခုဖြစ်ပါ သည်။

နောက်တစ်ခုမှာ ပုဏ္ဏားကြီးတစ်ယောက်သည် ရဟန်းဝတ်ချင် လွန်း၍ ကျောင်းတိုက်အတွင်းသို့ဝင်ရောက်ကာ တွေ့သမျှရဟန်းအား ရဟန်းဝတ်ပေးဖို့အကြောင်း လျှောက်ထားလေသည်။ ရဟန်းတော် များက ပုဏ္ဏားကြီး၏ အသက်အရွယ်ကိုကြည့်ပြီး ရဟန်းဝတ်မပေး သင့်ဟု ထင်ကြ၏။ ထို့ကြောင့် ထိုပုဏ္ဏားအိုကြီးအား မည်သည့်ရဟန်း ကမျှ ရဟန်းဝတ်ပေးမည်ဟု မပြောကြ။ ပုဏ္ဏားကြီးအား ရဟန်း ဝတ်မပေးနိုင်ဟု ပြောဆိုလွှတ်လိုက်ကြလေသည်။

ပုဏ္ဏားကြီးသည် သဒ္ဓါတရားစစ်စစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်လိုသူဖြစ်သည်။ ဒုက္ခ၏ ကုန်ခန်းရာအကျင့်ကို ကျင့်လိုသူဖြစ်သည်။

ထို့ကြောင့် ရဟန်းဘဝကို တောင့်တခြင်းဖြစ်သည်။ ပုဏ္ဏားကြီး ခံယူထားသည်မှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် တရားကို အားထုတ်ဖို့ရန်မှာ ရဟန်းဘဝသည်သာ အကောင်းဆုံးဖြစ်သည်ဟု ခံယူလေသည်။ ယခုမူ သူ့ကို မည်သည့်ရဟန်းကမျှ ရဟန်းဝတ်မပေးကြ၊ သူလျှောက်ထားသမျှ ရဟန်းများက ငြင်းလွှတ်လိုက်ကြသည်။ ဤအဖြစ်ကို တွေးမိတိုင်း ပုဏ္ဏားကြီးခမျာ စိတ်နှလုံးမသာမယာဖြစ်ကာ မစားနိုင် မသောက်နိုင် ကြုံလှီပိန်ချုံးသည့်အဖြစ်သို့ ရောက်သွားလေသည်။

ဤပုဏ္ဏားကြီး၏ အကြောင်းကို ဘုရားရှင် ကိုယ်တော်တိုင် ကြားသိတော်မူသောအခါ "ပုဏ္ဏားကြီး၊ ဘာဖြစ်လို့ ဒီလောက်ပိန်ချုံးသွားရတာတုန်း" ဟု ရဟန်းတော်များကို မေးတော်မူလေသည်။ အကြောင်းအရာအားလုံးကို ရဟန်းတော်များက မြတ်စွာဘုရားအား လျှောက်ထားလိုက်ကြသည်။

ထိုအကြောင်းကို ဘုရားရှင်သိရှိတော်မူသောအခါ ရဟန်းတော်များကို စုဝေးစေပြီးနောက် "ရဟန်းတို့၊ ဒီပုဏ္ဏားကြီး၏ ကျေးဇူးကို ဘယ်သူအမှတ်ရသလဲ" ဟုမေးတော်မူလိုက်လေသည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်က "မြတ်စွာဘုရား၊ ဒီပုဏ္ဏားကြီး၏ကျေးဇူးကို တပည့်တော်အမှတ်ရပါသည်ဘုရား" ဟု လျှောက်လေသည်။

မြတ်စွာဘုရားက "သာရိပုတ္တရာ၊ သင်သည် ပုဏ္ဏားကြီး၏ အဘယ်သို့သော ကျေးဇူးကို အမှတ်ရပါသလဲ" ဟု မေးတော်မူသောအခါ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား လက်အုပ်ချီလျက် "မြတ်စွာဘုရား၊ တပည့်တော်သည် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်စဉ်က ဤပုဏ္ဏားကြီးသည် တပည့်တော်အား ဆွမ်းတစ်ဇွန်း လောင်းဖူး

ပါသည် မြတ်စွာဘုရား၊ ထိုကျေးဇူးကို တပည့်တော် အမှတ်ရနေပါသည်ဘုရား” ဟု လျှောက်ထားလိုက်လေသည်။

အရှင်သာရိပုတ္တရာ၏ စကားအဆုံးတွင် ဘုရားရှင်က “သာရိပုတ္တရာ၊ ကောင်းလေစွ ကောင်းလေစွ။ သူတော်ကောင်းတို့သည် သူတစ်ပါးတို့၏ ကျေးဇူးကိုလည်း သိတတ်ကြသည်၊ သိသည့်အတိုင်းလည်း ပေးဆပ်လေ့ရှိကြသည်၊ ဤပုဏ္ဏားကြီးကို သင်သာရိပုတ္တရာကိုယ်တော်တိုင်ပဲ ရဟန်းဝတ်ပေးလိုက်ပါ” ဟု မိန့်တော်မူလေသည်။

အရှင်သာရိပုတ္တရာသည် ထို ရာဓပုဏ္ဏားကြီးအား ဆွမ်းတစ်ဇွန်းလောင်းလှူခဲ့ဖူးသော ကျေးဇူးကို ထောက်ထား၍ ရာဓပုဏ္ဏားကြီးကို ရဟန်းပြုပေးပြီး ကျေးဇူးတုန့်ပြန်ခဲ့လေသည်။

ဆွမ်းတစ်ဇွန်းဟူသော ပမာဏသည် အလွန်ပင်နည်းပါးလှပါသော်လည်း သူပြုဖူးသောကျေးဇူးကို သိတတ်သော မထေရ်မြတ်ကြီး၏ စိတ်ဓာတ်ကား အလွန်လေးစား အတုယူဖွယ်ကောင်းလှပါသည်။

မထေရ်ကြီး၏ ကျေးဇူးသိတတ်လှပုံကား ဤမျှသာမဟုတ်သေးပါ။ မိမိ ပရိနိဗ္ဗာန်ပြုချိန်တွင်လည်း မိမိ၏မွေးမိခင် မိစ္ဆာဒိဋ္ဌိ ပုဏ္ဏေးမကြီးအား အမြင်မှန်ရအောင် သောတာပန် ဖြစ်လာသည်အထိ စွမ်းဆောင်ပြီး ကျေးဇူးဆပ်ခဲ့ပါသည်။ ထို့ပြင် အခြားအခြားသော ကျေးဇူးရှင်တို့အားလည်း အခွင့်ရတိုင်း ကျေးဇူးပေးဆပ်တတ်သူမှာ အရှင်သာရိပုတ္တရာ မထေရ်ကြီးပင်ဖြစ်သည်။ အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရား သာသနာတော်၌ သူတစ်ထူး၏ကျေးဇူးကို အထူးသိတတ်သူအဖြစ် ထင်ရှားသော မထေရ်မြတ်ကြီးတစ်ပါး ဖြစ်ပါသည်။

# (၁၂) ကျေးဇူးသိတတ်သော ဥတ္တရာ

ကျေးဇူးတရားသည် အကောင်အထည် ဒြပ်အနေဖြင့် လက်ညှိုးညွှန်ပြ၍မရကောင်းသော်လည်း ကျေးဇူးသိတတ်သူတို့၏အသိတရားပေါ်တွင် အမြဲတည်ရှိနေသောအရာဖြစ်သည်။ ကျေးဇူးတရားသည် သစ္စာတရား၊ မေတ္တာတရားတို့နှင့် ဆက်နွယ်ပေသည်။ အသိတရားကို အခြေခံပြီး ပေါ်ပေါက်လာသောအရာဖြစ်သည်။ ဆင်ခြင်တုံတရား၊ အကြင်နာတရားတို့နှင့် ဆက်စပ်သည်။ ထို့ကြောင့် အသိတရားရှိသူ၊ သစ္စာရှိသူ၊ မေတ္တာတရားကို လက်ကိုင်ထားသူ၊ ဆင်ခြင်တတ်သူ၊ ကြင်နာတတ်သူတို့သည် ကျေးဇူးတရားကို တန်ဖိုးထားတတ်ကြပါသည်။

ကျေးဇူးတရားကို များသည်နည်းသည်ဟု သဘောမထားပါဘဲ မိမိအား တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းအောင် ဆောင်ကြဉ်းပေးပါက ကျေးဇူးရှိသည်ဟုပင် မှတ်ယူရပါမည်။ သာဓကများကို လေ့လာကြည့်လျှင် -

မြတ်စွာဘုရားလက်ထက်တော်က သူဌေးပုဏ္ဏားနှင့် ဇနီးဥတ္တရာတို့တွင် သမီးတစ်ဦးထွန်းကားသည်။ ထိုသမီးကိုလည်း ဥတ္တရာဟုပင်ခေါ်သည်။ ၎င်းတို့မိသားစုသုံးဦးသည် မြတ်စွာဘုရားအထံတော်မှ တရားတော်ကို နာကြားကြရ၍ သောတာပန်တည်ကြလေသည်။ သို့သော် သမီးဥတ္တရာသည် နောင်အခါတွင် ဘာသာအယူမတူသူ ပုဏ္ဏားသူဌေးသားတစ်ဦးနှင့် အိမ်ထောင်ကျလေသည်။ အိမ်ထောင်ကျပြီးနောက် လင့်အိမ်သို့ လိုက်နေရလေသည်။ ထိုအခါ ဥတ္တရာမှာ ရဟန်းသံဃာတော်တို့ကို ဖူးမြော်ခွင့်လည်းမရ၊ အလှူပေးခွင့်လည်း မရဘဲ စိတ်ဆင်းရဲနေရလေသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ မိမိဖခင်ကြီးထံ အကြံဉာဏ် အကူအညီတောင်းလေရာ ဖခင်ကြီးက သမီးဥတ္တရာအား ဤသို့ အကြံပေးလေသည်။

"ချစ်သမီး၊ မိမိကုသိုလ်ပြုခွင့်ရအောင် သင်၏ခင်ပွန်းအတွက် ပြည့်တန်ဆာမ သီရိမာကို အသပြာတစ်ထောင်ပေးပြီးငှားပါ။ လိုသောငွေကို ဖခင်ကြီးပေးပါမည်" ဟုလည်း မှာလိုက်လေသည်။

ဥတ္တရာသည် ဖခင်ကြီးအကြံပြုသည့်အတိုင်း သီရိမာကိုငှား၍ မိမိ၏ခင်ပွန်းသည်ကို အပ်နှင်းလေသည်။ ဥတ္တရာသည် ၁၅-ရက်တိုင်တိုင် အလှူဒါနကုသိုလ် ပြုလိုကြောင်းကို လင့်ထံတွင် မေတ္တာရပ်ခံ ခွင့်ပန်လေသည်။

ဥတ္တရာ၏ခင်ပွန်းသည် သီရိမာကို မြင်တွေ့သောအခါ လွန်စွာသဘောကျ၍ ဥတ္တရာအား ခွင့်ပေးလိုက်လေသည်။ ဥတ္တရာသည် ခွင့်ရသောအခါ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များကို တခြားနေရာသို့ မကြွစေဘဲ မိမိအိမ်မှာ ဆွမ်းခံကြွရန် လျှောက်ထားလေသည်။ ဥတ္တရာသည် အိမ်စေများနှင့်အတူ ကိုယ်တိုင်စီမံချက်ပြုတ်၍ ဆွမ်းလောင်းလှူလေသည်။

ဥတ္တရာ မီးဖိုချောင်တွင် လှုပ်ရှားနေသော အမူအရတို့ကိုကြည့်၍ ခင်ပွန်းသည်က မဲ့ပြုံး(မချိပြုံး) ပြုံးသည်ကို သီရိမာ ပြည့်တန်ဆာမ မြင်တွေ့လေသည်။ သီရိမာသည် "ဤသူဌေးသားကား ဘယ်ကိုကြည့်၍ ပြုံးသနည်း" ဟု စုံစမ်းလို၍ ပြတင်းပေါက်မှတဆင့် လှမ်းကြည့်မိလေရာ ဥတ္တရာကို မြင်တွေ့လေသည်။ သီရိမာသည် မိမိ၏ အငှားမယားဘဝကိုမေ့ပြီး ဥတ္တရာအပေါ် မနာလိုစိတ်ဖြစ်လေသည်။

ထို့ကြောင့် သီရိမာသည် ဥတ္တရာရှိရာ မီးဖိုချောင်သို့လာပြီး မုန့်ကြော်သော ထောပတ်ဆီပူကို ဇွန်းဖြင့်ခပ်ယူပြီး ဥတ္တရာထံ ပက်

လောင်းမည်ဟု သွားလေသည်။ ဥတ္တရာသည် သီရိမာကို မြင်တွေ့လိုက်သောအခါ "ငါ၏သူငယ်ချင်းမ သီရိမာသည် ငါ့အတွက် အလွန်ကျေးဇူးကြီးလှသည်။ စကြဝဠာသည် အလွန်ကျဉ်းသေး၏၊ ဖြဟ္မာ့ပြည်သည် နိမ့်သေး၏။ ငါ့သူငယ်ချင်းမ သီရိမာ၏ ကျေးဇူးကားအလွန်ကြီးမား များပြား၏။ ငါသည် သီရိမာကို အကြောင်းပြု၍လျှုဒါန်းခွင့်၊ တရားနာခွင့်ရပေသည်"

ဤသို့ စသည်ဖြင့် နှလုံးသွင်း၍ သီရိမာအပေါ် မေတ္တာထားလေရာ သီရိမာလောင်းသော ဆီပူသည် ရေခဲတမျှ အေးမြသွားလေသည်။

ဤသို့ဖြစ်ရသည်မှာ ဥတ္တရာ၏ သီရိမာအပေါ် ကြံဖန်တွေးမြင်တတ်သော ကျေးဇူးတရားကြောင့်ပင်ဖြစ်သည်။ အချို့သူတို့သည် ကျေးဇူးကို ကြံဖန်၍တင်တတ်ကြသည်။ တစ်ခါက ခြေသံပြတိုက်ခံရသူလူကြီးတစ်ဦးက "ခြေသံပြများကို ကျေးဇူးတင်သည်" ဟု ပြောဆိုသည်ကို သိလိုသူများက "ဘာကြောင့်ပါလဲ" ဟုမေးလေရာ "အိမ်ကိုမီးမရှို့၊ လူကိုလည်းမသတ်ဘဲ ထားခဲ့လို့ပေါ့။ အိမ်ကိုမီးရှို့ထားခဲ့ရင် နေစရာလည်း ရှိမှာမဟုတ်ဘူး၊ အသက်ကို သတ်ထားခဲ့ရင် အခုလို ဒင်းတို့နဲ့လည်း စကားပြောဆိုရမှာ မဟုတ်ဘူး" ဟု ပြန်ပြောလေသတဲ့။

ကျေးဇူးတရားကို ရှာကြံ၍ တင်တတ်လျှင် အားလုံး ကျေးဇူးတင်စရာပင် ဖြစ်သည်။

## (၁၃) ကျေးဇူးသိတတ်သော အယ်ရိုကကာဠကနွားလား

တိရစ္ဆာန်ပင် ဖြစ်လင့်ကစား ဘုရားလောင်း အယျိကကာဠက နွားမည်းကြီး၏ ကျေးဇူးသိတတ်ပုံမှာ လွန်စွာအတုယူစရာကောင်းလှ ပေသည်။

ဗာရာဏသီမြို့၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် နွားမျိုး၌ ဖြစ်လေသည်။ ထိုနွားကို နွားပိုင်ရှင်တို့က အိမ်ရှင်အဘွားအို အား အိမ်နေခအဖြစ် ပေးလိုက်လေသည်။ အဘွားအိုသည် ထိုနွား ကို ယာဂုထမင်း စသည်ကို ကျွေးမွေး၍ မွေးစားလေသည်။ ထိုနွား အမည်ကိုလည်း အယျိကကာဠကဟူ၍ အမည်ပေးလေသည်။

ထို အယျိကကာဠက နွားမည်းကြီးသည် တစ်နေ့တွင် ဤသို့ စဉ်းစားလေသည်။ "ငါ့ကိုကျွေးမွေးသော အဘွားအိုသည် ဆင်းရဲလွန်း သည်၊ ငါ့ကိုလည်း သားကဲ့သို့ မွေးမြူလာခဲ့သည်၊ ငါ့လုပ်အားဖြင့် မိခင်အိုကို ဆင်းရဲခြင်းမှလွတ်မြောက်အောင် ပြုလုပ်ရလျှင် ကောင်း မည်" ဟု စဉ်းစားမိလေသည်။

သို့နှင့်နေလေရာ လှည်းကုန်သည်သားတို့၏ လှည်းငါးရာတို့ သည် ရွှံ့နွံတောထဲတွင် ကျွံနစ်သွားလေရာ မည်သို့မျှပင် ရုန်း၍မရ ဖြစ်နေလေသည်။ အယျိကကာဠက နွားမည်းကြီးသည် ရွာထဲမှ နွား များနှင့်အတူ ၎င်းလှည်းများရှိရာသို့ရောက်လာသည်။ လှည်းကုန်သည် သားများက အယျိကကာဠက နွားမည်းကြီးကို တွေ့လိုက်ရသည်နှင့် အာဇာနည်ဥသဘနွားဖြစ်ကြောင်း သိကြလေသည်။ ထို့ကြောင့် "လှည်းတစ်စီးလျှင် အသပြာငွေတစ်ထောင်ပေးပါမည်" ဟု ပြောဆို ကာ အယျိကကာဠက နွားမည်းကြီးကို ဖမ်းယူ၍ လှည်းများကို ဆွဲထုတ်ခိုင်းကြလေသည်။ အယျိကကာဠက ရုန်းလိုက်သောအခါ လှည်းငါးရာလုံး ကုန်းမြေပေါ်သို့ ရောက်သွားခဲ့ကြလေသည်။

သို့ရာတွင် လှည်းကုန်သည်သားသည် ငွေအသပြာ ငါးရာမျှကို အဝတ်ဖြင့်ထုပ်စည်း၍ အဃျိကကာဋ္ဌက၏ လည်ပင်းတွင် ချည်ဆွဲပေးလေသည်။ ယင်းကို အဃျိကကာဋ္ဌကနွားက သိသောကြောင့် သူသည် ထိုနေရာမှ ထွက်မသွားဘဲ လှည်းများ၏ရှေ့မှ လှည်းသွားလမ်းကို ပိတ်ထားလိုက်သည်။

ထိုအခါ လှည်းကုန်သည်သားသည် နောက်ထပ် ငွေငါးရာကို နွား၏လည်ပင်းတွင် ဆွဲပေးလျက် ဤငွေထုပ်သည် သင် ကာဋ္ဌက၏ လုပ်အားခဖြစ်သည်ဟု ပြောဆိုလိုက်မှ အဃျိကကာဋ္ဌက နွားမည်းကြီးသည် လမ်းဖွင့်ပေးကာ သူ၏အဘွားအိုရှိရာအရပ်သို့ အလျင်အမြန် ပြေးသွားလေတော့သည်။

ငါးရာ့ငါးဆယ်ဒုကနိပါတ် ဂုဏဇာတ်တော်၌ အလောင်းတော် ခြင်္သေ့မင်းသည် မိမိန္ဒွထဲ၌ နစ်နေစဉ် ကူညီခဲ့သော မြေခွေးကို တစ်ချိန်တွင် သားမယားများပါ ခေါ်ယူထားပြီး အစားအစာ ရှာဖွေ ကျွေးမွေး၍ ကျေးဇူးဆပ်ခဲ့ပါသည်။

ကုရုင်္ဂဇာတ်၌လည်း ဘုရားလောင်း ကုရုရင်္ဂသမင်၊ အရှင်သာရိပုတ္တရာအလောင်း ခေါက်ရှာငှက်၊ အရှင်မဟာမောဂ္ဂလာန်အလောင်း လိပ် ဟူသော မိတ်ဆွေကောင်းသုံးဦးတို့သည် ရောက်လာသော ဘေးရန်ကို ညီညာစွာတွန်းလှန်၍ အချင်းချင်း အသက်ပေးကူညီကာ ကျေးဇူးတုန့်ပြန်ခဲ့ကြလေသည်။

ဤသည်မှာ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ကျေးဇူးရှင်အား ကျေးဇူးသိတတ်ကြပုံပင် ဖြစ်ပါသည်။ လူသည် တိရစ္ဆာန်ထက်ပင် အသိဉာဏ်ပိုသော်လည်း ကျေးဇူးတရားနှင့် ပတ်သက်လာလျှင် အချို့လူတို့မှာ တိရစ္ဆာန်ထက်ပင် မိုက်မဲတတ်ကြသည်။ ထို့ကြောင့် ကျေးဇူးတရားသည် လူတို့အတွက် အလေးထားရမည့်အရာပင် ဖြစ်သည်။

## (၁၄) ဆရာတော်တစ်ပါး၏ ကျေးဇူးသိပုံ

ဆရာတော် ဦးသုဇာတသည် ရန်ကုန်မြို့၌ ဘုန်းကံကြီးမားသော ဆရာတော်တစ်ပါးဖြစ်သည်။ ဆရာတော်မှာ အစစအရာရာ လိုလေသေးမရှိ၍ အားလုံးပြည့်စုံသူဖြစ်သည်။ သို့သော် ဆရာတော် ဦးသုဇာတသည် ငယ်စဉ်က ကျန်းမာရေးကောင်းသူ မဟုတ်ပေ။ စာသင်သားဘဝတွင် ချို့တဲ့စွာနေထိုင်ခဲ့သူဖြစ်သည်။ စာသင်သား ရှင်သုဇာတဘဝတွင် မပြည့်မစုံနှင့် စာသင်ခဲ့ရလေရာ ရှင်သုဇာတမှာ မိတ်ဆွေအပေါင်းအသင်းလည်း နည်းပါးသည်။

တစ်ခါသော် ရှင်သုဇာတသည် ပဲခူးမြို့၌ စာသွားသင်ရန် စာသင်တိုက်ကြီး တစ်တိုက်သို့ ဝင်လေသည်။ စာသင်သားသဘာဝအတိုင်း မိမိဆွမ်းကိစ္စအတွက် ဆွမ်းခံအိမ်ဖိတ်ရသည်။ ဆွမ်းခံဖိတ်ရန်မှာ စာသင်သားများအတွက် ဝန်လေးသောအလုပ်တစ်ခုဖြစ်သည်။ ပဲခူးမြို့ကား ရဟန်းသံဃာ အလွန်များသော မြို့တစ်မြို့ဖြစ်သည်။ အိမ်တစ်အိမ်တွင် ထိုင်ဆွမ်းခံကြွသော ရဟန်းသံဃာ ၁၅ ပါး အပါး ၂၀ အထိရှိတတ်သည်။ ထို့ကြောင့် စာသင်သားများအတွက် ဆွမ်းဖိတ်ရသည်မှာ အနည်းငယ် ခက်ခဲသောသဘောရှိသည်။

ရှင်သုဇာတ၏ ဆွမ်းခံဖိတ်ရန် အခက်အခဲကို ထိုစာသင်တိုက်၌ လူဟောင်းဖြစ်နေသော ရှင်ခေမာစာရက ကူညီဖြေရှင်းပေးလေသည်။ ရှင်သုဇာတမှာ ရှင်ခေမာစာရ ဖိတ်ပေးသောကြောင့် ဆွမ်းခံအိမ် ဆယ့်တစ်အိမ်လောက် ရရှိလေသည်။ ထိုဆွမ်းခံအိမ်တို့၏ လှူဒါန်းမှုဖြင့် ရှင်သုဇာတမှာ ထိုကျောင်းမှနေ၍ စာမေးပွဲများ အောင်မြင်သွားလေသည်။

ထိုအချိန်မှစ၍ ရှင်သုဇာတနှင့် ရှင်ခေမာစာရတို့မှာ လူချင်း မတွေ့မဆုံကြဘဲ အနှစ် ၂၅ နှစ်ကျော်နီးပါး ကွဲကွာသွားကြလေသည်။

ထိုအခါ ရှင်ခေမာစာရက ကိုခင်အောင်အဖြစ်နှင့် လူ့ဘဝ၊ လူ့လောကတွင် ကလေးသုံးယောက်အဖေဘဝဖြင့် ရုန်းကန်နေရလေသည်။

ရှင်သုဇာတမှာ အထက်က ပြောခဲ့သည့်အတိုင်း ရန်ကုန်မြို့တွင် စာတတ်ပေတတ် ဆရာတော်တစ်ပါးအဖြစ်ဖြင့် ဘုန်းကံကြီးမားနေလေသည်။

ရန်ကုန်မြို့တစ်နေရာတွင် ဈေးရောင်းနေသော ကိုခင်အောင်ကို ဆရာတော်ဦးသုဇာတ တွေ့မြင်လေသောအခါ လွန်စွာသနားမိလေသည်။ မိမိစာသင်သားဘဝတွင် ဆွမ်းခံအိမ်ဖိတ်ပေးခဲ့သော သူ၏ကျေးဇူးကိုလည်း တရေးရေး မြင်ယောင်လာလေသည်။ သို့နှင့် ဆရာတော်က ကိုခင်အောင်ကိုခေါ်ပြီး နှုတ်ဆက်စကားပြောကာ သူ့ကျောင်းကို လာဖြစ်အောင်လာဖို့ အကြိမ်ကြိမ်မှာပြီး လောလောဆယ် ဝတ္ထုငွေ ၂၅၀၀/-ကျပ် ပေးလေသည်။

ကိုခင်အောင်သည် နှစ်ပေါင်းနှစ်ဆယ်ကျော် ကွဲကွာနေသော ငယ်သူငယ်ချင်းဆရာတော်ထံ ပန်းသီးသုံးလုံးကို ယူဆောင်ပြီး သွားရောက်လေသည်။ ထိုအခါ ဆရာတော်က သူ၏လုပ်ကိုင်စားသောက်ရပုံများကို မေးမြန်းပြီး "ကိုခင်အောင်ဟာ တစ်ချိန်က ဘုန်းကြီးအပေါ် ကျေးဇူးရှိခဲ့ဖူးတယ်၊ အဲဒီကျေးဇူးကို ကိုခင်အောင် သတိရမိသလား" ဟု မေးလေသည်။

ကိုခင်အောင်မှာ ဆရာတော်အား ငယ်စဉ်က မည်သည့်ပစ္စည်းဝတ္ထုကိုမှ ပေးခဲ့ဖူးသည်ဟူ၍ မရှိသည်ကို သိလေသည်။ ထို့ကြောင့် ကိုခင်အောင် မည်သို့မျှ စကားမပြောနိုင်ဘဲ အားငယ်သော မျက်နှာအနေအထားဖြင့် ပြုံးမယောင်ယောင် ဖြစ်နေလေသည်။

ထိုအခါမှ ဆရာတော်က "ကိုခင်အောင်၊ ခင်ဗျား ကျွန်ုပ်ကို ပဲခူးမှာ ဆွမ်းခံဖိတ်ပေးခဲ့ဖူးတယ်လေ၊ ဟား ဟား ဟား" ဟု ရယ်မော၍ ပြောမှ ကိုခင်အောင်လည်း ထိုကိစ္စကို ပြန်သတိရလေသည်။

ထို့နောက် ဆရာတော်က ကိုခင်အောင်ကို ကျေးဇူးတုန့်ပြန်သောအနေဖြင့် ဝတ္ထုငွေသုံးသောင်းပေးပြီး ကလေးများအတွက် မုန့်ပဲသရေစာများကိုပါ ပေးလိုက်လေသည်။

ဤသည်မှာ သူများပြုဖူးသော ကျေးဇူးတို့ကိုသိ၍ ကျေးဇူးသိသူတို့၏ တုန့်ပြန်မှုတို့ပင်ဖြစ်သည်။ တင်ရှိသော ကျေးဇူးတရားကို သိနားလည်လျှင် ကိုယ်ချင်းစာနာထောက်ထားတတ်သည်။ ကျေးဇူးတရားကို သတိရလျှင် ကူညီဖို့ရန်လည်း ဝန်မလေးပေ။

ထို့ကြောင့် ကျေးဇူးတရားဟူသည် သိတတ်သူတို့အတွက်သာ အကျိုးရှိပေသည်၊ ကျေးဇူးမသိတတ်သူတို့အတွက် မည်သို့မျှ သောက်သုံး၍မရသော ပင်လယ်ဆားငန်ရည်နှင့် တူလှပါသည်။

မြစ်မှာရှိသောရေချိုကို သောက်သုံးစွဲ၍ ရသော်လည်း ထိုမြစ်မှ စီးကျသွားသောရေသည် ပင်လယ်ပြင်သို့ ရောက်သွားပါက သောက်သုံး၍ မရတော့သကဲ့သို့ ကျေးဇူးတရားသည်လည်း သိတတ်သူတို့အတွက်သာ အကျိုးရှိပြီး မသိတတ်သူတို့အတွက် မည်သို့မျှ အကျိုးမရှိပေ။

## (၁၅) သူ့အတွက် ဆပ်ပြာတစ်ခဲ

ဦးချမ်းသာနှင့် ဒေါ်ခင်မြင့်တို့သည် တောင်ဒဂုံတွင် နေထိုင်ကြသည်။ ဦးချမ်းသာသည် ဦးချမ်းသာမဖြစ်ခင်က ဦးဆင်းရဲဖြစ်ခဲ့သည်။ လောကတွင် ကံခေ၍ ဘဝနိမ့်ပါးနေသောအခါ အစစအရာရာမှာ ဆိတ်သုဉ်းခဲ့ရလေသည်။

ကူညီမည့်သူလည်းမရှိ ထောက်ပံ့မည့်သူကလည်းဝေး၊ ရိုင်းပင်းမည့်သူကလည်း မလာ။ ဤကဲ့သို့သောဘဝမျိုးကို ကျရောက်နေသောအခါ သူသူကိုယ်ကိုယ် မျှော်လင့်ချက်ဖြင့် ရုန်းကန်နေကြရပါသည်။

ထို့ကြောင့် တစ်နေ့တွင် ဦးချမ်းသာသည် ဦးသန်းကျော်တို့နေသော ရပ်ကွက်သို့ ရောက်လာသည်။ ဦးချမ်းသာမှာ ဦးသန်းကျော်နှင့် တွေ့လိုရင်းကိစ္စဖြင့်လာခြင်း မဟုတ်ပေ။ ဦးသန်းစိုးဆိုသောသူငယ်ချင်းထံသို့ လာခြင်းဖြစ်သည်။ သို့သော် ဦးသန်းကျော်နှင့်လည်း အနည်းငယ် ရင်းနှီးသည်။

ဦးချမ်းသာလာသည်ကို ဦးသန်းကျော် တွေ့မြင်လေသောအခါ လက်ထဲတွင် အသင့်ပါလာသော ဆပ်ပြာမွှေးတုံးတစ်ခဲကို ဦးသန်းကျော်က ဦးချမ်းသာအား လက်ဆောင်အဖြစ် ပေးလိုက်လေသည်။

ထိုသို့ ဦးသန်းကျော်ပေးလိုက်သော ဆပ်ပြာတစ်ခဲကို ဦးချမ်းသာသည် နေ့ရက်တို့ဖြင့် သေချာမှတ်ထားလေသည်။

နောက် ၁၂ နှစ်ခန့် အချိန်ကြာညောင်းသောအခါ ဦးသန်းကျော်သည် တောင်ဒဂုံတွင်နေသော ညီဖြစ်သူထံသို့ ရောက်သွားလေသည်။ ဦးသန်းကျော်သည် ဦးချမ်းသာ တောင်ဒဂုံတွင်ရှိသည်ကို အသိအမှတ်မရပေ။ ဦးသန်းကျော် ပြန်ခါနီးတွင် ဦးချမ်းသာသည် ဦးသန်းကျော်ကို နောက်မှလိုက်ခေါ်ပြီး သူ့အိမ်သို့ ခေါ်သွားလေသည်။

ဦးချမ်းသာအိမ်မှာ နှစ်ထပ်တိုက် လုံးချင်းအိမ်၊ ဦးသန်းကျော်သည် ဦးချမ်းသာအခြေအနေကို မြင်တွေ့လိုက်ရသောအခါ မျက်စိလည်သွားလေသည်။

ထိုအခါ ဦးချမ်းသာက 'ငါ့လူ၊ ငါ့လူဟာ ဒီနေ့ တို့အိမ်မှာ ထမင်းစားသွားရမယ်၊ နောက် တောင်ဒဂုံကိုရောက်တိုင်းလည်း ကိုယ့်အိမ်ကို

အမြဲဝင်စားသွားနိုင်တယ်။ ကိုယ့်လူအတွက် ကိုယ့်အိမ်တံခါးကို အမြဲဖွင့်ထားတယ်” ဟု ပြောဆိုလေသည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဦးသန်းကျော်က ဦးချမ်းသာအား မိမိကို ဤသို့ပြောဆိုပြီး ကျွေးမွေးရခြင်းအကြောင်းကို မေးမြန်းလေသည်။ ထိုအခါ ဦးချမ်းသာက ဤသို့ပြောလေတော့သည်။

“ငါ့ဘဝ ဆပ်ပြာမွှေးမတိုက်နိုင်တဲ့အချိန်မှာ ကိုယ့်လူက ကိုယ့်ကို ဆပ်ပြာမွှေးတစ်ခဲ ပေးခဲ့ဖူးတယ်။ ဒါကို ကိုယ်က အသေအချာ မှတ်တမ်းရေးထားတယ်။ ကိုယ်ဟာ ကိုယ့်အပေါ် ကျေးဇူးပြုသူတွေကို မေ့သွားမှာစိုးလို့ ဒိုင်ယာရီစာအုပ်မှာ ဘယ်သူကတော့ ဘယ်တုန်းက ဘာပစ္စည်းကူညီဖူးတယ်ဆိုတာတွေကို အားလုံး မှတ်တမ်းတင်ထားတယ်။ ဒီပုဂ္ဂိုလ်တွေကို အခွင့်ရတဲ့အခါ အမြဲကျေးဇူးဆပ်နိုင်အောင်လို့ပေါ့။ ကိုယ့်လူသာမဟုတ်ဘူး၊ ကိုယ့်အပေါ် ကျေးဇူးပြုခဲ့တဲ့ အခြားအခြားသူတွေကိုလည်း ကိုယ်ဟာကျေးဇူးဆပ်လေ့ရှိပါတယ်။ ကျေးဇူးများများပြုသူကိုတော့ များများပြန်ဆပ်တာပေါ့ကိုယ့်လူရေ” ဟူ၍ ဖြစ်ပါသည်။

ဦးချမ်းသာပြောသော စကားများကို စာရှုသူတို့ စဉ်းစားကြည့်ကြပါ။ သူများကျေးဇူးပြုထားသည်ကို မေ့ပျောက်သွားမည်စိုး၍ စာအုပ်တွင် မှတ်ထားပါသည်။ အခွင့်ရသည့်အခါ ကျေးဇူးရှင်တို့အား ဆပ်ဖြစ်အောင် ဆပ်လေ့ရှိသည်။ အလွန်ကောင်းသော အတုယူစရာပင် ဖြစ်ပါသည်။

နောက်တွင် ဦးသန်းကျော်က ဤသို့ပြောဆိုလေသည်။ “ခင်ဗျားဒီလိုမှတ်ထားမှန်းသိရင် ထိုအချိန်က ကျွန်ုပ် ခင်ဗျားကို ဆပ်ပြာတစ်ခဲမဟုတ် အခဲတစ်ဆယ်လောက် ပေးနိုင်ပါတယ်ဗျား။ ဘာမှ မပြောပလောက်တဲ့ဆပ်ပြာတစ်ခဲကျေးဇူးကြောင့် အခုလိုကျွန်ုပ်ကို လှိုက်လှိုက်

လှဲ့လှဲ့ ထမင်းခေါ် ကျွေးတာ၊ ဖော်ဖော်ရွေရွေ ဆက်ဆံတာကို ကျွန်ုပ်ကလည်း ဒိုင်ယာရီထဲမှာ မှတ်တမ်းတင်ထားလိုက်ဦးမယ်” ဟူ၍ ပြောလေသည်။ ထို့ကြောင့် “ကျေးဇူးသိတတ် ကျေးဇူးဆပ် မိတ်မြတ် မိတ်ကောင်း ရှိပါစေ” ဟု ဆိုထားကြပါသည်။

## (၁၆) မျက်မမြင်မိခင်အား ကျေးဇူးသိသောဆင်

ဤဇာတ်တော်မှာ မာတုပေါသက ဇာတ်တော် ဖြစ်သည်။ မျက်မမြင်မိခင် ဆင်မကြီးအား သားဖြစ်သော ဘုရားလောင်း ဆင်ဖြူတော်က လုပ်ကျွေးပြီး ကျေးဇူးဆပ်ပုံ၊ ကျေးဇူးသိတတ်ပုံကို ရည်ညွှန်းသော ဇာတ်တော်ဖြစ်သည်။ ဇာတ်တော်မှာ -

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ၌ ဆင်ဖြူတော်ဖြစ်လေသည်။ သူ့မိခင် ဆင်မကြီးကား မျက်စိနှစ်ကွင်း အလင်းမရပေ။ ထို့ကြောင့် ဆင်မင်းသည် စဏ္ဍောရဏတောင်ခြေ ပဒုမ္မာကြာတောကြီးတစ်ခုကိုမှီ၍ မိခင် ဆင်မကြီးကို လုပ်ကျွေးပြုစုနေလေသည်။

တစ်ခါတွင် ဘုရားလောင်းဆင်မင်းသည် တောထဲ၌ မျက်စိလည် လမ်းမှားနေသော ဗာရာဏသီသား မုဆိုးတစ်ဦးကို မိမိကျောကုန်းပေါ်သို့တင်၍ လူသွားလမ်းပေါ်သို့ အရောက်ပို့ပေးလိုက်လေသည်။

ထိုမုဆိုး ဗာရာဏသီမြို့သို့ ရောက်လာသောအခါ ဗာရာဏသီမင်းကြီး၏ မင်္ဂလာဆင်တော်သည် သေဆုံးခဲ့ပြီဖြစ်၍ ဘုရင့်စီးတော်ဆင် လိုအပ်နေချိန်ဖြစ်သည်။ မုဆိုးသည် ထိုအကြောင်းကိုသိ၍ မိမိအား လိုက်ပို့သော ဆင်ဖြူတော်အား ဖမ်းယူရန် အကြံပေးလေသည်။ မင်းကြီးလည်း ဆင်ဖြူတော်ကိုဖမ်းယူရန် ဆင်ဆရာတို့ကို စေခိုင်းလေသည်။

ဆင်ဖြူတော်သည် ထိုလူစုကိုမြင်သည်နှင့် မုဆိုး၏အကြံပေးချက်ဆိုသည်ကို သိလေသည်။ သို့သော်လည်း ဆင်သူတော်ကောင်းပီပီ အမျက်ဒေါသမထွက်ဘဲ ထိုဆင်ဆရာတို့ ပြုလုပ်သမျှကို သည်းခံလေသည်။ ဆင်ဆရာက နှာမောင်းကိုကိုင်၍ ခေါ်ရုံမျှနှင့် လိုက်ပါလာခဲ့လေသည်။

ဗာရာဏသီပြည်သို့ ရောက်သွားသောအခါ မင်းကြီးသည် အထူးထူးသော အရာသာရှိသော အစားအစာများကို ဆင်ဖြူတော်အား ကျွေးမွေးစေလေသည်။ သို့သော်လည်း ဆင်ဖြူတော်ကား ထိုအစားအစာများကို မစားပေ။ မင်းကြီးက စားရန်တိုက်တွန်းပြောဆိုသောအခါ ဆင်ဖြူတော်က "မြတ်သောမင်းကြီး၊ စောင့်ရှောက်မည့်သူမရှိဘဲ တောထဲမှာ အထီးကျန်နေခဲ့သော မျက်မမြင်မိခင်အိုသည် စဏ္ဍောရဏ တောင်သို့သွားစဉ် သစ်ငုတ်များကို တိုက်မိလေတော့မည်" ဟု ပြောဆိုလိုက်သည်။

ထိုအကြောင်းကိုသိလိုက်ရသောအခါမင်းကြီးသည် ဆင်ဖြူတော်အား ပြန်လွှတ်ပေးရန် အမိန့်ပေးလိုက်လေသည်။ ဆင်မင်းသည် မိခင်ရှိရာသို့ ပြန်လာခဲ့ပြီး ကြာစွယ်ကြာရင်းများကိုယူ၍ ခုနစ်ရက်တိုင်တိုင် အစာပြတ်နေခဲ့သော မိခင်အိုကြီးအား ဦးစွာကျွေးမွေးလေသည်။ မိခင်အိုကြီးစားပြီးမှ မိမိစားသည်။ ထိုနည်းဖြင့် ကျေးဇူးရှင်မိခင်အိုကြီးကို အသက်ထက်ဆုံး ပြုစုစောင့်ရှောက် ကျွေးမွေးလေသည်။

ဤဇာတ်တော်၌ ဆင်ဖြူတော်သည် မိမိ၏ကျေးဇူးရှင်မိခင်ကြီး၏ ကျေးဇူးကို အထူးသိတတ်သည်မှာ ထင်ရှားလှပါသည်။ ဆင်ဖြူတော်သည် နေပြည်တော်သို့ရောက်သွားသောအခါ မိမိအား အမျိုးမျိုးချီးမြှောက်ပါသော်လည်း ဆင်ဖြူတော်သည် မကျေနပ်ခဲ့ပေ။ မိမိက ကောင်းကောင်းမွန်မွန်နေရပြီး မိမိ၏ ကျေးဇူးရှင်က တောမှာ

အစာငတ် ရေပြတ်နေရမည်ကိုသိ၍ ဆင်ဖြူတော်သည် နေပြည်တော်မှ မြောက်စားချီးမြှင့်သည်တို့ကိုလက်မခံခဲ့ပေ။ ဤသည်မှာ ကျေးဇူးရှင်မိခင်အား ကျေးဇူးသိတတ်ပုံဖြစ်သည်။

ဤဇာတ်တော်မှ မုဆိုးလိုမကျင့်ဘဲ ဆင်ဖြူတော်လို ကျင့်ရပေမည်။ မုဆိုးကား ကျေးဇူးကန်းသူ၊ ဆင်ဖြူတော်ကား ကျေးဇူးသိတတ်သူ ဖြစ်သည်။

လောကတွင် အစဉ်အမြဲ သန့်ရှင်းလန်းဆန်းနေသည်မှာ ကျေးဇူးတရားပင်ဖြစ်သည်။ အချို့သူတို့သည် သူတစ်ထူးတို့ပြုဖူးသောကျေးဇူးကို အလွန်အလေးအနက်ထားတတ်ကြသည်။ မိမိအခက်အခဲကြုံတွေ့နေသောအခါ ကူညီသူ၊ စောင်မသူကို လွန်စွာကျေးဇူးတင်တတ်ကြသည်၊ ကျေးဇူးတင်ဖို့ကောင်းပါသည်။

## (၁၇) သူမ၏ ကျေးဇူးသိတတ်ပုံ

တစ်ခါက တောသူဌေးတစ်ဦးတွင် သမီးတစ်ဦးရှိသည်။ ထိုသမီးသည် အလွန်လိမ္မာယဉ်ကျေးသည်၊ စကားပြောလည်း ချိုသာနူးညံ့သည်၊ သူတစ်ဖက်သားကို ကိုယ်ချင်းစာနာထောက်ထားတတ်သည်။ သူဌေးကြီးကား သူ့သမီးကို အားမရ၊ အကြွေးတောင်းလျှင် သူ့သမီးကို တစ်ခါမှ မတောင်းခိုင်း။ သူဌေးကြီးမှာ မောက်မာသည်၊ ခက်ထန်သည်။ စာရင်းငှားများကိုလည်း ထိုက်ထိုက်တန်တန်ခိုင်းသည်။

ငှင်းရွာမှပင် ကလေးမိခင် အမျိုးသမီးတစ်ဦးသည် ထိုသူဌေးသမီးထံမှ ပိုက်ဆံတစ်ရာချေးလေသည်။ သူဌေးသမီးက ကလေးမိခင်အားကလေးငယ်များနှင့် စားစရာ၊ ချက်ပြုတ်စရာ ဘာတစ်ခုမှမရှိ၍ပိုက်ဆံတစ်ရာ လာချေးသည်ကိုသိသည်။ သို့နှင့် ထိုသူဌေးသမီးက

"အစ်မ၊ အဖေတို့မသိစေနဲ့၊ ရော့ ငွေတစ်ရာယူသွား၊ ပြန်လည်းမဆပ်နဲ့၊ ကျွန်မပိုက်ဆံမဟုတ်ဘူး၊ အမေတို့ အဖေတို့ပိုက်ဆံ။ ကျွန်မက အစ်မကိုသနားလို့ ပေးလိုက်တာ" ဟုပြောဆိုပြီး ပိုက်ဆံတစ်ရာ ပေးလိုက်လေသည်။

ထိုကလေးအမေမှာ များမကြာမီ ထို တောသူဌေးကြီးထံတွင် ပိုက်ဆံတစ်ရာ သွားချေးပြန်သည်။ "ဦးကြီး၊ ကျွန်မကို ခိုင်းချင်တာ ခိုင်းပါ၊ ကျွန်မမှာ ထမင်းချက်စရာမရှိလို့၊ သူ့အဖေ(ကျွန်မယောက်ျား) လည်း ငါးသွားရှာတာ ငါးမရခဲ့လို့ ဦးကြီးဆီလာချေးတာပါ" ဟု တောင်းပန်ပြီး ပိုက်ဆံတစ်ရာ လာချေးလေသည်။

တောသူဌေးကြီးက "နင်ဘယ်နေ့ ပြန်ပေးနိုင်မလဲ" ဟုမေးလေရာ ထိုအမျိုးသမီးက "နှစ်ရက် သုံးရက်လောက်နေရင် ပြန်ပေးမှာပါ" ဟု ပြောဆိုလေသည်။ တောသူဌေးက "အေး၊ နင့်ကတိအတိုင်းပဲနော်၊ နောက် နှစ်ရက်သုံးရက်နဲ့ ပြန်မဆပ်နိုင်ရင် ငါနဲ့တွေ့မယ်"ဟု ပြောဆိုပြီး ငွေတစ်ရာကျပ်ကို ပေးလိုက်လေသည်။

ထိုအမျိုးသမီးမှာ သူထင်သလို နှစ်ရက်သုံးရက်နဲ့လည်းမပေးနိုင်၊ တစ်ပတ်နှင့်လည်း ငွေတစ်ရာကို ပြန်မဆပ်နိုင်၊ တစ်လနှင့်လည်း ပြန်မဆပ်နိုင်ဘဲရှိလေရာ နောက်တွင် တောသူဌေးနှင့် လုံးဝ အခေါ် အပြောပင်မရှိ ဖြစ်လေသည်။

များမကြာမီ တောသူဌေးကြီး၏ သမီးပျိုသည် နာမကျန်းဖြစ်၍ မြို့ပေါ်ဆေးရုံသို့ တင်ရလေသည်။ သွေး ၁၂ ပုလင်းလောက်လိုသည် ဟု ဆရာဝန်များကပြောသည်။ တောသူဌေးမှာ ပိုက်ဆံရှိသော်လည်း ခင်မင်သူ အပေါင်းအသင်းမရှိ၍ သွေး ၁၂ ပုလင်းအတွက် လွန်စွာ အခက်တွေ့နေလေသည်။ ဆရာဝန်များက ယနေ့ညနေလေးနာရီ သွေး ၁၂ ပုလင်းရအောင် အရေးတကြီး လိုအပ်သည်ဟုပြောသည်။

တောသူဌေးမှာ ဟိုက အကူအညီတောင်း၊ ဒီက အကူအညီတောင်းနဲ့ သွေး ၁၀ ပုလင်းခန့် ရရှိလေသည်။ နောက်ဆုံးတွင် မိမိတောရွာမှ သွေးလှူမည့်သူများကို လိုက်ပြီးအကူအညီတောင်းသည်။ သူရင်းငှားတစ်ဦးထံမှ တစ်ပုလင်းရသည်၊ နောက် တစ်ပုလင်းလိုနေပါသေးသည်။ မည်သူ့ထံကမှမရ၊ တောကလူများမှာ သွေးလှူရမည်ကို ကြောက်ရွံ့နေကြသည်၊ သွေးလှူသည်ကို တစ်ခါမှလည်း မတွေ့မမြင်ဘူးတော့ သွေးလှူရဲသူ မရှိသလောက်ဖြစ်နေသည်။ ထိုသတင်းကို လယ်တဲနေ သူဆင်းရဲမတစ်ဦး ကြားလေသည်။ ထိုသူဆင်းရဲမမြရင်က "ကျွန်မလှူပါမည်" ရဲဝံ့စွာပြောဆိုပြီး သူဌေးနှင့်အတူ မြို့ပေါ်သို့ လိုက်လာလေသည်။ သူမတွင် သားသမီးနှစ်ဦးရှိသည်၊ ၎င်း သားသမီးနှစ်ဦးကို ယောက်ျားနှင့် ထားခဲ့လေသည်။

မြို့ဆေးရုံတွင် တက်ရောက်နေသော သူဌေးသမီးမှာ ပြင်းထန်သော ဝေဒနာကို ခံစားရင်း လူးလှိမ့်နေလေသည်။ ထိုအခြင်းအရာကို သူဆင်းရဲမ မြင်တွေ့လေသော် "ကျွန်မဆီကသွေးကို မြန်မြန်ယူပြီး လှလှရီထံ မြန်မြန်သွင်းပေးကြပါ" ဟု ပြောဆိုပြီး ငိုလေသည်။

ဆရာဝန်များက သွေးလှူမည်သူဟာ မငိုရဘူးဟု ပြောဆိုနှစ်သိမ့်ကာ သူ့ကိုယ်မှ သွေးတစ်ပုလင်း နှုတ်ယူလိုက်လေသည်။ သွေးလှူလိုက်ရသော သူဆင်းရဲမ မမြရင်မှာ လွန်စွာကျေနပ်ကာ သူ့ကိုယ်သူ ပီတိဖြစ်နေလေသည်။

တောသူဌေးက "ဒီကောင်မ ငါ့ဆီက ငွေတစ်ရာချေးထားလို့ ဒီလိုသွေးလှူတာဖြစ်မယ်" လို့ အောက်မေ့နေသည်။

သွေးသွင်းပြီး ရက်သတ္တတစ်ပတ်လောက်တွင် ကျန်းမာစွာဖြင့် ရွာကိုပြန်လာသော တောသူဌေးသမီး လှလှရီက သူ့အဖေအား ဤသို့ မေးမြန်းလေသည်။

"အဖေ၊ သမီးနေမကောင်းတုန်းက မမြရင်ကို သွေးလှူဖို့ အဖေ သွားခေါ်သလား"

"မဟုတ်ဘူးသမီး၊ သူ့ဟာသူ သမီးသတင်းကိုကြားလို့ သူကိုယ်တိုင် သွေးလှူမယ်ဆိုပြီး လိုက်လာတာ၊ ဖေဖေ့ဆီကလည်း ငွေတစ်ရာ ချေးထားတာ ပြန်မပေးတော့ဘူးလေ"

"ဖေဖေရယ်၊ မမြရင်ဆီက ငွေတစ်ရာကို ယူမနေပါနဲ့တော့"

"မယူတော့ပါဘူးသမီးရယ်၊ ဒီလောက်သိတတ်တာကိုပဲ ကျေးဇူးတင်ရမှာ" ဟု ပြောလေရာ သမီး လှလှရီက -

"ဖေဖေ့ဆီက ငွေတစ်ရာချေးထားတဲ့ကျေးဇူးကြောင့် မမြရင်က သွေးလှူတာ မဖြစ်နိုင်ဘူးဖေဖေ"

"အဲဒါဆို ဘယ်သူ့ကျေးဇူးနဲ့ သူသွေးလှူတာလဲ သမီးရယ်"

"ဒီအကြောင်းကို မမြရင်ကပဲ အဖြေမှန်ပေးရမှာပါဖေဖေရယ်" ဟု ပြောသောအခါ တောသူဌေးဦးတင်လှိုင်မှာ အနည်းငယ်တွေဝေသွားလေသည်။

လှလှရီနှင့်ဦးတင်လှိုင်တို့ သားအဖနှစ်ဦး အပြန်အလှန် စကားပြောနေချိန်တွင် လယ်ကွင်းပြင်မှ ကန်စွန်းရွက်လာရောင်းသော မမြရင်၏အသံကို ဦးတင်လှိုင် ကြားလိုက်ရလေသည်။ သို့နှင့် ဦးတင်လှိုင်က "သမီး၊ အဖေတစ်နေရာမှာ ရှောင်နေမယ်။ မမြရင်ကို သမီးခေါ်ပြီး ဒီအကြောင်းကို မေးကြည့်ပါလား" ဟု ပြောဆိုပြီး ဦးတင်လှိုင်သည် အိမ်တစ်နေရာတွင် ရှောင်တိမ်းနေလေသည်။

မမြရင်ကို လှလှရီ မြင်တွေ့သောအခါ ခေါ်လိုက်ပြီး အိမ်တွင် ထိုင်ခိုင်းလေသည်။ ထိုအခါ မမြရင်က "ညီမလေး ပြန်ဆင်းလာပြီလား"

"ဟုတ်ကဲ့အစ်မ"

"မသေကောင်း မပျောက်ကောင်း ညီမလေးရယ်၊ ညီမလေး အော်နေတာကိုတွေ့ရတော့ မမ အရမ်းစိုးရိမ်သွားတယ်။ အစ်မလေ ညီမလေးကျေးဇူးကို ဘယ်တော့မှမမေ့ဘူး၊ ညီမလေးအဖေကို ငွေ တစ်ရာ မဆပ်နိုင်လို့ ညီမလေးတို့အိမ်ဘက်ကို ခဏခဏ မရောက် တာ၊ ကွင်းကတက်လာတိုင်း ညီမလေးကို သတိရတယ်"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်မ အစ်မကို အများကြီးကျေးဇူးတင်တယ်၊ အစ်မလှူလိုက်လို့ သွေး ၁၂ ပုလင်းပြည့်တာ"

"ဩော် ညီမလေးရယ်၊ ကိုယ့်အပေါ် ကျေးဇူးရှိတဲ့သူကိုတော့ ဘယ်တော့မှမမေ့ဘူး၊ တတ်နိုင်တဲ့နည်းနဲ့ ကျေးဇူးတုန့်ပြန်မယ်ဆိုတာ အစ်မမှာ အမြဲခံယူချက်ရှိတယ်"

"ဟုတ်ကဲ့အစ်မ၊ ကျေးဇူးပဲ၊ ဩော်- အစ်မသမီးလေးအတွက် မုန့်တစ်ထုပ်ယူသွားပါဦး" ဟု ပြောဆိုပြီး မမြရင်အား မုန့်တစ်ထုပ် ပေးလိုက်လေသည်။

ထိုတွင်မှ ဦးတင်လှိုင်မှာ အိမ်ထဲမှထွက်လာပြီး သမီးနှင့်မမြရင် တို့ ပြောနေသည်ကို နားမလည်သလို နားလည်သလိုဖြစ်နေ၍ သူ့ သမီးကို ရှင်းရှင်းလင်းလင်း မေးမြန်းကြည့်ရာ သမီးက အကြောင်းစုံ များကို ရှင်းလင်းစွာပြောပြမှ မမြရင်၏ သွေးလှူရခြင်းအကြောင်းကို ကောင်းစွာသိရှိလေတော့သည်။

ထိုတော့မှ ဦးတင်လှိုင်က ဤသို့ကောက်ချက်ချလေတော့သည်။ "ဩော်-မမြရင်၊ လူဆင်းရဲပေမယ့် သူမစိတ်ဓာတ်က အထက်တန်း ကျပါပေတယ်" ဟူ၍ဖြစ်သည်။

မှန်ပါသည်၊ လူဆင်းရဲပေမယ့် စိတ်ဓာတ်မဆင်းရဲဖို့ အရေးကြီး ပါသည်။ လူတွင် စိတ်ဓာတ်ကလည်း ဆင်းရဲ၊ လူကလည်း ဆင်းရဲ ဆိုလျှင် ထိုလူသည် မည်သည့်အခါမှ ချမ်းသာလာမည် မဟုတ်ပေ။

နောက်တွင် မမြရင်ကို တောသူဌေး ဦးတင်လှိုင်က သူ့ခြံတစ်နေရာတွင် လုပ်စားခွင့်ပေးပြီး အကူအညီပေးလိုက်သည်ဟု သိရပါသည်။ ဤသည်မှာ မမြရင်၏ ကျေးဇူးသိတတ်ပုံပင်ဖြစ်သည်။

လောကတွင် မည်သူမဆို သူတစ်ပါး၏ ကျေးဇူးတရားနှင့် မည်သူမျှ မကင်းနိုင်ကြပေ။ ထိုကျေးဇူးရှင်တို့အား ကျေးဇူးတုန့်ပြန်ခွင့်ရသောအခါ ကျေးဇူးတုန့်ပြန်ဖို့ရန် မမေ့သင့်ကြပေ။ ဤကဲ့သို့ အခြားအခြားသော ကျေးဇူးတရားကို သိတတ်ကြသူများလည်း ရှိကြပါလိမ့်မည်။ ကျေးဇူးသိခြင်း၊ ကျေးဇူးဆပ်ခြင်းသည် အလွန်မွန်မြတ် အထက်တန်းကျသော လုပ်ရပ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် မိမိသည် ကျေးဇူးသိတတ်သူအဖြစ်သာ ခံယူပြီး ကျေးဇူးကန်းသူအဖြစ် မခံယူပါနှင့်ဟု အသိပေးတိုက်တွန်းလိုက်ရပေသည်။

## (၁၈) ကျေးဇူးကန်း(ကျေးစွပ်)သူများ

သူတစ်ပါးကျေးဇူးကို မသိနားမလည် တန်ဖိုးမထားတတ်သူ၊ သူတစ်ပါးကျေးဇူးကို သိနားလည်အောင် မကြိုးစားသူ၊ ကျေးဇူး မတုန့်ပြန်တတ်သူများကို ကျေးဇူးကန်းသူ၊ ကျေးဇူးချေသူ၊ ကျေးဇူးထိမ်ဝှက်သူ၊ ကျေးဇူးစွပ်သူဟု ဆိုရပေမည်။

သူတစ်ဖက်သား ပြုထားသည့် ကျေးဇူးကို မသိတတ်၊ ကျေးဇူးလည်း မတုန့်ပြန်၊ ကျေးဇူးလည်း မဆပ်သည့်အပြင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားတတ်ကြသည်။ ထိုသို့သောသူများမှာ ကျေးဇူးကန်းသူ၊ ကျေးဇူးချေဖျက်သူ၊ ကျေးစွပ်သူတို့ပင်ဖြစ်သည်။ ထိုကျေးဇူးကန်းသူတို့သည် ကျေးဇူးရှင်တို့အပေါ် မသိယောင်ဆောင်ခြင်း၊ မျက်နှာလွှဲဖယ်ခြင်း၊ အကြောင်းအမျိုးမျိုးပြကာ ကျေးဇူးရှင်များအပေါ် ပစ်ထားတတ်ကြသည်။

မိမိအပေါ် ရှိသော ကျေးဇူးတရားကို အမှတ်မရ၊ ကျေးဇူးရှင်တို့ကိုလည်း မထုတ်ဖော်၊ မတုန့်ပြန်ဘဲ နေတတ်ကြသည်မှာ ကျေးဇူးကန်းသူတို့၏ သဘာဝပင်ဖြစ်သည်။

လူဟူသည်မှာ သူ့ကျေးဇူးကိုသိတတ်ရသည်။ အကြောင်းအကျိုးအကောင်းအဆိုးကို ခွဲခြားသိတတ်ရသည်။ သူတစ်ထူး၏ ကျေးဇူးကိုလည်း တုန့်ပြန်တတ်ရသည်။ သို့မှ တန်ဖိုးရှိသူ လူသူတော်ကောင်း၊ လူပညာရှိဖြစ်ပေမည်။

ထို့ကြောင့် မိမိအပေါ် ကျေးဇူးပြုဖူးလျှင် လူကိုသာမဟုတ်၊ တိရစ္ဆာန်ကိုပင် လေးစားသင့်ပါသည်။ အချို့လူတို့သည် မိမိတို့တစ်သက်လုံး လယ်ယာကိုင်းကျွန်းတို့တွင် ထွန်ယက်စေခိုင်းလာသော ကျွဲ၊ နွားများကို မငဲ့မညှာဘဲ သတ်ဖြတ်တတ်ကြသည်။ မိုးချုပ်နေဝင်သည်အထိ လုပ်ငန်းခွင်တွင် ဒိုးတူပေါင်ဘက် ရုန်းကန်လုပ်ကိုင်လာသော ကျွဲ၊ နွားတို့မှာ အလုပ်မလုပ်နိုင်သောအခါ ရက်စက်စွာလည်ပင်းကို ဓားဖြင့်အလှီးခံရပြီး အသားတို့ကို အစားခံကြရလေသည်။ ထို့ကြောင့် ရတနာပုံမန္တလေးခေတ်တွင် လယ်တီဆရာတော်ကြီးက နွားမေတ္တာစာတွင် ဤသို့ဖော်ပြထားပါသည်။

“မိဘနှင့်ဆရာ ဉာတကာတစ်စု၊ ကျေးဇူးပြု စီးပွားဖက်၊ ခြောက်ဦးသားအနက်ဝယ်၊ တစ်သက်နှင့်တစ်ကိုယ်၊ မပျက်ဘူးအလိုနှင့်၊ ဖြုဟ္မစိုရ်တရား လက်မကွာထားနိုင်မှ၊ စီးပွားဟောင်းမပျက်၊ စီးပွားသစ် တိုးတက်၍ ချမ်းသာသက်ရှည်ရာသည်၊ ခြောက်ဦးသား ထိုသူ့ကို မကြည်ဖြူမသနား၊ အလေးမဲ့ပေါ့စားလျှင် စီးပွားသစ်မတိုး၊ စီးပွားဟောင်းညှိုးသည့်အပြင်၊ ဘေးမျိုးသောကနှင့် မောရမည်တကယ်” ဟု ဖော်ပြထားပါသည်။

စင်စစ်မှာ ထိုသို့မဖြစ်သင့်ပေ။ မိမိတို့တစ်သက်လုံး ခိုင်းစားလာသော ကျွဲ၊ နွားတစ်ကောင်ကို သတ်စားလိုက်၍ (ရောင်းစားလိုက်၍) မည်သို့မှ မချမ်းသာလာနိုင်ပေ။ ထိုသို့ ကျေးဇူးကန်းသူတို့မှာ မိမိတို့၏ ကျေးဇူးရှင် ကျွဲ၊ နွားတစ်ကောင်၏တန်ဖိုးကို အရှုံးမခံနိုင်သောကြောင့် စီးပွားသစ်လည်းမတိုးဘဲ စီးပွားဟောင်းလည်းညှိုးနွမ်းကာ တစ်သက်လုံး လူမွေးမပြောင်ဘဲ ရှိနေကြလေသည်။ ထိုအကြောင်းနှင့်စပ်၍ မန်လည်ဆရာတော်က-

**'ကျေးဇူးချေကာ၊ မပြုရာတည့်၊ လူသာမဟုတ်၊ အယုတ်တိရစ္ဆာန်၊ မှဝန်ဆောင်ဘိ၊ ကျေးဇူးရှိသား၊ ဟတ္ထိအဿ၊ ဂေါဏမဟိံသာ၊ စသည်မှာလည်း၊ ပျိုခါစေစား၊ အိုခါရှား၍၊ စွန့်ထားပယ်ကာ၊ မပြုရာဘူး၊ ပြုပါတုံက၊ မိတ္တဒုဗ္ဘိ၊ မညီမွေ၊ လူ့ပါပတည်း'** ဟု မဃဒေဝလင်္ကာ၌ စပ်ဆိုခဲ့ပါသည်။ ထိုသို့ မိမိတို့တစ်သက်လုံး နုပျိုစဉ် စေခိုင်းလာသော ကျွဲနွားများကို အိုမင်းသောအခါကျမှ နှိပ်စက်လျှင် (ကျေးဇူးကန်းလျှင်) ထိုသူသည် လူယုတ်မာပင်ဖြစ်သည်။

ဗုဒ္ဓစာပေတွင် ကျေးဇူးတရားနှင့် ပတ်သက်၍ မည်မျှအထိ အလေးထားသင့်ကြောင်းကို ထိုထိုကျမ်းဂန်တို့မှာ များစွာဖော်ပြထားပါသည်။ ထို့အတူ မြန်မာ့စာပေတို့တွင်လည်း ကျေးဇူး၏တန်ဖိုးကို အမျိုးမျိုးဖော်ကျူးထားပါသည်။

လူသည် အယုတ်ဆုံးအားဖြင့် သစ်ပင်၏အရိပ်တွင် နားနေခိုနေဖူးပါက ထိုသစ်ပင်၏ အကိုင်းအခက်စသည်ကိုပင် မကောင်းသောစိတ်ထားဖြင့် မဖျက်ဆီးကောင်း၊ မချိုးဖဲ့ကောင်းပေ။ ထိုသို့ ချိုးဖဲ့ဖျက်ဆီးပါက ပြစ်မှားရာရောက်၍ သူတော်ကောင်းတို့ မပြုအပ်သောအရာ ဖြစ်သည်ဟု ဖော်ပြကြပေသည်။ ၎င်းသဘောကို မန်လည်ဆရာတော်က မဃဒေဝလင်္ကာတွင် ဤသို့စပ်ဆိုခဲ့ပါသည်။

**'သဝိညာဏကာ၊ မဟုတ်စွသေး၊ ရုက္ခဆာယာ၊ သစ်ရိပ်သာ၌၊ ရံခါတစ်ခိုက်၊ ကြုံကြိုက်နေနား၊ ခိုမိနားက၊ ပြစ်မှားလိုလျက်၊ တရားဖျက်၍၊ အခက်ကိုမျှ၊ မချိုးရဘူး'** ***(မဃဒေဝ ပိုဒ် ၂၅၆)*** ဟု စပ်ဆိုခဲ့ပါသည်။ ဆိုလိုသည်မှာ အသက်ရှိသော အရာကိုသာမဟုတ်၊ အသက်မရှိသော သစ်ပင်ကိုသော်မှ ထိုသစ်ပင်၏အရိပ်တွင် ခိုနားဖူးပါက အခက်ကိုမျှပင် မချိုးဖျက်ရ၊ ကျေးဇူးမကန်းရဟု ဆိုလိုပါသည်။ ထိုသို့ ကျေးဇူးပြုဖူးသော သစ်ပင်ကို ဖျက်ဆီးလိုသောစိတ်ဖြင့် ချိုးဖျက်ပါက ကျေးဇူးကန်းသည်မည်၏ဟု ဆိုလိုပါသည်။

ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက်၏ သက်တော်ရှည်ဆရာတော် ဦးကေသရာဘိဝံသသည် မိမိကျောင်းရှေ့ လမ်းတည့်တည့်တွင်ရှိသော သရက်ပင်ကြီးတစ်ပင်ကို ခုတ်လှဲရန် တပည့်များက လျှောက်ထားကြသောအခါ ထိုသရက်ပင်ကို အလှဲမခံခဲ့ပေ။ တစ်ချိန်က ထိုသရက်ပင်သည် ကျေးဇူးရှိခဲ့ဖူးသည်ဟု ဆရာတော်ကြီးက မိန့်ကြားခဲ့သည်။

ယခု ဆရာတော်ကြီးလည်း ပျံလွန်တော်မူသွားပါပြီ၊ သရက်ပင်ကြီးလည်း မရှိတော့ပြီဖြစ်သည်။ (ဤအကြောင်းကို ဆရာတော် ဦးပညာသာရာဘိဝံသ ပြောပြ၍ သိရပါသည်။)

ဆိုလိုသည်မှာ မိမိက ကျေးဇူးရှင်ဟု အသိအမှတ်ပြုခံရသော အရာကိုပင် မဖျက်ဆီးသည်မှာ သူတော်ကောင်းတို့၏ စံနမူနာကောင်းတစ်ခုပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျေးဇူးရှိသော သက်မဲ့သစ်ပင်ဝါးပင်များကိုပင် ဤမျှအထိ အလေးဂရုပြုလျှင် သက်ရှိကျေးဇူးရှင်တို့အပေါ်ကား ပြစ်မှားရန် ဝေးစွဟု ဆိုလိုပါသည်။

# (၁၉) ကျေးဇူးကန်းသောခြင်္သေ့

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံတော်မူစဉ် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ သစ်တောက်ငှက် ဖြစ်နေလေသည်။ သစ်တောက်ငှက်သည် တစ်နေ့သောအခါ အစာရှာထွက်လာခဲ့ရာ လည်ချောင်းတွင် အရိုးစူးဝင်၍ ဝေဒနာခံစားနေရသော ခြင်္သေ့တစ်ကောင်ကို မြင်တွေ့လေသည်။ သစ်တောက်ငှက်က ခြင်္သေ့အား အကျိုးအကြောင်းကို မေးကြည့်လေရာ ဒဏ်ရာပြင်း၍ လည်ပင်းတစ်ခုလုံး ဖူးဖူးရောင်နေကြောင်း၊ အစာများကို မျိုချ၍မရကြောင်းများကို ပြောပြလေသည်။

ထိုအခါ သနားကရုဏာပွားမိသော သစ်တောက်ငှက်က "အရိုးကိုတော့ နှုတ်ယူပေးချင်ပါတယ်၊ သို့သော် ခြင်္သေ့၏ခံတွင်းထဲသို့မူ မဝင်ရဲပါ" ဟု ဆိုလိုက်သည်။ ခြင်္သေ့က "သင့်ကို မစားပါ၊ မိမိအား လည်ချောင်းမှ စူးကိုသာ နှုတ်ပေးပါ" ဟု တောင်းပန်ပြောဆိုလေသည်။

ထိုစကားကြောင့် သစ်တောက်ငှက်သည် စိတ်မချရသောသဘောဖြင့် ခြင်္သေ့၏ခံတွင်းကို တုတ်တံတစ်ခုထောက်ထားခဲ့ပြီး လည်ချောင်းထဲသို့ဝင်၍ အရိုးစွန်းကို နှုတ်သီးဖြင့် ဆွဲယူပစ်လေသည်။ ထို့နောက် တုတ်တံကိုလည်း နှုတ်သီးဖြင့် ဖြုတ်ပေးလိုက်လေသည်။ ခြင်္သေ့လည်း ချမ်းသာရာရသွားလေသည်။

တစ်နေ့သောအခါတွင် ထိုခြင်္သေ့သည် ကျွဲကြီးတစ်ကောင်ကို သတ်ဖြတ်စားသောက်နေလေရာ ထိုနေရာသို့ သစ်တောက်ငှက် ရောက်လာခဲ့လေသည်။ သစ်တောက်ငှက်က ခြင်္သေ့စိတ်ကို စမ်းသပ်လို၍ "ခြင်္သေ့ကြီး၊ သင့်အား ငါရှိခိုးပါသည်၊ သင့်အပေါ် ငါပြုခဲ့ဖူး

သော ကျေးဇူးလည်း ရှိပါသည်၊ ငါ့အား အမဲသားအနည်းငယ်မျှ ပေးပါလော့” ဟု တောင်းလေသည်။ ထိုအခါ ခြသေ့်က “ငါ့ခံတွင်း ထဲသို့ ရောက်ခဲ့ပြီးသော သင် သစ်တောက်ငှက်အား ငါမစားဘဲ အသက်ချမ်းသာခွင့်ပြုခဲ့ခြင်းသည်ပင် ငါခြသေ့်သည် သင်၏ကျေးဇူး ကို ပေးဆပ်ခဲ့ပြီးဖြစ်သည်၊ ယခု သင့်အား အမဲသား မပေးနိုင်ပါ”ဟု ပြန်ပြောလေသည်။

ကျေးဇူးကန်းသောခြသေ့်၏ စကားကို သုံးသပ်ကြည့်ပါက အလွန်အသည်းယားစရာကောင်းသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ရံတစ်ခါ လူတို့သည် ကျေးဇူးရှင်တို့အား ကျေးဇူးတုန့်ပြန်အလှည့် ရောက်သောအခါ အကြောင်းအမျိုးမျိုးပြပြီး ရှောင်လွှဲတတ်ကြသည်။ ပရိယာယ်မာယာဖြင့် လှည့်ပတ်ပြီး အမျိုးမျိုးရှောင်လွှဲပြီး အကြောင်း ပြကာ ကျေးဇူးကန်းတတ်ကြသည်။ ထို့ကြောင့် ကျေးဇူးကန်းသူတို့ ထံမှ ဘာကိုမှမမျှော်လင့်ခြင်းသည် စိတ်ကိုသက်သာရာရစေပါသည်။

## (၂၀) ကျေးဇူးကန်းသောမင်းသား

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးတွင် အလွန်မိုက်ရိုက်သော သားတော်တစ်ပါးရှိသည်။ သူ့ကို ဒုဋ္ဌကုမာရမင်းသားဟုခေါ်သည်။ နန်းတော်တွင်းကလူတို့ကလည်း ထိုမင်းသားကို ရွံရှာစက်ဆုပ် မုန်းတီး ကြသည်။

တစ်နေ့သောအခါ သူသည် အခြံအရံများနှင့် ရေကစားရန် မြစ်နားသို့သွားလေသည်။ ရေချိုးစဉ် မိုးမည်းကြီး ရွာသွန်းလေသော အခါ အခြားသူတို့သည် မြစ်ဆိပ်သို့ အလျှင်အမြန်ပြေးတက်ကြကာ ထို ဒုဋ္ဌကုမာရမင်းသားကို မြစ်လယ်ရေကြောထဲ မျှောချလိုက်ကြလေ သည်။

ထိုအချိန်က ဘုရားလောင်းရသေ့သည် မြစ်ကွေ့တစ်နေရာတွင် သစ်ရွက်မိုးကျောင်းငယ်ဖြင့် နေလေသည်။ ရသေ့ကြီးသည် မင်းသား၏ ဟစ်အော်ငိုကြွေးသံကိုကြားမိသဖြင့် "ထိုသူအားကယ်အံ့" ဟု ဆုံးဖြတ်လိုက်သည်။ ရသေ့ကြီးသည် ထင်းတုံးကြီးကိုတွယ်၍ မျှောလာသော လူငယ်အား ကူးခတ်သွားဆယ်ခဲ့လေသည်။ ကမ်းနားသို့ ရောက်သောအခါ ရသေ့ကြီးသည် မင်းသားကိုပွေ့ချီ၍ ကမ်းနား၌ ချပေးထားလေသည်။ ထင်းတုံးပေါ်၌ မင်းသားနှင့်အတူ မျှောပါလာသော မြွေ၊ ကြွက်နှင့် ကျေးသားတို့ကိုလည်း ချီ၍ပင်ချလေသည်။ ကျောင်းသို့ရောက်သောအခါ ရသေ့ကြီးသည် အားနည်းသော မြွေ၊ ကြွက်နှင့် ကျေးသားတို့ကို ဦးစွာမီးလှုံစေပြီး ပြုစုလေသည်။ မင်းသားကိုမူ ၎င်းသတ္တဝါတို့နောက်မှ မီးလှုံစေလေသည်။ အစားအစာ ကျွေးသောအခါတွင်လည်း အားနည်းသော မြွေ၊ ကြွက်နှင့် ကျေးသားတို့ကို ရှေးဦးစွာ ကျွေးမွေးပြီးမှ လူမင်းသားလေးကို ကျွေးမွေးလေသည်။

ဤသည်ကို မင်းသားက မကျေမနပ်ဖြစ်နေလေသည်။ ဤရသေ့ယုတ်သည် ငါမင်းသားတစ်ယောက်လုံးကို အရေးမစိုက်၊ ဦးစားမပေး၊ တိရိစ္ဆာန်များကိုသာ ဦးစားပေးသည်ဟု ရန်ငြိုးထားလေသည်။

မြွေ၊ ကြွက်တို့သည် ဥစ္စာစောင့် မြွေ၊ ကြွက်တို့ဖြစ်၍ အလိုရှိသောအခါ ရသေ့ကြီးအား မိမိတို့မှာရှိသည်ကို လှူပါမည်ဟု ပြောဆိုကြလေသည်။ ထို့အတူ ကျေးသားကလည်း သူ့နေရာသို့လာလည်ရန် ရသေ့ကြီးအား ကောင်းစွာပြုစုစောင့်ရှောက်ရန်တို့ကို ပြောဆိုပြီး မြွေ၊ ကြွက်နှင့် ကျေးသားတို့သည် ရသေ့ကြီးထံမှ ပြန်သွားကြလေသည်။

မင်းသားကလည်း သူသည် ဘုရင့်သားတော် မင်းသားဖြစ်သည်၊ သူ မင်းဖြစ်သောအခါ ဗာရာဏသီသို့ ရသေ့ကြီး ကြွလာဖို့၊ ရသေ့

ကြီးအား အစစအရာရာဖြင့် ထောက်ပံ့လိုပါသည်ဟု ဟန်ဆောင် ပင့်ဖိတ်စကား ပြောဆိုပြီး ပြန်သွားလေသည်။

မင်းသားသည် နေပြည်တော်သို့ ပြန်ရောက်ပြီးနောက် မကြာမီ မှာပင် မင်းဖြစ်လေသည်။

အချိန်အခါရောက်သောအခါ ရသေ့ကြီးသည် ထိုသူများကို စုံစမ်း လို၍ မြွေ၊ ကြွက်နှင့် ကျေးသားတို့ထံသို့ အစဉ်အတိုင်း သွားရောက် လေသည်။ အားလုံးကပင် ရသေ့ကြီးအား ပျူပျူငှာငှာဖြင့် ခရီးဦး ကြိုဆိုပြီး ကျေးဇူးဆပ်ကြလေသည်။ ရသေ့ကြီးသည် ထို မြွေ၊ ကြွက်နှင့် ကျေးသားတို့ပေးသော ဝတ္ထုပစ္စည်းတို့ကို အလိုရှိသောအခါ လာယူ ပါမည်ဟု ပြောဆို၍ ပြန်ထားခဲ့လေသည်။

ရသေ့ကြီးသည် ဆက်၍ ဗာရာဏသီသို့ သွားရောက်လေရာ ဗာရာဏသီမင်းဥယျာဉ်တွင် စခန်းချတည်းခိုနေလေသည်။ နောက် တစ်နေ့ နံနက်တွင် မင်းကြီး၏စိတ်ကို စူးစမ်းရန် မြို့တွင်းသို့ ဆွမ်းခံ ဝင်လေသည်။ ထိုအချိန်တွင် မင်းသည် ဆင်စီး၍ မြို့ကို လက်ယာရစ် တိုင်းခန်းလှည့်လည်နေလေသည်။ မင်းသည် ခပ်လှမ်းလှမ်းမှလာနေ သော ရသေ့ကြီးကို ဆင်ကျောကုန်းမှ လှမ်းမြင်လိုက်သည်နှင့် မှတ်မိ လေသည်။ ထိုအခါ မင်းက ဤသို့ကြံစည်လေသည်။

"ရသေ့ယုတ် ငါ့ထံတော်၌ စားသောက်နေထိုင်လို၍ လာနေပြီ၊ ငါ့အပေါ် သူပြုဖူးသောကျေးဇူးတရားကို အခြားသူများအား မပြော ပြမီ ထိုရသေ့၏ဦးခေါင်းကို ဖြတ်ခိုင်းမည်" ဟု ကြံစည်လေသည်။ ထိုအကြံအစည်အတိုင်း မင်းမှုထမ်းတို့အား ရသေ့ကိုဖမ်း၍ သုသာန် တွင် ကိုယ်ကို တံကျင်လျှိုပြီး ခေါင်းဖြတ်သတ်ရန် အမိန့်ပေးလိုက်လေ သည်။

မင်းမှုထမ်းတို့သည် မင်းအမိန့်အတိုင်း ဆောင်ရွက်ကြလေသည်။ ထိုအခါ ရသေ့ကြီးသည် မည်သို့မျှမပြုဘဲ "မြစ်ရေကြောထဲမှ မျောလာသော ထင်းတုံးကို ဆယ်ခြင်းက မြတ်၏၊ သူ့ကျေးဇူးကို မသိတတ်သော ယောကျ်ားယုတ်ကို ဆယ်တင်ခြင်းက မမြတ်ပေ၊ ဤသို့ ပညာရှိများဆိုခဲ့သော စကားသည် မှန်၏" ဟူသော စကားကိုသာ ဆိုနေလေသည်။ ရသေ့အား မင်းမှုထမ်းတို့ ရိုက်ပုတ်တိုင်း ထိုသို့ ရွတ်ဆိုလေသည်။

ထိုအခါ စဉ်းစားမြော်မြင်တတ်သူများက ထိုစကားနှင့်ပတ်သက်၍ မေးမြန်းကြသောအခါ ရသေ့ကြီးက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်လေသည်။

ထိုအခါ တိုင်းသူပြည်သားများသည် ငါတို့၏မင်းသည် မိမိ၏ အသက်ကို ကယ်တင်ပေးခဲ့ဖူးသူ၏ ကျေးဇူးတရားကိုမှမသိပေ၊ ထိုမင်းယုတ်၏ လက်အောက်တွင် နေရခြင်းဖြင့် ငါတို့အား အဘယ်မှာ စီးပွားချမ်းသာတို့ တိုးတက်ဖြစ်ထွန်းနိုင်အံ့နည်း၊ ထိုမင်းယုတ်ကို ဖမ်းကြလော့ဟုဆိုပြီး မင်းကို ဆင်ပေါ်မှဆွဲချကာ သတ်ဖြတ်လိုက်ကြလေသည်။ ရသေ့ကြီးအား ဘိသိက်သွန်းကာ မင်းအဖြစ် တင်မြှောက်လိုက်ကြလေသည်။ ဤဇာတ်တော်မှာ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စံကိရဇာတ်တော် ဖြစ်ပါသည်။

ထိုဇာတ်တော်နှင့်စပ်၍ မဃဒေဝလင်္ကာဆရာတော်က ဤသို့ ရေးစပ်ခဲ့ပါသည်။

**"ရေမျောထင်းယောင်း၊ ဆယ်သော်ကောင်း၏၊ အကြောင်းမညှာ၊ ပညာမဲ့ထ၊ လူ့ဗာလကို၊ မ,စကယ်မိ၊ အပြစ်ရှိခဲ့၊ မသိကျေးဇူး၊ တိမ်မြုပ်ပျောက်ချေ၊ ကြက်သောက်ရေသို့၊ ပျောက်ကြေဆုံးဘိ၊ ကျိုးမရှိဘူး"** ဟု စပ်ဆိုခဲ့ပါသည်။

ပညာမဲ့သူ, ကျေးဇူးမသိတတ်သူ, ကျေးဇူးကန်းသူတို့အပေါ် ပြုသော ကျေးဇူးသည် အကျိုးမထင်ဘဲ ကောင်းကင်မှထိန်တောက်ပြီး ပျောက်ကွယ်သလို၊ ကြွက်သောက်သောရေ ပျောက်ဆုံးသလို ပျောက်ဆုံးရရှာလေသည်။

အသိဉာဏ်ရှိသော လူတို့သည်ပင် မာန၊ လောဘ၊ အာဃာတ၊ ဒေါသ၊ မောဟတရားတို့ ဖုံးကွယ်ခံရသောအခါ အမှားအမှန်၊ အကြောင်းအကျိုးတို့ကို မခွဲခြားနိုင်ဘဲ တိရစ္ဆာန်တို့ထက်ပင် ဆိုးဝါး တတ်လေသည်။

ထို့ကြောင့် ကတညုတ ကတဝေဒီ သူတစ်ပါး၏ကျေးဇူးကို မသိ တတ်သော ဉာဏ်ပညာကင်းသူတို့မှာ လဆုတ်လကဲ့သို့ အကျိုးစီးပွား ဆုတ်ယုတ်တတ်ပုံကို မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်က ဤသို့ရေးဖွဲ့ထားခဲ့ပါသည်။

**"ဤလူ့ဘဝ၊ လူ့လောက၌၊ ဉာဏသမ္ပဒ်၊ ကင်းမယဉ်ဘဲ၊ ကတညုတ၊ ကတဝေဒီ၊ မသိတတ်သူ၊ လူမသမာ၊ ထိုများစွာတို့၊ ချမ်းသာစီးပွား၊ လျော့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူး၊ ဓမ္မကရိုဏ်းစစ်ရေ၊ ကျဖျားရေသို့၊ သရေမတိုး၊ ဘုန်းရောင်ညှိုးလျက်၊ တစ်ခိုးနေ့ညာ၊ ဆုတ်လ ပမာ၊ ယုတ်တတ်စွာ၏"** (မဃဒေဝလင်္ကာ၊ ပိုဒ် ၁၉၈)

ထို့ကြောင့် လဆုတ်လကဲ့သို့ မဆုတ်ယုတ်စေဘဲ လဆန်းလကဲ့ သို့ တဖြည်းဖြည်း ပြည့်ဖြိုးလာစေရန် ကျေးဇူးတရားကို တန်ဖိုးထား တတ်ကြပါစေ။

# (၂၁) ကျေးဇူးကန်းသော သူငယ်ချင်း

မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၌ မာဂဓမင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုတိုင်းပြည်၌ သင်္ခအမည်ရှိသော သူဌေးကြီး ဖြစ်လေသည်။ သင်္ခသူဌေးသည် ကုဋေရှစ်ဆယ် ကြွယ်ဝသည်။ ဗာရာဏသီပြည်၌လည်း ကုဋေရှစ်ဆယ် ကြွယ်ဝသော ပီဠိယအမည် ရှိသော သူဌေးကြီးတစ်ဦး ရှိလေသည်။ ထိုသူဌေးနှစ်ဦးသည် သူငယ်ချင်း မိတ်ဆွေများဖြစ်ကြသည်။ တစ်ခါသော် ပီဠိယသူဌေး သည် အဆင်မပြေ၍ စီးပွားဥစ္စာအားလုံး ကုန်ဆုံးသွားခဲ့လေသည်။ မှီခိုအားထားရာမရသောအခါ ဇနီးကိုခေါ်၍ ရာဇဂြိုဟ်ရှိ သင်္ခသူဌေး ကြီးထံ အကူအညီတောင်းခံခဲ့လေသည်။

ထိုအခါ သင်္ခသူဌေးက မိတ်ဆွေ ပီဠိယသူဌေးအား မိမိပိုင် ကုဋေရှစ်ဆယ်မှ ကုဋေလေးဆယ်ကိုခွဲဝေ၍ ကူညီပေးလိုက်လေ သည်။

နောက်များမကြာမီမှာပင် သင်္ခသူဌေးသည် ပီဠိယသူဌေးကဲ့သို့ ပင် ပစ္စည်းဥစ္စာကုန်ခန်း၍ အဆင်မပြေဖြစ်လေသည်။ သို့သော် သင်္ခ သူဌေးကား မစိုးရိမ် မပူပန်ခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် ပီဠိယ သူဌေး ဆင်းရဲခဲ့စဉ်က မိမိကူညီထောက်ပံ့ပေးခဲ့သဖြင့် မိမိဆင်းရဲသည့် အလှည့်တွင်လည်း ပီဠိယသူဌေးက တုန့်ပြန်ကူညီမှုပြုလိမ့်မည်ဟု မျှော်လင့်မိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သင်္ခသူဌေးသည် ဇနီး ကိုခေါ်၍ ပီဠိယသူဌေးထံသို့ သွားလေသည်။ မြို့အဝင်သို့ ရောက် သောအခါ သင်္ခသူဌေးက ဇနီးကို ဇရပ်တွင်ထားခဲ့ပြီး "ငါတစ်ယောက် တည်း သူငယ်ချင်းပီဠိယသူဌေးအိမ်ကို သွားနှင့်မယ်၊ သူ့အိမ်သို့ ရောက်ပြီးကာမှ သင့်အားကြိုရန် ရထားလွှတ်လိုက်မယ်" ဟု မှာထား ခဲ့ပြီး ပီဠိယသူဌေးအိမ်သို့ သွားလေသည်။

ပိဋိယသူဌေးသည် သခ်သူဌေးဟောင်းကို မြင်တွေ့သော်လည်း နေရာမှပင် မထပေ။ လောကဝတ်လည်းမပြု မျက်နှာထားတင်းတင်း နှင့်နေကာ သခ်လာသောအကြောင်းကိုလည်း ရိပ်စားမိလေသည်။ သို့ဖြင့် ပိဋိယသူဌေးက ဤသို့လှမ်း၍ပြောဆိုလိုက်သည်။ "ဤအိမ် တွင် သင်တို့အတွက် တည်းခိုရန်နေရာမရှိပါ၊ ရိက္ခာကိုယူ၍ သင့်လျော်သောနေရာမှာ ချက်ပြုတ်စားသောက်ကြပါ၊ နောက်နောင် လည်း ဤအိမ်သို့မလာပါနှင့်" ဟု ပြောဆိုပြီး သခ်အား ဖွဲတစ်ဆုပ် ကိုသာ ပေးလိုက်လေသည်။

သခ်သူဌေးသည် ဇရပ်သို့ပြန်လာပြီး အကျိုးအကြောင်းတို့ကို ဇနီးသည်အား ပြောပြလေရာ ဇနီးသည်က ဤဖွဲတစ်ဆုပ်သည် ကုဋေ လေးဆယ် တန်သလောဟုဆို၍ ငိုတမ်းပြီး ပြောလေသည်။ သခ်သူဌေးကား မေတ္တာမပျက်ပေ။

ထိုအချိန်တွင် ပိဋိယသူဌေး ဆင်းရဲစဉ်က ပေးအပ်ခဲ့သော သခ် သူဌေး၏ အလုပ်သမား (ကျွန်) တစ်ယောက်သည် ဇရပ်အနီးသို့ ရောက်လာသည်။ သူသည် သခ်သူဌေး၏ဇနီးငိုသံကိုကြား၍ ဇရပ်သို့ ဝင်ကြည့်သောအခါ သူ၏သခင်များဖြစ်နေကြောင်း သိလေသည်။ သို့ဖြင့် သူသည် အခြားကျေးကျွန်များနှင့် ညှိနှိုင်းတိုင်ပင်၍ သခ်သူဌေး ဇနီးမောင်နှံတို့ကို အိမ်သို့ဆောင်ယူလာလေသည်။ ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ထားပြီး သုံးလေးရက်ရောက်သောအခါ ကျွန်အားလုံး စုရုံး၍ မင်းရင်ပြင်သို့သွားကြလေသည်။ ထိုအကြောင်း ကို မင်းကြီးသိအောင် ဟစ်ကြွေးပြောဆိုကြလေသည်။ မင်းကြီးသည် ထိုကျွန်တို့မှတဆင့် ထိုအကြောင်းကို အစအဆုံး သိရှိလေသည်။ ထိုအခါ မင်းကြီးသည် ထိုသူဌေးနှစ်ဦးကိုခေါ်၍ စစ်ဆေးမေးမြန်းကာ ပိဋိယသူဌေးပိုင်ပစ္စည်းကို သခ်သူဌေးအား ပေးစေလေသည်။

သို့ရာတွင် သခ်သူဌေးသည် ကုဋေလေးဆယ်မျှကိုသာယူ၍ ပြန်သွားလေသည်။

ဤ အသမ္ပဒါနဇာတ်တော်ကို သုံးသပ်ကြည့်ပါက ကျေးဇူးကန်းသော ပီဠိယသူဌေး၏ အပြုအမူတို့ကို သိရှိရပါလိမ့်မည်။ ထို့ကြောင့် မိမိအပေါ် တစ်ဖက်လူက ကျေးဇူးကန်း၊ ကျေးစွပ်ပါသော်လည်း မိမိက သူ့အပေါ် မေတ္တာမပျက်ပါနှင့်၊ ခွင့်လွှတ်လိုက်ပါဟု ပြောလိုပါသည်။ ထိုသို့မကျင့်နိုင်ပါက မိမိမှာ ၄င်း၏ကျေးဇူးတုန့်ပြန်မှုကိုမရဘဲ အကုသိုလ်သာရစရာ ဖြစ်လာပါလိမ့်မည်။

## (၂၂) ကျေးဇူးကန်းသော ပုဏ္ဏားယုတ်

အမှန်စင်စစ်မှာ ကျေးဇူးရှင်ကို ကျေးစွပ်သူတို့မှာ ပျက်စီးရတတ်သည်သာ များပေသည်။ အစစအရာရာ ဆုတ်ယုတ်ပျက်ပြား ယိုယွင်းရတတ်သည်။ ကျေးဇူးကန်းသူသည် ယုတ်မာရက်စက်တတ်ပါသည်။ ထိုစကားကို မဟာကပိဇာတ်တော်ဖြင့် ပေါ်လွင်ထင်ရှားစေပါသည်။

ကာသိရွာသား ပုဏ္ဏားတစ်ဦးသည် နွားပျောက်၍ လိုက်ရှာရင်းဖြင့် တောထဲသို့ ရောက်မှန်းမသိရောက်လာလေသည်။ ထိုပုဏ္ဏားသည် ခုနစ်ရက်တိုင်တိုင် အစာမစားရဘဲ နွားလိုက်ရှာရင်း ချောက်ကမ်းပါးပျက်ကြီး တစ်ခုပေါ်တွင် တည်ပင်တစ်ပင်ပေါ်တက်၍ တည်သီးများ ခူးဆွတ်စဉ် ချောက်ကမ်းပါးပျက်ကြီးထဲသို့ လိမ့်ကျသွားလေသည်။ ပုဏ္ဏားကြီးသည် ထိုချောက်ကြီးထဲ၌ ဆယ်ရက်မျှကြာသွားလေသည်။ အစာငတ်ရေငတ်နှင့် ချောက်ကမ်းပါးပျက်ကြီးထဲကျနေသော ပုဏ္ဏားကို ဘုရားလောင်းမျောက်မင်းက တွေ့ရှိလေသည်။ ပုဏ္ဏားကြီးက ငိုကြွေးပြီး အကူအညီတောင်းလေသည်။

ဘုရားလောင်းမျောက်မင်းက သူ့ကိုကယ်ဆယ်ရန် သူနှင့် အလားတူ လေးလံသော ကျောက်တုံးကြီးတစ်တုံးကို သူ့ကျောပေါ် တွင်တင်၍ ချောက်ထဲမှ ခုန်တက်ကြည့်လေသည်။ ခုန်တက်နိုင်သော အခါ ပုဏ္ဏားကြီးကို ကျောကုန်းပေါ် ပိုးချီ၍ ချောက်ထဲမှ ခုန်တက်၍ ကယ်တင်ပေးလိုက်လေသည်။ အပေါ်သို့ရောက်သောအခါ မောပန်း လွန်းသော ဘုရားလောင်း မျောက်မင်းသည် ကျောက်ဖျာငယ်တစ်ခု ပေါ်တွင် ခဏမျှ အိပ်စက်နေလိုက်သည်။

ထိုအခိုက်တွင် ပုဏ္ဏားသည် ဤသို့ကြံစည်မိလေသည်။ ငါသည် အိမ်သို့ပြန်သောအခါ မည်သည့်အရာဝတ္ထုမှမပါလာလျှင် ပုဏ္ဏေးမက ကြည်ဖြူမည်မဟုတ်၊ ယခု ငါလည်း မည်သည့်အစားအစာမှ မစားရ သေး၊ ဤမျောက်ကိုသတ်ပြီး အသားကို ငါလည်းစားမည်၊ ကျန် အသားများကို ဇနီးအတွက်လည်း ယူသွားမည်ဟု ကြံစည်လေသည်။ ထိုအကြံအစည်အတိုင်း ပုဏ္ဏားသည် မောပန်း၍ အိပ်ပျော်နေသော မျောက်မင်း၏ဦးခေါင်းကို ကျောက်ခဲဖြင့် ပြင်းစွာထုရိုက်လေတော့ သည်။ သို့သော် မျောက်မင်းမှာ အသက်မသေဘဲ နီးစပ်ရာသစ်ကိုင်း တစ်ခုပေါ်သို့ ခုန်တက်လိုက်ရလေသည်။

ထိုအခါ ပုဏ္ဏားကြီးသည် သွားလမ်းကိုမသိ၍ ငိုကြွေးလေသည်၊ ဘုရားလောင်းမျောက်မင်းသည် ဒဏ်ရာပြင်းစွာရ၍ ဦးခေါင်းမှ သွေးစိမ်းများ စီးကျသွားလေသည်။ သို့သော် ဘုရားလောင်း မျောက်မင်းက ပုဏ္ဏားအားဤသို့ပြောဆိုလေသည်-

"အို-ပုဏ္ဏား၊ သင်သည် မြေပြင်မှသွားလော့၊ ငါသည် သင်နှင့် အတူ မသွားရဲပါ။ ငါသည် သစ်ကိုင်းများအတိုင်း ခုန်လျှောက်၍ လမ်းပြပါမည်။ ငါ့ကိုယ်မှကျသော သွေးစက်ကို အမှတ်သညာပြု၍

လိုက်ခဲ့ပါ" ဟု ပြောဆိုကာ မျောက်မင်းသည် ထိုနည်းအတိုင်း ပုဏ္ဏား အား လမ်းပြ၍ လူသွားလမ်းပေါ်သို့ရောက်အောင် ပို့ပေးခဲ့လေသည်။

ပုဏ္ဏားသည် ကျေးဇူးရှင် မျောက်မင်းကို ပြစ်မှားမိခဲ့သည့် ကံကြောင့် နူနာရောဂါစွဲကပ်ပြီး လူ့ပြိတ္တာကြီး ဖြစ်သွားလေသည်။ ပုဏ္ဏားသည် ခုနစ်နှစ်တိုင်တိုင် ထိုဆင်းရဲဝေဒနာကို အလူးအလဲ ခံစားရင်း နောက်ဆုံးတွင် မြေမျိုခံရလေသည်။

ထို့ကြောင့် မပြစ်မှားထိုက်သော ခင်ပွန်းကြီးတို့အား ပြစ်မှားမိ သူတို့မှာ ရှေ့တွင်ဖော်ပြခဲ့သော ဒဏ်(၁၀)ပါးတို့မှ တစ်မျိုးမဟုတ် တစ်မျိုး ခံစားရမည်မှာ အမှန်ပင်ဖြစ်ပေသည်။

အချို့ ကျေးဇူးကန်းသူတို့မှာ ဒဏ်(၁၀)ပါးကို တိတိကျကျ မသိ ကြသဖြင့် မျက်ကန်းတစ္ဆေမကြောက်သလို ကျေးဇူးရှင်တို့အား ပြစ်မှား ကြခြင်းဖြစ်သည်။

ကျေးဇူးရှင်တို့အား ပြစ်မှားသော အပြစ်ဒဏ်တို့ကို သိပါလျက် နှင့် ဇွတ်တိုးမိုက်သူ ကျေးဇူးကန်းသူတို့လည်း ရှိကြပေသည်။ ထိုသူ တို့ကား ပိုးဖလံမျိုးတို့တည်း။

ထိုသို့ ဇွတ်တိုးမမိုက်ဖို့ရန် ထပ်မံ၍ သတိပေးလိုပါသည်။ ကျေးဇူး သိတတ်သူတို့ ရရှိခံစားရသော အကျိုးတို့ကို လူတိုင်းခံစားနိုင်ပါစေ ဟု ဆန္ဒပြုလိုက်ရပါသည်။

## (၂၃) ကျေးဇူးကန်းသောအစ်ကို

အတိတ်ဇာတ်လမ်းတို့တွင်သာ ကျေးဇူးကန်းသူ၊ ကျေးဇူးတိမ်မြုပ် သူတို့ ရှိခဲ့ကြသည်မဟုတ်ပါ။ ယခုမျက်မှောက် ပစ္စုပ္ပန်တွင်လည်း ကျေးဇူးကန်းသူ၊ ကျေးဇူးချေဖျက်သူတို့ အနမတဂ္ဂပင် ရှိပါသည်။

တစ်ခုသော သင်္ကြန်ကာလအတွင်းတွင် လူငယ်တို့သောက်စား ပျော်ပါးပြီး မြူးထူးရေပက်ကြရာမှ အချင်းချင်း ခိုက်ရန်ဖြစ်ပွားကြလေသည်။ ရန်ဖြစ်သောသူများကို ရဲများက ဖမ်းဆီးပြီး အချုပ်ထဲ ထည့်ထားလိုက်လေသည်။ ထိုအထဲတွင် ကိုနောင်ထူးဆိုသူ လူငယ် တစ်ဦးလည်းပါသည်။

ထို နောင်ထူးသည် နဂိုကပင် ဆိုးပေနေသူဖြစ်သည်။ သူတို့တွင် မောင်နှမ(၅)ဦးရှိသည်။ ထိုတွင် ကိုနောင်ထူးက အကြီးဆုံးဖြစ်သည်။ သူ့အောက်တွင် နှမလေးသုံးယောက်နှင့် ညီငယ်တစ်ယောက်ရှိသည်။ ကိုနောင်ထူးသည် အိမ်မှာနေစဉ်တွင်လည်း အလုပ်ကို မည်မည်ရရ မလုပ်ဘဲ နှမငယ်များနှင့် ညီငယ်တို့အပေါ် ဗိုလ်ကျပြီး စားသောက် နေသူဖြစ်သည်။ နှမငယ်များမှာ အထည်စက်ရုံတွင် အလုပ်လုပ်ကြ သည်။ လကုန်၍ လခထုတ်သောနေ့များမှာဆိုလျှင် နှမငယ်များမှာ သူတို့အစ်ကိုကြီးကို မပေးချင်ဘဲ ပိုက်ဆံပေးရသည်။ ထမင်းလည်း ကျွေးရသည်။ ဒီကြားထဲ ဟိုအတွက်ပေးပါဦး တစ်ထောင်၊ ဒီအတွက် ပေးပါဦး ငါးရာ စသည်ဖြင့် တောင်းတိုင်းလည်း ပေးရသည်။

ကိုနောင်ထူးသည် သူ့စိတ်တိုင်းကျမဖြစ်သောအခါ နှမငယ်များ ကို ဆဲဆိုရိုက်နှက်တတ်သေးသည်။ သို့သော်လည်း နှမငယ်များမှာ အစ်ကိုကြီးအား မည်သို့မှမမုန်းဘဲ ချင်ခင်ကြသည်။ သူတို့အစ်ကိုကြီး နှိပ်စက်သမျှကို ခံကြလေသည်။ ယခုလည်း အစ်ကိုကြီးနောင်ထူး အချုပ်ခန်းထဲရောက်နေလေပြီ။ နှမငယ်တို့မှာလည်း အလုပ်ကိုယ်စီ နှင့်ဖြစ်၍ မည်သူမျှအားသည်ဟူ၍ မရှိကြပေ။ သို့သော်လည်း နှမ အကြီးသည် အလုပ်မှခွင့်ယူ၍ အစ်ကိုကြီးအား ထမင်းဟင်း လာပို့ ရလေသည်။

တစ်နေ့တွင် နှမအကြီးက သူ့အစ်ကိုအား ထမင်းလာပို့စဉ် အစ်ကိုကြီးကိုနောင်ထူးက "ငါ့အတွက် ဆေးလိပ်နှင့်ကွမ်းယာ မပါလာဘူးလား" ဟုမေးလေရာ နှမအကြီးက "အစ်ကိုကြီးရေ၊ ညီမမှာ အလုပ်လုပ်တဲ့ ညီမငယ်တွေအတွက်လည်း ချက်ရပြုတ်ရသေးတယ်၊ အိမ်မှာလည်း လျှော်ဖွပ်ရသေးတယ်၊ အစ်ကိုကြီးအတွက် အာမခံရဖို့ အတွက်လည်း လိုက်လုပ်ရသေးတယ်၊ ဒါကြောင့် အစ်ကိုကြီးအတွက် ဆေးလိပ်တို့ ကွမ်းယာတို့ မေ့ကျန်ခဲ့ပါတယ်" ဟု ပြောလေသည်။

ထိုအခါ အချုပ်ခန်းထဲရောက်နေသော အစ်ကိုကြီးကိုနောင်ထူးက ထမင်းလာပို့သည်ကို ကျေးဇူးမတင်ပါဘဲ ထိုညီမအား ရစရာမရှိအောင် ဆဲဆိုကြိမ်းမောင်းပြောဆိုလေသည်။

အမှန်တကယ်စဉ်းစားကြည့်လျှင် အချုပ်ခန်းထဲ ထမင်းလာပို့သည်ကိုပင် ထိုနှမအား ကျေးဇူးတင်ဖို့ကောင်းလှပြီဖြစ်သည်။ ယခုမှာမူ ဆေးလိပ်၊ ကွမ်းယာ မယူလာ၍ ဆဲဆိုကြိမ်းမောင်းသော ကိုနောင်ထူးမှာ သူ့လုပ်စာလည်း ဘာတစ်ခုမှမရှိပေ၊ သူရှာဖွေထားသော ပစ္စည်းဥစ္စာတို့ကို သူ့ညီမတို့အား ကျွေးမွေးနေရပါလျှင် ဟုတ်သေးသည်၊ ယခုမှာမူ မိမိရှာဖွေထားသော ပစ္စည်းဥစ္စာကလည်း တစ်ခုမှမရှိပါဘဲ သူ့အလိုဆန္ဒအတိုင်းမဖြစ်၍ ဆဲဆိုသော ကိုနောင်ထူးကို ဘယ်လိုလူမျိုးဖြစ်မှာလဲဟု စာရှုသူတို့အားသာ မေးရမလို ဖြစ်နေပေသည်။

သို့နှင့် ညီမဖြစ်သူက သူ့အစ်ကိုကြီး အာမခံရရန်အတွက် မိမိတို့နှင့် ဆွေမျိုးတော်စပ်သူတစ်ဦးအား အကူအညီသွားတောင်းခံရလေရာ ထိုသူ၏ အာမခံဖြင့် ကိုနောင်ထူး အချုပ်ခန်းမှ ထွက်လာရသည်။ သို့သော် ရန်ဖြစ်မှုကား မပြီးပြတ်သေး၊ ဆုံးဖြတ်စီရင်ချက်ချရန် ရုံးချိန်းသွားရဦးမည်ဖြစ်သည်။

အမှုကို အာမခံရဖို့ရန်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။ အာမခံသူမှာ တာဝန်ရှိသည်။ ထိုအာမခံသူမှာ အိုးပိုင်အိမ်ပိုင်လည်း ရှိသူ ဖြစ်ရမည်၊ သို့မှ အာမခံခွင့်ရှိသည်။

ကိုနောင်ထူးအတွက် အာမခံပေးသော ဦးလေး ဦးအောင်မြိုင်မှာ မြေဂရန်၊ အိမ်ဂရန်မိတ္တူတို့ကို ရဲစခန်းတွင်ပေးပြီးမှ အာမခံခွင့်ပြုသည်။

ဦးအောင်မြိုင်သည် တူသားတော်စပ်သူ ကိုနောင်ထူးကိုငဲ့ကွက်၊ နှမငယ်များကို သနား၍ ကိုနောင်ထူးကို အာမခံပေးခြင်းဖြစ်သည်။ သို့သော် ကိုနောင်ထူးသည် သူ့ပါးစပ်မှ အပြောကောင်းသလောက် သူတစ်ထူး၏ ကျေးဇူးတရားကို တန်ဖိုးထားသူ၊ နားလည်သူမဟုတ်။

အာမခံဖြင့် အချုပ်ခန်းမှထွက်လာပြီးနောက် တစ်ရက်တွင် ရုံးချိန်းမသွားဘဲ ကိုနောင်ထူး ထွက်ပြေးလေသည်။

ဦးအောင်မြိုင်အား အမျိုးမျိုးတောင်းပန်၍ အာမခံပေးပါရန် အကူအညီသွားတောင်းသော နှမငယ်(၃)ဦးမှာ မည်သို့ဆက်လုပ်ရမှန်းမသိ ဖြစ်နေရလေသည်။

ထို့ကြောင့် မန်လည်ဆရာတော်က ဤသို့စပ်ဆိုခဲ့ပါသည်-

**"နှုတ်သံချိုပျား၊ စိတ်သံမြားနှင့်၊**
**ထွေပြားနှလုံး၊ သူမိုက်ထုံးကား၊**
**မသုံးသစွာ၊ ကျင့်တတ်စွာ၏"** (မဃဒေဝ၊ ပိုဒ် ၂၀၉)

ဟူ၍ ဆိုခြင်းဖြစ်သည်။

ကျေးဇူးကန်းခြင်း၊ ကျေးစွပ်ခြင်းနှင့် ပတ်သက်၍ ဇာတ်နိပါတ်တို့၌ အခြားအခြားသော သက်သေသာဓကတို့လည်း များစွာရှိသကဲ့သို့ ယခုခေတ်မှာလည်း ကျေးဇူးကန်းတတ်သူတို့ကို များစွာမြင်တွေ့

နိုင်ပါသည်။ ကျေးဇူးကန်းပုံအမျိုးမျိုး၊ ကျေးဇူးကန်းတတ်သူ အမျိုးမျိုး တို့ကို စာရှုသူတို့ကိုယ်တိုင် သိရှိမြင်တွေ့ဖူးကြပါလိမ့်မည်။

အချို့ ကျေးဇူးကန်းသူတို့မှာ အလွန်အံ့ဩစရာ (နှလုံးနာစရာ) ကောင်းလောက်အောင် ကျေးစွပ်တတ်ကြသည်။ ထိုသို့ ကျေးဇူးကန်း၊ ကျေးစွပ်သူတို့ကို မြင်တွေ့ပါက ဆင်ခြင်၍ သတိရဖို့ မိမိလည်း ထိုသူ တို့ကဲ့သို့ ကျေးဇူးမကန်းဖို့ သတိတရားရှိရန် လိုပါသည်။ ထို့ထက် တတ်နိုင်လျှင် ထိုကျေးဇူးကန်းသူတို့အား ကျေးဇူးတရားကို သိလာ အောင်၊ မြင်လာအောင် ဆောင်ကျဉ်းပေးနိုင်ပါက လွန်စွာအကျိုးများ နိုင်ပါသည်။

အသိရှိသော လူသားတိုင်း သူတစ်ထူး၏ကျေးဇူးကို မြတ်နိုး တန်ဖိုးထားတတ်ကြပါစေ။

## (၂၄) ဝန်လေးနေသောအလုပ်

အများအားဖြင့် လူတို့၏သဘောမှာ သူများပြုပေးလိုက်သော ကျေးဇူးကိုသာ ခံယူတတ်ကြပြီး သူများအပေါ် ကျေးဇူးတုန့်ပြန်ရမည် ကို သို့မဟုတ် အခြားသူအား မိမိအပေါ် ကျေးဇူးရှိကြောင်းကို ထုတ်ဖော်ပြောဆိုရန်ကို ဝန်လေးနေတတ်ကြပေသည်။

အချို့ပုဂ္ဂိုလ်တို့သည် ကျေးဇူးရှိမှန်းတော့သိကြသည်၊ သို့သော် မိမိက သူများအား ကျေးဇူးတင်ရမည်ကို သို့မဟုတ် ကျေးဇူးရှိကြောင်း ပြောကြားရမည်ကို မသိချင်ယောင်ဆောင်နေတတ်ကြသည်။

အချို့ကျေးဇူးပြုခံထားရသောသူတို့မှာ မိမိ၏ရာထူး၊ စည်းစိမ်၊ ဂုဏ်ရှိန်တို့ကြောင့် သူများအပေါ်(ကျေးဇူးရှိသူအပေါ်) ထုတ်ဖော် မပြောတတ်ကြ။ မေ့သယောင်ယောင်၊ အခြေအနေမပေးသယောင် ယောင် လုပ်နေတတ်ကြသည်။

လောကတွင် ကျေးဇူးပြုခံချင်သူသာရှိသည်၊ မိမိက ကျေးဇူးပြုရမည်ဆိုလျှင် နောက်ဆုတ်နောက်ဆုတ် လုပ်နေတတ်ကြသည်။ ယုတ္တိမရှိဘဲ အကြောင်းအမျိုးမျိုးကိုပြလျက် သွေဖယ်ကွေ့ရှောင်တတ်ကြသည်။

အမှုမဲ့ အမှတ်မဲ့နေသူ၊ ကူညီရိုင်းပင်းသည့်စိတ်ထား ကင်းသူ၊ မေတ္တာ အကြင်နာခေါင်းပါးသူ၊ တစ်ကိုယ်ကောင်းဆန်သူ၊ ဘဝင်မြင့်မာနကြီးသူ၊ မောဟအားကြီးသူ၊ ကိုယ်ချင်းစာနာထောက်ထားမှုကင်းမဲ့သူတို့သည် သူတစ်ပါးပြုဖူးသော ကျေးဇူးတရားကို ထုတ်ဖော်ရန် ဝန်လေးနေတတ်သူများ ဖြစ်ကြသည်။ နောက်နေရာတကာမှာ အတ္တအစွဲအလန်းကို ရှေ့တန်းတင်သူ၊ ဆရာကြီးလုပ်လိုသူတို့သည်လည်း သူတစ်ပါး၏ ကျေးဇူးတရားနှင့်ပတ်သက်၍ ပြောဆိုရန်မှာ အလွန်ဝန်လေးနေကြသူများ ဖြစ်ကြသည်။ ထိုသူတို့မှာ ကျေးဇူးသိမှု၊ ကျေးဇူးဆပ်မှုနှင့် အလှမ်းကွာနေတတ်ကြသည်။

အချို့က မိမိအပေါ်ပြုခဲ့ဖူးသော ကျေးဇူးရှင်များ အကူအညီလိုနေသောအခါ စွမ်းဆောင်ပေးနိုင်ပါလျက် မသိချင်ယောင်ဆောင်နေတတ်ကြသည်၊ မျက်ကွယ်ပြုတတ်ကြသည်။ ပါးစပ်ကသာ အပြောကောင်းကောင်း ပြောဆိုပြီး ကိုယ်လက်နှင့် မကူညီတတ်ကြ။ လူမြင်သူမြင် နေရာမျိုး၌ အပေါ်ယံနှမ်းဖြူးလျက် ကျေးဇူးရှင်အတွက် လက်တွေ့အလုပ်လုပ်ရမည့်အချိန်၌ အကြောင်းအမျိုးမျိုးနှင့် ဟိုရှောင်ဒီကွေ့ လုပ်နေတတ်ကြသည်။ ဆင်ခြေပေး၍ ကျေးဇူးမတုန့်ပြန်ဘဲ လွှဲဖယ်ရှောင်တိမ်းတတ်ကြသည်။ မိမိကျေးဇူးရှင်အား မိမိကိုယ်တိုင် ထမ်းဆောင်တာဝန်ယူရမည့်ကိစ္စကို အခြားသူသို့ ပခုံးပြောင်းပေးတတ်ကြသည်။ မိမိမှုကား လူလည်လူပါးလုပ်၍ အပေါ်စီးက နေရာ

ယူတတ်သည်၊ အမှတ်ယူတတ်သည်။ ဤအပြုအမူမျိုးမှာ ကျေးဇူးသိတတ်သူ လူကောင်းသူကောင်းတို့၏လုပ်ရပ် မဟုတ်ပေ။

သူများအပေါ် မိမိကပြုဖူးသော ကျေးဇူးတရားကိုသာ တွင်တွင်ကြီး ပြောဆိုတတ်သော်လည်း မိမိအပေါ် သူများပြုဖူးသော ကျေးဇူးကိုကား ထိမ်ဝှက်ထားတတ်ကြသည်။ သူများကျေးဇူးကိုဖော်ထုတ်ရန် ဝန်လေးနေသူ၊ ကျေးဇူးဆပ်ရမည့်ကိစ္စကို ရှောင်ဖယ်ရှောင်ဖယ်လုပ်၍ မျက်ကွယ်ပြုနေသူ၊ ကျေးဇူးရှင်တို့အပေါ် ကျေးဇူးကျေပြီဟု သဘောထားသူများ အထူးသတိထားရန်လိုပေသည်။ ဤအကြောင်းအရာများနှင့် ပတ်သက်၍ ဇာတ်တော်ထဲက အဖြစ်အပျက်တစ်ခုကို တင်ပြလိုပေသည်။

လွန်လေပြီးသောအခါက ပုဏ္ဏားတစ်ဦးသည် ဘုရားလောင်း ဒွန်းစဏ္ဍားထံမှ အချိန်မရွေး သရက်သီးကို သီးစေနိုင်သော ဂါထာမန္တာန်အတတ်ကို သင်ကြားလေသည်။ ထို့နောက် ထိုပုဏ္ဏားသည် ဗာရာဏသီမင်းကြီးထံ ထိုပညာဖြင့် ခစားသောအခါ များစွာသော ပစ္စည်းဥစ္စာတို့ဖြင့် အပူဇော်ခံရလေသည်။

မင်းကြီးက ဤမန္တာန်အတတ်ပညာကို မည်သူ့ထံမှ သင်ယူတတ်မြောက်ခဲ့ပါသနည်းဟု မေးသောအခါ ပုဏ္ဏားက ဒွန်းစဏ္ဍားထံမှ သင်ယူတတ်မြောက်ခဲ့ရသည့် မိမိအဖြစ်ကို ရှက်လွန်းသဖြင့် ဒီသာပါမောက္ခဆရာကြီးထံမှာ သင်ယူခဲ့ပါသည်ဟု လိမ်လည်လျှောက်ထားလေသည်။

မင်းကြီးသည် ထိုပုဏ္ဏားအား နောက်တစ်ကြိမ် သရက်သီးကို သီးစေတတ်သော မန္တာန်ကို ရွတ်ဆိုခိုင်းသောအခါ ပုဏ္ဏားသည် မန္တာန်၏အစကိုပင် စဉ်းစား၍မရဘဲ မေ့ပျောက်သွားလေသည်။

ထို့ကြောင့် မင်းကြီးသည် ထိုပုဏ္ဏားအား နန်းတော်တွင်မထားဘဲ နှင်ထုတ်လိုက်လေတော့သည်။

ယခုမျက်မှောက်လောကတွင်လည်း အချို့သူတို့သည် မိမိ၏ တန်ခိုးဩဇာ ပညာဂုဏ်ရှိန်တို့ကြောင့် မိမိတို့၏မူလဆရာ၊ မိမိကို ကျေးဇူးပြုခဲ့သော ဆရာသမားတို့ကို မျက်ကွယ်ပြုထားတတ်ကြပေသည်။

မိမိအောက် ယုတ်နိမ့်သူတို့အထံမှ ကျေးဇူးတရားကို ရယူတတ်ကြသော်လည်း ထိုသူတို့အပေါ် ပြန်လည်ကျေးဇူးဆပ်ရန်၊ ထိုသူတို့အား ကျေးဇူးတင်ရန် ဝန်လေးနေတတ်ကြသည်။ မိမိ၏ကိုယ်ပိုင်အသိဉာဏ်စွမ်းဖြင့် သိသလို တတ်သလို၊ မိမိကပဲ လူတော်ကြီး ဖြစ်သလိုလိုဖြင့် သူများကျေးဇူးကို ဖုံးကွယ်ဝှက်ထားတတ်ကြလေလည်း။

ငါးဖမ်းသောဗျိုင်းထံမှ နည်းခံ၍ လှံကိုပါးစပ်ဖြင့် ဖမ်းယူတတ်သည့် အတတ်ပညာကို တတ်မြောက်လာသောလုလင်သည် သူ့ဆရာဗျိုင်းပါဟု ထုတ်ဖော်ပြောကြားရန် ဝန်လေးနေရာမှ အာခေါင်ကို လှံစူးဝင်၍ သေဆုံးရသောလုလင်၏ ဖြစ်ရပ်ကို သတိရသင့်လှပါသည်။

ရှေ့က မြန်မာစာသတ်ပုံကျမ်းကို ရေးသားသွားသော သီရိပျံချီဆရာဦးသာမြတ်သည် ဝေါဟာရတစ်လုံးကိုမသိ၍ သူတောင်းစားထံတွင် တပည့်ခံရဖူးသည်ကို သူ၏စာအုပ်နိဒါန်းတွင် ရေးသားထားသည်ကို ဖတ်ရှုရပါသည်။ ထို့ကြောင့် သူ့ကျေးဇူးတရားကိုသိ၍ ပြန်လည်တုန့်ပြန် အသိအမှတ်ပြုနိုင်ရေးအတွက် အသိဝင်သင့်လှပါသည်။ သို့ပါ၍ သူ့၏ကျေးဇူးတရားကို သိမြင်ရာ၌ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာရှိသူ မရှိသူဟု မခွဲခြားပါဘဲ ကျေးဇူးရှင်တို့အပေါ် လိုက်လိုက်လှဲလှဲ ကျေးဇူးတင်တတ်ဖို့လိုပါသည်။

မိမိတတ်နိုင်သည့် အခြေအနေဖြင့် ပြန်လည် ကျေးဇူးဆပ်ခွင့် ရသောအခါ မိမိတို့၏ ကျေးဇူးရှင်တို့အား ကျေးဇူးတုန့်ပြန်ဖို့သာ လိုပါတော့သည်။

စင်စစ်မှာ သူတစ်ပါးတို့က မိမိအပေါ်ပြုဖူးသော ကျေးဇူးတရားကို မထိမ်မဝှက်ဘဲ အခွင့်ကြုံတိုင်း ဖော်ထုတ်သင့်ပါသည်။ အခွင့်သာတိုင်း ကျေးဇူးဆပ်သင့်ပါသည်။ ထိုကျေးဇူးရှင်များ မျက်မှောက်တွင် ပြောကြားခြင်းထက် မျက်ကွယ်၌ ပြောကြားခြင်းက ပို၍သင့်လျော်လှပါသည်။ မည်သို့ပင်ဖြစ်စေ သူ့ကျေးဇူးကို ထုတ်ဖော်တုန့်ပြန်ရန် မည်သို့မျှ ဝန်မလေးသင့်ပေ။

## (၂၅) ဗုဒ္ဓကျေးဇူး

မိမိတို့အတွက်၊ တစ်စုံတစ်ရာအတွက် အကျိုးဖြစ်ထွန်းလာအောင် အထောက်အပံ့ပေးသူ(ပေးသောအရာ) တို့သည် ကျေးဇူးရှင်တို့ပင်ဖြစ်သည်။

ပုဂ္ဂိုလ်တစ်ဦးတွင် ထိုသို့သော ကျေးဇူးရှိသော၊ ကျေးဇူးပြုသော၊ ကျေးဇူးပြုခံရသောပုဂ္ဂိုလ် အကြောင်းအရာတို့ များစွာပင် ရှိတတ်ကြပေသည်။ ထိုအရာအားလုံးသည် မိမိတို့၏ကျေးဇူးရှင်တို့ပင်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့အတွက် ဘဝသံသရာ ချမ်းသာရေးကို ဆောင်ကြဉ်းသော ရတနာသုံးပါးနှင့် မိဘ ဆရာသမားတို့သည် ကျေးဇူးရှင်ကြီးများပင်ဖြစ်သည်။

ထိုတွင် ရတနာသုံးပါးဟူသော ဘုရား၊ တရား၊ သံဃာတို့သည် မိမိတို့အတွက် ပစ္စုပ္ပန်ချမ်းသာကြီးပွားကြောင်း၊ တမလွန်အတွက်လည်း အကျိုးစီးပွားဖြစ်ရန် ကျေးဇူးပြုကြသောကြောင့် အနန္တကျေးဇူးရှင်တို့ပင် ဖြစ်ပါသည်။

ထိုရတနာသုံးပါးအနက်မှ ဘုရားရတနာတည်းဟူသော နေမင်းကြီး ပေါ်ထွက်လာခြင်းကြောင့် လူအပါအဝင် သတ္တဝါအားလုံးတို့သည် ကုသိုလ်တရား၊ အကုသိုလ်တရားတို့ကို ခွဲခြား၍သိခွင့် ရရှိလာကြသည်။

ထို့ပြင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော ဒုဂ္ဂတိဘုံဘဝများ၊ လူ့ဘုံ နတ်ဘုံ စသော သုဂတိဘုံဘဝများရှိသည်ကိုလည်း သိခွင့်ရသည်။ ထိုဒုဂ္ဂတိဘုံဘဝသို့ ရောက်စေတတ်သော ဒုစရိုက်တရားများ၊ သုဂတိဘုံဘဝသို့ ရောက်စေတတ်သော သုစရိုက်တရားများကိုလည်း သိခွင့် ကျင့်သုံးခွင့် ရရှိကြပေသည်။ ထိုသို့ ကုသိုလ်နှင့် အကုသိုလ်၊ ဒုဂ္ဂတိဘုံဘဝ သုဂတိဘုံဘဝတို့သို့ ရောက်စေတတ်သော အကျင့်တရားများကို ဗုဒ္ဓမြတ်စွာက ဟောဖော်ညွှန်ကြားခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာ ဟောဖော်ညွှန်ကြား၍ သတ္တဝါတို့သည် မကောင်းသော အကျင့်တို့မှရှောင်ကြဉ်၍ ကောင်းသောအကျင့်တို့ကို ကျင့်ခွင့်ရကြသည်။ ထိုဗုဒ္ဓမြတ်စွာ၏ ကျေးဇူးကြောင့် သတ္တဝါတို့သည် ကောင်းသော အကျိုးကျေးဇူးများကို ရရှိကြရလေသည်။ ထို့ပြင် ဘဝသံသရာ၌ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ကြရသည်မှာ မြတ်ဗုဒ္ဓ၏ ကျေးဇူးတော်တို့ကြောင့်ပင် ဖြစ်ပါသည်။ ထိုအကြောင်းနှင့်စပ်၍ အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားက ဤသို့ဖွဲ့နွဲ့သီကျူးခဲ့ပါသည်-

**"ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထားလည်း၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘဝ၊ မသိရ၊ များလှအပြစ်တွေ"**

**“ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘာဝ၊ သိကြရ၊ များလှကျေးဇူးတွေ”** ဟူ၍ဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်များကို သိမြင်ကာ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ပွားများသရဇ္ဈာယ်၍ မြတ်စွာဘုရား သာသနာတော်ကြီးအား ပစ္စည်းဝတ္ထုတို့ဖြင့် လှူဒါန်းထောက်ပံ့ကာ ကျေးဇူးပြုခြင်း၊ မြတ်ဗုဒ္ဓတရားဓမ္မတို့ကို ကျင့်သုံးလိုက်နာသောအားဖြင့် ကျေးဇူးဆပ်ခြင်းတို့ဖြင့် ဗုဒ္ဓမြတ်စွာအား ကျေးဇူးဆပ်နိုင်ကြပါစေ။

## (၂၆) ဓမ္မကျေးဇူး

ဓမ္မဟူသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို ဆိုလိုပါသည်။ ထိုတရားတော်များမှာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော တရားတို့ပင်ဖြစ်သည်။ ထိုတရားတော်များသည် သတ္တဝါတို့အား အပါယ်ဆင်းရဲ စသည်တို့သို့ မကျရောက်စေဘဲ ချမ်းသာသုဂတိဘုံဘဝသို့ ဆောင်ပို့တတ်ပေသည်။

ထို့ပြင် ရဟန်းရှင်လူတို့လိုက်နာကျင့်သုံးရမည့်တရား၊ ရှောင်ကြဉ်စွန့်ခွာရမည့်တရားတို့လည်း ရှိပေသည်။ ထိုတရားတော်များတွင် ရှောင်ကြဉ်သင့်သည်ကို ရှောင်ကြဉ်၍လည်း ကောင်းကျိုးချမ်းသာတို့ကို ရရှိနိုင်ပါသည်။ လိုက်နာကျင့်သုံးသင့်သည်ကို လိုက်နာကျင့်သုံး၍လည်း ကောင်းကျိုးချမ်းသာတို့ကို ခံစားရပါသည်။

အထူးအားဖြင့် လူတို့ကျင့်သုံးနိုင်ရန် ဒါနတရား၊ သီလတရား၊ ဘာဝနာတရားတို့ကို ခွဲခြမ်းစိတ်ဖြာထားပါသည်။

သတ္တဝါတို့သည် ပေးကမ်းစွန့်ကြဲခြင်းဟူသော ဒါနကျေးဇူးကြောင့် ဘဝတိုင်းတွင် ချမ်းသာကြွယ်ဝနိုင်ပါသည်။

ကျင့်သုံးဆောက်တည်ရသော သီလကျေးဇူးကြောင့် ဘဝတိုင်းတွင် ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာဖြင့် နေထိုင်ရတတ်ပါသည်။ သမထ ဝိပဿနာတရား ပွားများခြင်း ကျေးဇူးကြောင့် လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်တရားတို့ငြိမ်းပြီး မဂ်ဖိုလ်တရားတို့ကို ရရှိနိုင်ပါသည်။ ထို မဂ်ဖိုလ်တရားတို့ကြောင့် မအို၊ မနာ၊ မသေ ထာဝရငြိမ်းအေးသော နိဗ္ဗာန်သို့ ရောက်ရှိနိုင်ပါသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။

ဥပမာ- ပဋာစာရီတို့ကဲ့သို့ သောကဖြင့် ငိုကြွေးပူဆွေးနေရသူတို့သည် တရားဓမ္မ ရရှိလာသောအခါ အားလုံးသော သောက၊ ပရိဒေဝတို့ ကင်းစင်သွားရတော့သည်။ ဓမ္မကျေးဇူးကြောင့် သတ္တဝါတို့သည် ပစ္စုပ္ပန် တမလွန် နှစ်တန်တို့၌ ကောင်းကျိုးချမ်းသာတို့ကို ခံစားရရှိနိုင်ပါသည်။ နောက်ဆုံးတွင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရလေသည်။ ဤသို့စသော ဓမ္မ၏ကျေးဇူးကား အဆုံးအပိုင်းအခြားမရှိဖြစ်ပါသည်။ ထို့ကြောင့် **ဓမ္မဂုဏော အနန္တော** ဟု ဆိုခြင်းဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဓမ္မများကို ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်း၊ သူတစ်ပါးတို့အား လိုက်နာနိုင်ရန် ဟောပြောဆိုဆုံးမခြင်း၊ ထို့ပြင် ပရိယတ္တိသာသနာ မကွယ်ပျောက်ရအောင် စောင့်ထိန်းခြင်း စသည်တို့ကို အားထုတ်၍ ဓမ္မအား ကျေးဇူးဆပ်ရမည်ဖြစ်ပါသည်။ ဤ၌ ဓမ္မကို ကျေးဇူးဆပ်ခြင်းသည်ပင် ဓမ္မသခင် ဘုရားရှင်ကိုလည်း ကျေးဇူးဆပ်ခြင်းပင် ဖြစ်ပါသည်။

# (၂၇) ရဟန်းသံဃာတော်များကျေးဇူး

ဗုဒ္ဓမြတ်စွာ လက်ထက်တော်ကပင် ရဟန်းသံဃာတော်များသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို မပျက်စီးရအောင် အစဉ်စောင့်ရှောက်ခဲ့ကြပါသည်။

ရဟန်းသံဃာတော်များသည် လူတို့၏ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပါသည်။

ရဟန်းသံဃာတော်များသည် လူတို့အား တရားဓမ္မတို့ကို ဟောပြောပြကြပါသည်။ တရားကို ကျင့်ကြံနိုင်အောင် နည်းလမ်းတို့ကို ပေးကြပါသည်။

ရဟန်းသံဃာတော်တို့အား လှူဒါန်း၍ များစွာသောကောင်းကျိုးတို့ကို ရရှိပါသည်။ ရဟန်းသံဃာတော်တို့ထံတွင် သီလဆောက်တည်ခြင်း၊ တရားဘာဝနာကျင့်သုံး၍ နည်းခံခြင်း စသော ကုသိုလ်ကောင်းမှု အလုပ်တို့ကို ပြုလုပ်ကြရပါသည်။

ရဟန်းသံဃာတော်တို့ကို အကြောင်းပြု၍ ရဟန်းသံဃာတော်တို့ထံတွင် ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို ပြုလုပ်ကြရ၍ သတ္တဝါတို့သည် များစွာသောကောင်းမှုတို့ကို ရရှိပါသည်။ ထို့ပြင် ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြရပါသည်။ ထို့ထက် ရဟန်းသံဃာတော်တို့သည် မြတ်စွာဘုရား၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတို့ကို မကွယ်ပျောက်ရလေအောင် စောင့်ရှောက်ခဲ့ကြပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် လေးလမြောက်သောအခါ အရှင်မဟာကဿပ အမှူးပြုသော ရဟန္တာငါးရာတို့သည် ရာဇဂြိုဟ်မြို့၊ ဝေဘာရတောင် စရည်းပင်ပေါက်ရောက်သော လိုဏ်ဂူ၌ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်

များကို မကွယ်ပျောက်ရအောင် စုပေါင်းရွတ်ဆို၍ ပထမသင်္ဂါယနာ တင်ခဲ့ကြပါသည်။

သာသနာတော်နှစ် ၁၀၀ သို့ ရောက်လာသောအခါ ဝေသာလီပြည်၊ ဝါလိကာရာမကျောင်း၌ အရှင်မဟာယသ အမှူးပြုသော ရဟန္တာခုနစ်ရာတို့သည် ဒုတိယသင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။

သာသနာတော်နှစ် ၂၃၅ ခုနှစ်သို့ ရောက်သောအခါ ပါဋလိပုတ်ပြည်၊ အသောကာရုံကျောင်းတိုက်၌ အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးပြုသော ရဟန္တာ(၁၀၀၀) တို့သည် တတိယသင်္ဂါယနာ တင်ခဲ့ကြပါသည်။

ရဟန်းသံဃာတော်များသည် ထိုသို့ မြတ်စွာဘုရား၏ သာသနာတော်သုံးရပ် မကွယ်ပရန်အတွက် အဆက်ဆက် ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့သည်ကို အလွန်ကျေးဇူးတင်စရာကောင်းပါသည်။ ထို ကျေးဇူးဂုဏ်တော်များကို အာရုံပြု၍ ရဟန်းသံဃာတော်များကို အမြဲ လက်အုပ်ချီမိုး ရှိခိုးပူဇော်ရန် ကောင်းပါသည်။

သံဃာတော်များ ထင်ရှားရှိနေခြင်းကြောင့်၊ ထိုသို့ စောင့်ရှောက်တော်မူခြင်းကြောင့် သာသနာတော်ကြီး မကွယ်ပျောက်ဘဲ ယနေ့ထိ ထင်ရှားရှိနေခြင်းပင် ဖြစ်ပါသည်။

သီဟိုဠ်ရဟန်းတော်တို့သည် စတုတ္ထသင်္ဂါယနာကို တင်ခဲ့ကြသည်။ ထို့အတူ မြန်မာနိုင်ငံတော်ရှိ ရဟန်းသံဃာတော်များကလည်း သာသနာတော်ကို စောင့်ရှောက်ခဲ့ကြပါသည်။

မြန်မာရဟန်းတော်တို့သည် မင်းတုန်းမင်းကြီး လက်ထက်တွင် ပဉ္စမသင်္ဂါယနာတင်ပြီး သာသနာတော်ကို စောင့်ရှောက်ခဲ့ကြပါသည်။

လွတ်လပ်ရေးရပြီးသောအခါတွင် မြန်မာနိုင်ငံ အစိုးရက ဒါယကာပြု၍ ညောင်ရမ်းဆရာတော် အမှူးပြုသော မြန်မာနိုင်ငံ

ရဟန်းတော်များသည် ဆဋ္ဌသင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။ ထိုမှ စ၍ ယနေ့မျက်မှောက်ရဟန်းတော်တို့သည် ပရိယတ်တာဝန်၊ ပဋိပတ်တာဝန်များကို ထမ်းဆောင်ကာ သာသနာတော်ကြီးကို စောင့်ရှောက်နေကြပါသည်။ ထို့ပြင် ပဋိပတ်ဝန်ဆောင် ရဟန်းတော်များ၏ကျေးဇူးကြောင့် ဒကာ၊ ဒကာမတို့သည် တရားဓမ္မများကို ကျင့်ကြံပွားများခွင့် ရရှိကြလေသည်။

ထိုရဟန်းတော်တို့၏ ကျေးဇူးတော်ကြောင့်ပင် ယခုအခါ တပည့်ဒကာ လူများစွာတို့မှာ ဗုဒ္ဓမြတ်စွာ၏ တရားတော်တို့ကို သိခွင့်၊ ကျင့်ခွင့်၊ ပွားများခွင့် ရကြလေသည်။ ထို့ပြင် ရဟန်းသံဃာတော်များနှင့်စပ်၍ ဒါနအမှု၊ သီလအမှု၊ ဘာဝနာအမှုတို့ကိုလည်း ပြုလုပ်ဆည်းပူးခွင့် ရရှိကြလေသည်။ ရဟန်းသံဃာတော်တို့ ဆိုဆုံးမမှုအတိုင်း ကျင့်သုံးရ၍ လူတို့သည် ပစ္စုပ္ပန်ကောင်းကျိုးတို့ကို ရရှိခံစားကြလေတော့သည်။ ဤသည်မှာ သံဃာတော်တို့၏ ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျေးဇူးတော်ရှင် ရဟန်းသံဃာတော်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်း၍ ကျေးဇူးဆပ်ကြရမည်ဖြစ်သည်။ ထို့ပြင် သံဃာတော်တို့၏ ဂုဏ်တော်များကို အမြဲနှလုံးသွင်းကာ ရဟန်းသံဃာတော်တို့၏ လုပ်ရပ်ဖြစ်သော ပရိယတ်၊ ပဋိပတ်အလုပ်တို့ကို အားပေးကူညီလှူဒါန်းခြင်းဖြင့် ကျေးဇူးဆပ်ရမည် ဖြစ်ပါသည်။

## (၂၈) မိဘကျေးဇူး

ဤလောက၌ မည်သို့မျှ ကျေးဇူးဆပ်၍ မကျေနိုင်သူနှစ်ဦး ရှိပေသည်။ ထိုအကြောင်းနှင့်စပ်၍ ဗုဒ္ဓမြတ်စွာက အင်္ဂုတ္တိုရ် ဒုကနိပါတ်သမစိတ္တဝဂ်တွင် ဤသို့မိန့်ဆိုထားပါသည် -

"ရဟန်းတို့၊ နှစ်ဦးသောသူတို့ကို လွယ်ကူစွာ ကျေးဇူးတုန့်ပြန်နိုင်သည်ဟု ငါမဟော၊ အဘယ်နှစ်ဦးတို့နည်းဟူမူ မိခင်နှင့် ဖခင်တို့ပင်တည်း။

ရဟန်းတို့၊ သားသမီးဖြစ်သောသူသည် အသက်(၁၀၀)တမ်း၌ ဖြစ်၍ အနှစ်(၁၀၀)ပတ်လုံး အသက်ရှည်ကာ ပခုံးတစ်ဖက်ဖြင့် အမိကို ဆောင်ယူ၍ လုပ်ကျွေးပြုစုရာ၏၊ ပခုံးတစ်ဖက်ဖြင့် အဖကို ဆောင်ယူ၍ လုပ်ကျွေးပြုစုရာ၏။ ထိုသားသမီးတို့သည် ထိုအမိအဖတို့အား အနံ့အသက်ကင်းအောင် အမွှေးအကြိုင် လိမ်းပေးခြင်း၊ အညောင်းအညာပြေအောင် နှိပ်နယ်ပေးခြင်း၊ ရေပူရေချမ်း ချိုးပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်းဖြင့် လုပ်ကျွေးပြုစုရာ၏။

ထိုမိဘတို့သည် ထိုသားသမီးတို့၏ ပခုံးပေါ်၌ပင် ကျင်ကြီးကျင်ငယ် စွန့်ရာ၏။

ရဟန်းတို့၊ ဤသို့ပင် မိဘတို့ကို ပြုစုပါသော်လည်း မိဘတို့အား ကျေးဇူးပြုခြင်း၊ ကျေးဇူးတုန့်ပြန်ခြင်း(ကျေးဇူးကျေသည်) မဖြစ်နိုင်သေးပေ။

ရဟန်းတို့၊ အကြင်သားသမီးသည် များစွာသောရတနာရှိသော ဤမဟာပထဝီမြေကြီးကို အုပ်ချုပ်စိုးပိုင်သော မင်းစည်းစိမ်၌ အမိအဖတို့ကို တင်မြှောက်ပါသော်လည်း ကျေးဇူးမကျေနိုင်သေးပေ။

ရဟန်းတို့၊ အဘယ်ကြောင့်ဆိုသော် မိဘတို့သည် သားသမီးတို့အား များသောကျေးဇူးကို ပြုကြသူတို့ဖြစ်သည်။ သားသမီးများကြီးပွားလာအောင် စောင့်ရှောက်လာကြသူတို့ဖြစ်သည်၊ ကျွေးမွေးသူတို့ဖြစ်ကြသည်။ ဤလောကကို ပြသ(သင်ကြားပြသ) ကြသူများဖြစ်ကြသောကြောင့်ပေတည်း" ဟူ၍ ဖော်ပြထားပါသည်။

ထို့ကြောင့် မယဒေဝလင်္ကာ၊ ပုတ္တောဝါဒခန်း၊ ပိုဒ်-၂၄၄ ၌ -

**"လူ့ဘုံဌာန၊ ဤလောက၌၊**

**မိကိုလက်ယာ၊ ဖမှာလက်ဝဲ၊**

**အမြဲဆောင်ရွက်၊ ပခုံးထက်တွင်၊**

**တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊**

**ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး"** ဟု စပ်ဆိုခဲ့ပါသည်။

မှန်ပါသည်၊ မိဘများသည် သားသမီးတို့ကို အလွန်ချစ်ကြသည်၊ ရှု၍မဝနိုင်အောင်ပင် ချစ်ကြ၏။ မှတ်၊ ခြင်၊ ယင် စသည်တို့ မကိုက်ရအောင် စောင့်ရှောက်တတ်ကြသည်။ ယုတ်စွအဆုံး သားသမီးများအပေါ် မြူမှုန်အညစ်အကြေးကလေးမျှပင် အတင်မခံလိုကြပေ။

မိဘတို့သည် မိမိသားသမီးတို့ကို မိမိတို့တတ်စွမ်းသလောက် အစွမ်းကုန်ပြုစုယုယကြသည်၊ ကျန်းမာအောင်, ဘေးဥပါဒ်မဖြစ်ရအောင် စောင့်ရှောက်ကြသည်။ သားသမီးများ ကျန်းမာရေးအတွက်နှင့် ပတ်သက်လာလျှင်လည်း ဆရာကောင်း သမားကောင်း၊ ဆေးကောင်း ဝါးကောင်းတို့ဖြင့် ကုသကြသည်။ သားသမီးများ အရပ်တစ်ပါး ထွက်သွားလျှင် ရောက်ချိန်တန်၍ ပြန်မရောက်ပါက လည်တမော့မော့နှင့် မျှော်နေကြရသည်က အကြိမ်ကြိမ်အခါခါပင်။ သားသမီးများ တစ်မြို့တစ်ရွာတွင် နေထိုင်သော်လည်း ထိုသားသမီးတို့ထံ စားသောက်စရာများ၊ အဝတ်အထည်များပို့ပေးခြင်း၊ ကိုယ်တိုင် သွားရောက်ခြင်း၊ သတင်းအကြိမ်ကြိမ်အခါခါ မေးမြန်းရသည်တို့မှာလည်း မရေမတွက်နိုင်ပေ။ ထူးထူးဆန်းဆန်း စားသောက်စရာများ ရလာသောအခါ မိဘတို့မှ မစားရက်၊ မသောက်ရက်ဘဲ သားသမီးတို့ကိုသာ ကျွေးမွေးကြလေသည်။ သားသမီးများ အောက်မကျရလေအောင်၊ မျက်နှာမငယ်ရလေအောင် မိဘတို့မှာ ကိုယ်တိုင်ဆင်းရဲခံပြီး သား

သမီးတို့ကို အမျိုးမျိုး အဝတ်အစားတို့ကို ဆင်ယင်ကြသည်။ မိမိတို့ ပင်ပင်ပန်းပန်းနှင့် ရှာဖွေထားသော ကြေးငွေတို့ကိုလည်း သားသမီး နှင့် ပတ်သက်လာလျှင် မတွန့်တို မနှမြောတတ်ကြ။ သားသမီးအတွက် ဆိုလျှင် ဘာမဆို စွန့်စားရဲသည်၊ အဆင်းရဲခံရဲသည်၊ အပင်ပန်းခံရဲ သည်။ ထို့ကြောင့်-

**"သားတို့ရုပ်ရည် သီတာမည်သား၊**
**ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊**
**မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတည်း"** ဟု ဆိုခဲ့ကြသည်မဟုတ်ပါလော၊ မိဘတို့မှာ မိမိတို့၏ သားသမီးမျက်နှာလေးကို မြင်လိုက်ရလျှင်ပင် မည်မျှပင်ပန်းပင်ပန်း၊ မည်မျှဆင်းရဲဆင်းရဲ၊ မည်သည့်အခက်အခဲနှင့် ပင် ကြုံရကြုံရ မိဘတို့မှာ ဘဝင်အေးမြသွားကြလေသည်။ သားသမီး အပေါ် မိဘတို့၏ချစ်ခင်ခြင်း မေတ္တာတရားသည် မည်သည့် ချစ် မေတ္တာတရားနှင့်မျှ မတူပေ။ အနှိုင်းမဲ့မေတ္တာတရားဟု ဆိုရပေမည်။

သားသမီးတို့သည် မိဘတို့အား စော်ကားပြစ်မှားကြသော်လည်း ထိုအပြစ်တို့ကို ဗွေမယူဘဲ အမြဲခွင့်လွှတ်တတ်ကြသည်မှာ မိဘတို့ပင် ဖြစ်သည်။ ထို့ကြောင့် **"တောင်းစုတ် ပလုံးစုတ်ကိုသာ ပစ်ရိုးထုံးစံရှိ သည်၊ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိ"** ဟု ဆိုခဲ့ကြခြင်းဖြစ်ပေ သည်။

ရှေးပညာရှိများက **"ရင်သွေးဟူက၊ ရှုမဝတည့်၊ မိဘတံထွာ၊ သားတကာနှင့်၊ တစ်ရာသက်ကဲ၊ လည်ချင်းနွဲလည်း၊ ရောင့်ရဲမထင်၊ စုံမက်ကြင်လျက်"** ဟူ၍ ဆိုခဲ့သည့်အတိုင်း မိဘများသည် သားသမီး တို့နှင့် လည်ချင်းဖက်ကာ အသက်တစ်ရာတိုင် နေရသော်လည်း ကျေနပ်ရောင့်ရဲတင်းတိမ်သည်ဟူ၍ မရှိကြပေ။ မိဘများမှာ မိမိတို့ သေရမည့်အရေးကိုပင် မတွေးနိုင်ကြဘဲ သားသမီးများကို အရိပ်

တကြည့်ကြည့်နှင့် အမြဲတွေ့မြင်လိုကြသည်၊ မိမိတို့ သေဆုံးသည်အထိ ချစ်ခင်ကြသည်။ မိဘတို့သည် သားသမီးများကို စာမဖွဲ့နိုင်လောက်အောင်ပင် ချစ်ခင်ကြပါသည်။ သူများသားသမီးနှင့် ကိုယ့်သားသမီး ယှဉ်ပြိုင်လာလျှင် အစစအရာရာမှာ မိမိသားသမီးကိုသာ အသာရစေချင်သည်မှာ မိဘတိုင်းတို့၏ သဘောပင်ဖြစ်သည်။ ဤ၌အရှင်ကုမာရကဿပ မယ်တော်ကြီး၏ သားအပေါ် ချစ်ခင်သောမေတ္တာတရားကို အနည်းငယ်ဖော်ပြလိုပါသည်။

အရှင်ကုမာရကဿပ၏ မယ်တော်မှာ ရာဇဂြိုဟ်မြို့ သူဌေးတစ်ဦး၏ တစ်ဦးတည်းသောသမီးဖြစ်သည်။ သူမသည် သိတတ်သည့်အရွယ်မှစ၍ မိဘတို့ထံ ရဟန်းမ ဝတ်ခွင့်ပြုရန် အကြိမ်ကြိမ်ခွင့်ပန်ခဲ့သည်။ သို့သော်လည်း သူဌေးကြီးသည် တစ်ဦးတည်းသောသမီးကို ခွင့်မပြုခဲ့ပေ။

နောက်တွင် အရွယ်ရောက်လာသော ထိုသမီးကို မိဘတို့က အိမ်ထောင်ရက်သား ချထားလိုက်ကြသည်။ မကြာမီပင် ထိုအမျိုးသမီးသည် ကိုယ်ဝန်ရလေသည်။ သို့သော်လည်း သူမသည် မိမိ၌ ကိုယ်ဝန်ရှိသည်ကို မသိခဲ့ပေ။ ထို့ကြောင့်ပင် သူမသည် လင့်ထံတွင် ရဟန်းမဝတ်ရန် ခွင့်တောင်းလေသည်။ လင်ကလည်း ကြည်ကြည်ဖြူဖြူ ခွင့်ပြုပြီး ခန့်ညားစွာဖြင့် ရဟန်းမ ဘဝကို ပြုပေးလေသည်။

ရဟန်းမ ဝတ်၍ များမကြာမီတွင် သားယောကျ်ားလေးတစ်ဦးကို ဖွားမြင်လေသည်။ တစ်နေ့တွင် ကောသလ္လမင်းကြီးသည် ရဟန်းမကျောင်းအနီးမှ သွားလာစဉ် ကလေးသံကြား၍ မေးမြန်းလေသည်။ မင်းကြီးသည် ရဟန်းမ၏သားငယ်ဖြစ်ကြောင်း သိရ၍ မွေးစားရန် နန်းတော်သို့ ခေါ်ဆောင်လာခဲ့လေသည်။ ထိုကလေးငယ်အား ၎င်းတို့၏အနွယ်ကိုလိုက်၍ ကုမာရကဿပဟု အမည်ပေးလေသည်။

ကဿပကလေးသည် ကြီးပြင်းလာသောအခါ သူ့မိခင်ဘိက္ခုနီမ (ရဟန်းမ)မှန်းသိ၍ သံဝေဂရကာ မင်းကြီးအား ရှင်ပြုပေးရန် တောင်းဆိုလေသည်။ အသက်နှစ်ဆယ်ပြည့်သောအခါ ရဟန်းပဥ္စင်းတက်၍ တောထွက်ကာ တရားအားထုတ်လေသည်။ (နောင်အခါ ရဟန္တာ မထေရ်မြတ် ဖြစ်လေသည်)

ထိုအရှင်ကုမာရကဿပ တောထွက်သောအခါမှစ၍ ၁၂-နှစ်ပတ်လုံး မိခင်ရဟန်းမသည် သားနှင့် ကွေကွင်းနေရသဖြင့် မျက်ရည်နှင့်မျက်ခွက် မပြတ်ခဲ့ပေ။ သားချစ်ဇောဖြင့် အမြဲငိုယိုနေစဉ် တစ်နေ့တွင် ဆွမ်းခံကြွလာသော သား ကုမာရကဿပကို လမ်းတစ်ခု၌ တွေ့လိုက်ရလေသည်။ မိခင်ကြီးမှာ သားကိုချစ်လွန်း၍ "သား သား" ဟု လှမ်းခေါ်လေသည်။ ထိုသို့လှမ်းခေါ်ပါသော်လည်း သားက လှည့်မကြည့်သည့်အခါ သားကိုဆွဲခေါ်ရန် နောက်မှအမြန်ပြေးလိုက်လေသည်။ မိခင်သည် ပြေးလိုက်သော်လည်း သားကိုမမီဘဲ ချော်လဲရာလေသည်။ ထိုသို့လဲကျသောအခါ သားကို ချစ်ခင်သော ဇောစိတ်ကြောင့် မိခင်ရဟန်းမထံမှ နို့ရည်များပင် ယိုစီးကျလေသည်။ ထိုသို့ နို့ရည်ယိုစီးကျသည်ကိုပင် ဂရုမပြုနိုင်ဘဲ သက်န်းဖရိုဖရဲဖြင့် သားကို အမီလိုက်ပြန်လေသည်။

မိခင်ကြီးရဟန်းမသည် သားရဟန်းကို ချစ်ခင်သောဇောစိတ်ကြောင့် မည်သူ့ကိုမှမရှက်နိုင်၊ ဂရုမစိုက်နိုင်ဘဲ သားနောက်ကိုသာ အမီပြေးလိုက်ရှာ၏။ (သားမှာ ရဟန္တာဖြစ်၍ အာဝဇ္ဇေါကုန်ခန်းသူပီပီ မိခင်အား တရားရစေလို၍ မိခင်အပေါ် ချစ်ခင်ယုယမှု အမူအရာကိုပင် မပြပေ။)

(အကျယ်ကိုသိလိုပါက ဓမ္မပဒ အဋ္ဌကထာ ကုမာရကဿပ မာတုထေရီဝတ္ထုတွင်ရှုပါ။)

ဤဝတ္ထု၌ မယ်တော်ကြီးသည် အရှုံးမပမာ ပတ်ဝန်းကျင်ကို ဂရု မစိုက်နိုင်၊ မရှက်နိုင်လောက်အောင် သားကိုချစ်သည်မှာ မိခင်၏ မေတ္တာပင်ဖြစ်သည်။ ဤမိခင်ကြီးနည်းတူ အခြားမယ်တော် မိခင်များ လည်း ဤနည်းအတူပင် ချစ်ခင်ကြပါလိမ့်မည်။ ထို့ကြောင့် အရှင် မဟာရဋ္ဌသာရ၏ ဘူရိဒတ်ပျို့လင်္ကာ၌-

**"ပဋိသန္ဓေ၊ ဆယ်လနေ၍၊**
**မြူတေမျက်နှာ၊ မြင်သောခါက၊**
**နို့သာပန်းမျိုး၊ မဥ္ဇူပိုးသို့၊**
**မြတ်နိုးလှမော၊ ချစ်သဘောဖြင့်၊**
**ကျော်ဇောထင်အောင်၊ စီးပွားဆောင်သည်၊**
**ဘုန်းခေါင်မိခင်၊ ကျေးဖူးတည်း"** ဟု စပ်ဆိုခဲ့ပါသည်။

မိခင်များကသာ မိမိတို့သားသမီးကို အချစ်ပိုကြသည်မဟုတ်၊ ဖခင်တို့ကလည်း အချစ်ပိုကြသည်။ အချို့ ဖခင်များဆိုလျှင် သားသမီး တို့ အညစ်အကြေးများကို သေးကလူး ချေးကလူး မရွံမရှာ သုတ်သင် ပေးတတ်ကြပါသည်။ ထို့ပြင် သားသမီးအရေးနှင့် ပတ်သက်လာလျှင် လည်း သက်စွန့်ဆံဖျား စွန့်စားတတ်ကြသည်။ အချို့ဖခင်များမှာ မိမိ အသက်ကိုပင် မငဲ့ညှာဘဲ အသက်ပေး၍ ချစ်တတ်လေသည်။ ဤ သဘောတရားကို ဗိမ္ဗိသာရမင်းကြီးကပင် သက်သေပြလျက်ရှိပေ သည်။

ဗိမ္ဗိသာရမင်းကြီးသည် မိမိ၏သားဖြစ်သော အဇာတသတ် မင်းသားလေးသည် မိမိကိုသတ်မည်၊ မိမိ၏ရန်သူဖြစ်မည်ဟု ဗေဒင် နိမိတ်ဖတ် ပညာရှိအမတ်တို့ ဟောပြောချက်အရ သိရှိရသော်လည်း သားတော်ကို မစွန့်ပစ်ရက်ဘဲ မိဘတို့ဝတ္တရားမပျက် ကျွေးမွေးစောင့် ရှောက်လာခဲ့ပေသည်။

တစ်နေ့သောအခါ ဗိမ္ဗိသာရမင်းကြီးသည် ခူနာပေါက်၍ ငိုယို မြည်တမ်းနေသော သားတော်လေးအား သက်သာစေရန် အနာ ပေါက်နေသော လက်ချောင်းကို မိမိပါးစပ်ထဲတွင် အပူငွေ့ပေးကာ ငုံထားလေသည်။ သားငယ်၏ လက်ချောင်းအနာသည် ဗိမ္ဗိသာရ မင်းကြီး၏ ပါးစပ်ထဲမှာပင် အနာပြည်ပေါက်သွားလေသည်။ ဖခင် မင်းကြီးသည် သားငယ်၏လက်ချောင်းကို ပါးစပ်မှထုတ်ကာ ပြည်ကို ထွေးလိုက်ပါက သားတော်လေးနာမည်၊ ငိုမည်ကိုစိုး၍ သွေးနှင့် ရောထွေးနေသော ပြည်ပုပ်သွေးပုပ်များကို အပြင်သို့ မထွေးပါဘဲ မိမိဝမ်းထဲသို့ မျိုချလိုက်ရှာလေသည်။

ဤသို့ ဗိမ္ဗိသာရမင်းကြီးသည် မိမိကိုသတ်မည့်သားကိုပင် ဤမျှ အထိ ချစ်မြတ်နိုးလေသည်။ အမှန်စင်စစ်မှာ ဗိမ္ဗိသာရမင်းကြီးသာ မဟုတ်၊ အခြားအခြားသော ဖခင်များကလည်း မိမိတို့၏သားသမီးကို ဗိမ္ဗိသာရဖခင်မင်းကြီးနှင့်မခြား အတူချစ်ကြည်ဖြူကြသည်မှာ အထူး ပြောဖွယ်မလိုပါ။ မိဘတိုင်းသည် မိမိတို့၏သားသမီးများကို အချစ်ကြီး ချစ်ကြသည်ကို မည်သို့မျှ သံသယဖြစ်စရာမလိုပေ။

ထို့ပြင် အခြားသာဓကတစ်ခု ရှိသေးသည်။ သာဝတ္ထိမြို့၌ ရှစ်သိန်းမျှ စည်းစိမ်ဥစ္စာရှိသော ပုဏ္ဏားအိုတစ်ဦးရှိ၏။ ပုဏ္ဏားအိုကြီး သည် အရွယ်ရောက်လာကြသော မိမိ၏ သားလေးယောက်တို့အား အသီးသီးအိမ်ထောင်ရက်သားချပေးသည်။ ထိုသားလေးဦးကို အမျိုး သမီးနှင့် အသီးသီး လက်ထပ်ထိမ်းမြားပေးလိုက်သည့်အပြင် သား တစ်ယောက်လျှင် ငွေအသပြာတစ်သိန်းကျစီ ပေးဝေလိုက်လေသည်။

ထိုပုဏ္ဏားတွင် ဇနီး ပုဏ္ဏေးမကြီး သေလွန်လေသော် သားတို့က “ဖခင်ကြီး နောက်ထပ်မိန်းမယူလျှင် ကျန်လေးသိန်းကို နောက်မိန်းမ သို့မဟုတ် နောက်မိန်းမ၏ သားသမီးများ သုံးဖြုန်းပစ်ကြလိမ့်မည်”

ဟုတွေး၍ ဉာဏ်ဆင်ကာ ဖခင်ပုဏ္ဏားအိုကြီးကို သူ့သားများက အလှည့်ကျကျွေးမွေးကြလေသည်။

မကြာမီမှာပင် သားလေးယောက်တို့သည် ယခုလုပ်ကျွေးကြသည့်အတိုင်း သားတို့သည် ဖခင်ကြီးအား တစ်သက်လုံး လုပ်ကျွေးမည်ဖြစ်ကြောင်းကို ဖခင်ကြီးအား စည်းရုံးပြောဆိုကြလေသည်။ ထို့ကြောင့် ကျန်ငွေလေးသိန်းကို သားတို့အားပေးရန် ပြောကြားကြလေသည်။ ဖခင် ပုဏ္ဏားအိုကြီးသည် သားတို့စကားကို ယုံကြည်ကာ ကျန်အသပြာငွေလေးသိန်းကို သားလေးယောက်တို့အား တစ်သိန်းစီ ခွဲဝေပေးလိုက်လေသည်။ ထို့ပြင် အိမ်နှင့်တကွ အသုံးအဆောင် ပစ္စည်းဥစ္စာတို့ကိုပါ လေးစုခွဲ၍ ပေးလိုက်လေသည်။

ပစ္စည်းဥစ္စာအားလုံးကို ရပြီးသောအခါ သားလေးယောက်တို့သည် အသီးသီး မိမိတို့၏ ဇနီးမယားတို့နှင့် အလွယ်တကူ သုံးစွဲပစ်ကြလေသည်။

နောက်တွင် ဟိုချွေးမကတစ်မျိုး၊ ဒီချွေးမကတစ်မျိုးနှင့် ပုဏ္ဏားအိုကြီးသည် ပစ္စည်းဥစ္စာ အသပြာငွေများ ကုန်ခမ်းသောအခါ သားတို့အိမ်မှ ဆင်းလာရသည်။ ဟိုသားက တာဝန်ယူနိုးနိုး၊ ဒီသားက တာဝန်ယူနိုးနိုးနှင့် နောက်တွင် ပုဏ္ဏားအိုကြီးသည် နေစရာမရှိ၊ စားစရာမရှိ၊ သောက်စရာမရှိဖြစ်ကာ လွန်စွာဆင်းရဲဒုက္ခရောက်ရလေသည်။

ဤသို့ဖြစ်ရခြင်းမှာ မိမိ၏ သားတို့အပေါ် ချစ်ခင်သော မိဘတို့၏ မေတ္တာကြောင့်ပင်ဖြစ်သည်။ မိဘတို့သည် သားသမီးတို့ ချွဲချွဲနွဲ့နွဲ့နှင့် ပြောဆိုလျှင် ယုံကြည်လွယ်တတ်ကြသည်။ မိမိတို့ သားသမီးတို့အပေါ်လည်း ယုံကြည်အားကိုးတတ်ကြသည်။ သို့သော် ကျေးဇူးတုန့်ပြန်တတ်သော သားသမီးကား နည်းပါးပေသည်။

သားသမီးအပေါ် မိဘတို့ ကိုယ်ကျိုးစွန့် အနစ်နာခံ၍ ပြုစုပုံ၊ စေတနာမေတ္တာထားပုံတို့ကို သာဓကများစွာပင်ရှိပါသည်။ မျက်မြင်သာဓကတို့လည်း ရှိပါသည်။ အတိတ်က သာဓကတို့လည်းရှိပါသည်။ နောက်အတိတ်က သာဓကတစ်ခု တင်ပြရလျှင် -

အရှင်မဟာမောဂ္ဂလာန်အလောင်းသည် တစ်ခုသောဘဝတွင် မယားမိုက်၏ စေခိုင်းတိုက်တွန်းချက်အရ မျက်မမြင်သော မိအိုဖအိုများကို လှည့်ဖြားကာ နွားလှည်းဖြင့်ခေါ်ဆောင်ပြီး တောလမ်းခရီး၌ မိမိကိုယ်တိုင် လူဆိုးဟန်ဆောင်၍ ဒုက္ခိတမိဘနှစ်ဦးကို လှည်းပေါ်မှ ဆွဲချကာ ရိုက်ပုတ်လေသည်။ ဒုက္ခိတမိဘတို့မှာ တကယ်လူဆိုးတို့ ရိုက်နှက်ပုတ်ခတ်သည်ဟု ထင်မှတ်ကာ "ငါ့သား၊ သင်သာလူဆိုးလက်မှလွတ်အောင်ပြေးပါ၊ ငါတို့မှာ ဒုက္ခိတမျက်မမြင်ဖြစ်၍ သေလျှင်လည်း မထူးပြီ" ဟု ပြောဆိုကာ သားကို လွတ်အောင်ပြေးခိုင်းလေသည်။

ဤအဖြစ်အပျက်တို့ကိုကြည့်ပါက မိဘတို့က မိမိ၏သားသမီးတို့အပေါ် မည်မျှချစ်ခင်ကြသည်ကို ခန့်မှန်းနိုင်ပါသည်။

လောကတွင် ယေဘုယျအားဖြင့် မိခင်နှင့်ဖခင်တွင် မိခင်က ပို၍မေတ္တာတရားကြီးမားသည်ဟု ယူဆကြသည်။ ဖြစ်နိုင်သည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် မိခင်က ပို၍အနစ်နာခံရသည်က များသောကြောင့်ဖြစ်ပါသည်။

မိခင်များသည် မိမိ၏သားသမီးများကို ကိုးလဆယ်လ လွယ်ထားရသည်။ မိမိသားငယ် ဝမ်းဗိုက်တွင်းရှိနေသ၍ အစားရှောင်၊ အနေဆင်ခြင်၍ စောင့်ရှောက်ရသည်။ သေလုမြောပါး ဝေဒနာခံစား၍ မွေးလာသောအခါလည်း သားသားမီးမီးလေးတို့၏ အူဝဲဟူသောအသံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ထိုနာကျင်ခဲ့ရသော ဆင်းရဲဒုက္ခ

ဝေဒနာတို့သည် အဝေးသို့လွင့်စင်သွားလေတော့သည်။ မိခင်မှာ သားသမီး၏ မျက်နှာလေးကို မြင်လိုက်ရသောအခါ ရတနာရွှေအိုး ပေါ်ပေါက်လာသည်ထက်ပင် ဝမ်းသာပီတိဖြစ်ကြရလေသည်။ ထို့ပြင် မှက်၊ ခြင်၊ ယင် စသော အန္တရာယ်များမှ ကာကွယ်ပေးရသည်။ ဝါးဖတ်တော် ကဆီနှစ်နှင့် လူတစ်လုံး သူတစ်လုံး ဖြစ်လာအောင် ကျွေးမွေးပြုစုရသည်။ တစ်စုံတစ်ရာ ဘေးဥပါဒ်မဖြစ်စေရန် ထာဝစဉ် မျက်ခြည်မပျက် အရိပ်တကြည့်ကြည့် စောင့်ရှောက်ရလေသည်။

မိခင်များသည် သားသမီးများကို ကိုယ့်အသက်ထက်ပင် သနားကြင်နာ စုံမက်တတ်ကြသည်။ မိမိတို့သားသမီးများကို ကျန်းမာစွာဖြင့် အသက်ရှင်လိုကြသည်။ ပညာတတ်လိုကြသည်။ စီးပွားရေးကောင်းစေလိုကြသည်။

သားသားမီးမီးလေးတို့၏ မပီကလာ ပီကလာ စကားသံကို ကြားရလျှင် အလွန်ဝမ်းသာပီတိ ဖြစ်ကြရသည်။ မိမိ၏ သားသားမီးမီးလေး ဟိုတစ်ခွန်း ဒီတစ်ခွန်း ပြောတတ်လာသည်ကို သူများတို့ထံတွင် ဖောက်သည်ချ ပြောပြ၍ မမောပန်းနိုင်ပေ။ မိခင်များသည် ဖခင်များထက် သားသမီးအပေါ် အဆင်းရဲခံ၊ အနစ်နာခံ၍ ချစ်ခင်တတ်ကြသည်။

သားသမီးတို့အပေါ် မိဘတို့၏ ချစ်ခင်ခြင်းသည် နှလုံးသားတစ်ခုလုံးကို ပျံ့နှံ့ကာ ဂွမ်းဆီထိကဲ့သို့ မည်သည့်ချစ်ခြင်းမျိုးနှင့်မျှ မတူပေ။ ဤမျှအထိ ချစ်ခင်ကြလေသည်။ လောကီနည်းအားဖြင့် အဝတ်အထည် ပစ္စည်းဉစ္စာတို့ကိုပေးကမ်း၍ မည်သို့ပင် ကျေးဇူးဆပ်ပါငြားသော်လည်း မိဘတို့ကျေးဇူးကို ဆပ်၍မကုန်နိုင်ပေ။ ထို့ကြောင့် မာတာပီတုဂုဏော အနန္တောဟု ဆိုခြင်းဖြစ်ပါသည်။

ဗုဒ္ဓစာပေ၌ မိဘတို့ကို ဗြဟ္မာနှင့်တူသည်ဟု ဖော်ပြထားပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဗြဟ္မာသည် သတ္တဝါတို့အပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မာ့ဝိဟာရတရားလေးပါးကို မစွန့်လွှတ်ကြဘဲ အမြဲပွားများကျင့်သုံး၍နေသကဲ့သို့ မိဘတို့ကလည်း မိမိတို့သားသမီးများအပေါ် ထိုဗြဟ္မာများ ဗြဟ္မာ့ဝိဟာရတရားကို ကျင့်သုံးနေထိုင်သကဲ့သို့ အမြဲလက်ကိုင်ထား ကျင့်သုံးကြသောကြောင့် ဖြစ်ပါသည်။

မိဘတို့သည် သားသမီးအပေါ် မေတ္တာစိတ်ဖြစ်ပေါ်ကြသည်မှာ မိမိတို့၏ မမွေးဖွားသေးသော သားသမီးများကိုပင် (ဝမ်းတွင်ရှိသော သားသမီးများကို) ငါတို့သည် ဘယ်သောအခါတွင် အနာရောဂါ ကင်းရှင်းစွာ အဆင်းအင်္ဂါနှင့်ပြည့်စုံသော သားသမီးတို့ကို ချမ်းသာစွာ မီးရှုးသန့်စင် ဖွားမြင်လာသည်ကို တွေ့မြင်ကြရပါမည်နည်းဟူ၍ မိဘတို့၏ မေတ္တာစိတ်သည် ယိုဖိတ်မတတ် အဆက်မပြတ် ဖြစ်ပေါ်နေလေတော့သည်။

မီးရှုးသန့်စင် ဖွားမြင်လာသောအခါ၌လည်း အိပ်ရာတွင် ပက်လက်ကလေးနေစဉ် မှက်၊ ခြင်၊ ကြမ်းပိုးတို့ ကိုက်ထိုးနှိပ်စက်၍ ဆင်းရဲစွာ အိပ်စက်ရခြင်းကြောင့် ငိုကြွေးသံကို မိဘတို့ကြားရလျှင် လွန်စွာသနားကြင်နာ ကရုဏာဖြစ်ရသည်။

ထို့ပြင် သားသမီးလေးတို့ မပီကလာ ပီကလာနှင့် စကားစမည် ပြောဆိုလာခြင်း၊ လေးဘက်တွားတွားခြင်း၊ မတ်တတ်ရပ်အရွယ်၊ စကားပြောဆိုတတ်သောအရွယ်၊ ပြေးလွှားကစားခုန်ကစားတတ်သောအရွယ်၊ လူရွယ်ဝင်စ ပျိုမြစ်နုနယ် လှပတင့်တယ်သောအရွယ် တို့၌ ဝမ်းသာမှုဖြစ်ရလေသည်။ ထို့ပြင် သားသမီးတို့ စာမေးပွဲ အောင်မြင်သောအခါ၊ ထူးထူးချွန်ချွန် အောင်မြင်မှုရလာသောအခါများတွင်

လည်း မိဘတို့မှာ ကြည်နူးနှစ်သိမ့်မှု ဖြစ်ကြရ၍ မုဒိတာတဖွားဖွား ပွားကြရလေသည်။

မိဘတို့သည် သားသမီးတို့ အရွယ်ရောက်လာလျှင် ၎င်းတို့ ဘာသာ ရပ်တည်နိုင်လာအောင် အိမ်ထောင်ရက်သားချပေးရသည်။ သားသမီးများ အိမ်ထောင်ကျ၍ လူ့လောက၌ တင့်တင့်တယ်တယ် နေနိုင်ကြပြီဟု မှတ်ယူပြီး ကိုယ့်ဒူးကိုယ်ချွန် နေနိုင်ကြသောအခါ ငါတို့ သားသမီးများသည် လူ့လောကတွင် သူ့ဟာနှင့်သူ ရပ်တည်နေနိုင် ကြပြီ။ ငါတို့မိဘများအနေဖြင့် လက်လွှတ်၍ရပြီဟု ဥပေက္ခာပြုထား နိုင်ကြလေသည်။

ဤသို့ဖြင့် မိဘတို့သည် သားသမီးများအပေါ် ဗြဟ္မာနှင့်တူစွာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာထားနိုင်ကြသဖြင့် မိဘတို့ကို ဗြဟ္မာနှင့်တူသည်ဟု ဆိုရလေသည်။

မိဘတို့သည် သားသမီးတို့၏ လက်ဦးဆရာလည်းဖြစ်ပေသည်။ မိဘတို့သည် သားသမီးတို့ကို ငယ်စဉ်ကစ၍ ပြောပုံဆိုပုံ နေပုံထိုင်ပုံ စားပုံသောက်ပုံ စသည်မှစ၍ အားလုံးသောအရာတို့ကို ရှေးဦးစွာ သင်ကြားပြသကြသောကြောင့် လက်ဦးဆရာလည်းဖြစ်ပေသည်။ ထို့ကြောင့် **"လက်ဦးဆရာ၊ မည်ထိုက်စွ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ"** ဟူ၍ ဆိုခဲ့ကြလေသည်။

ထို့ပြင် မိဘတို့သည် ဘုရား ရဟန္တာဟူသော ဝိသုဒ္ဓိနတ်နှင့်လည်း တူပါသည်။ ဘုရား ရဟန္တာတို့သည် တရားမရှိသော လူမိုက်တို့ မိမိ တို့အား ကျူးလွန်စော်ကားမှုကို ဂရုမပြုပါဘဲ ထိုလူမိုက်တို့၏ကြီးပွား ချမ်းသာရေးကိုသာ ရှေးရှုကျင့်ရပါသည်။ ထို့အတူ မိဘတို့သည်လည်း သားဆိုးသမီးဆိုးတို့၏အပြစ်ကို ဂရုမမူပါဘဲ ခွင့်လွှတ်ကာ သားသမီး

တို့၏ အကျိုးကိုသာ ဆောင်ရွက်တတ်ကြပါသည်။ ထို့ကြောင့် မိဘတို့သည် ဘုရား ရဟန္တာဟူသော ဝိသုဒ္ဓိနတ်နှင့် တူကြပါသည်။

ထိုသို့ ကျေးဇူးကြီးမားလှသော မိဘတို့ကို သားသမီးတို့က အဝတ်အစားပေးခြင်း၊ ကျန်းမာရေးအတွက် ဆေးဝါးပေးကမ်းခြင်း၊ ကိုယ်လက်ဆုပ်နယ်၍ ပြုစုပေးခြင်း၊ မိဘစကားနားထောင်ခြင်း၊ မိဘတို့ကို စိတ်ချမ်းသာအောင်ထားခြင်း စသည်တို့ကို ပြုလုပ်၍ ကျေးဇူးဆပ်ရပါမည်။

ထို့ပြင် ရတနာသုံးပါးနှင့် ကံကံ၏အကျိုးတရားကို မယုံကြည်သော မိဘတို့ကို ယုံကြည်လာအောင် ဟောပြောပေးရပါမည်။

သီလမရှိသော မိဘတို့ကို သီလရှိအောင် ပြုလုပ်ကျေးဇူးဆပ်ရပါမည်။

မပေးလှူလို ဝန်တိုခြင်းရှိသော မိဘတို့ကို မစ္ဆရိယကင်းအောင်၊ အလှူအတန်းပြုချင်လာအောင် တိုက်တွန်းပေးရပါမည်။

ပညာဉာဏ်နည်းသော မိဘတို့ကို အသိပညာရအောင် ဆောင်ရွက်ပေးရပါမည်။ ဤနည်းဖြင့် မိဘတို့၏ ကျေးဇူးတရားကို တတ်နိုင်သမျှ ပေးဆပ်ကြရမည်ဖြစ်ပါသည်။

ထိုသို့ မိဘတို့ကို ကျေးဇူးဆပ်သော၊ ကျေးဇူးသိတတ်သော သားသမီးတို့သည် အောက်ပါအကျိုးတရားများကို ရရှိခံစားရပါသည်-

၁။ တစ်နယ်တစ်ကျေးသို့သွားသော် အစားအစာ မရှားပါးဘဲ ရောက်လေရာမှာ ပူဇော်ခံရလေသည်။
၂။ ရန်သူမျိုးငါးပါးမှ ကင်းလွတ်ရပါသည်။
၃။ အများက မျက်နှာမြင် ချစ်ခင်ကြသည်။
၄။ ပရိသတ်အလယ်၌ ဂုဏ်တင့်တယ်သည်။
၅။ ထိုသူ၏ဂုဏ်သတင်း ကျော်စောပျံ့နှံ့သည်။

၆။ အခြေအရံ ပေါများရသည်။
၇။ နတ်တို့ကဲ့သို့ ကျက်သရေတိုးပါသည်။
၈။ မိမိ၏ ဥစ္စာစီးပွားတို့ မပျက်စီးပါ။
၉။ ချောက်ကမ်းပါး ကျရောက်သော်လည်း မသေနိုင်ပါ။
၁၀။ သားသမီးအခြွေအရံတို့ဖြင့် ခိုင်မြဲပါသည်။
၁၁။ ဤယခုဘဝတွင်လည်း ပညာရှိတို့၏ ချီးမွမ်းမှုကို ခံရသည်။
၁၂။ နောင်တမလွန်တွင် နတ်ပြည်တို့၌ မွေ့လျော်ရပါသည်။

ဤသို့သော အကျိုးတရားတို့ကို ရရှိနိုင်ပါသည်။ ထို့ကြောင့် ကျေးဇူးကြီးမားသော မိဘတို့၏ ကျေးဇူးတရားကိုဆပ်နိုင်ရန် ကြိုးစားသင့်ပါသည်။ စုန်ရေ ဆန်ရေ အပြန်အလှန် စီးဆင်းနိုင်ကြပါစေ။ မိမိတို့ချမ်းသာလာမှ ကျေးဇူးဆပ်မည်ဟု ဖင့်နွှေးစောင့်ဆိုင်းမနေပါနှင့်၊ ယခုလက်ရှိ တတ်နိုင်သော အခြေအနေဖြင့် ဆပ်ဖြစ်အောင် ကျေးဇူးဆပ်လိုက်ပါ။ မိဘတို့ အသက်ထင်ရှားရှိစဉ် တတ်သည့်နည်းဖြင့် ကျေးဇူးဆပ်ခြင်းသည် အတော်ဆုံးဖြစ်သည်။

## (၂၉) ဆရာ့ကျေးဇူး

အာစရိယဂုဏော အနန္တောဟူသောစကားကို လူတိုင်းကြားဖူးကြပါလိမ့်မည်။ ဆရာ၏ကျေးဇူးသည်လည်း အပိုင်းအခြားမရှိ ကြီးမားကြသည်ဟု ဆိုလိုပါသည်။ မှန်ပါသည်၊ လောကတွင် မည်သူမှ ဆရာနှင့် မကင်းနိုင်ကြပေ။ လူတိုင်း ပုဂ္ဂိုလ်တိုင်းတွင် ဆရာရှိရသည်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူသော ဆရာအမျိုးမျိုးထံတွင် နည်းခံကြရသည်။ ထို့ကြောင့် မန်လည်ဆရာတော်က -

**"အသိပညာ၊ ဟူသည်မှာကား၊**

**ဆရာတို့ထံ၊ နည်းခံတိုးဝင်၊**

**မသင်မမေး၊ အရေးမထား၊**

**မတတ်ပြောဘူး”** ဟု ဆိုခဲ့ပါသည်။

ဆရာကောင်း သမားကောင်းတို့၏ အဆိုအဆုံးအမကို မခံယူရသော တပည့်သည် လူတော်လူကောင်းများ မဖြစ်လာနိုင်။ ဆရာသမားတို့သည် မိမိတို့၏ တပည့်များကို ဆိုဆုံးမသည့်အခါ အနုနှင့်တစ်မျိုး၊ အကြမ်းနှင့်တစ်ဖုံ နည်းမျိုးစုံလင်စွာဖြင့် ဆုံးမတတ်ကြသည်။

တပည့်များ ပညာတတ်လာအောင်၊ လိမ္မာလာအောင် ရိုက်တန်ရိုက်၊ ဆူသင့်တန်ကဆူ၊ မောင်းမဲတန် မောင်းမဲပြီး ဆုံးမကြရသည်။ တစ်ခါတစ်ရံ ဆုပေးဒဏ်ပေး၍ ဆုံးမကြရသည်။ ထိုသို့ ဆုံးမခြင်းတို့မှာ တပည့်တို့အပေါ် မုန်းတီး၍မဟုတ်ဘဲ တပည့်တို့ လိမ္မာစေလိုခြင်းကြောင့် ဖြစ်ပါသည်။

စင်စစ်အားဖြင့် ဆရာသမားတို့သည် မိမိတို့၏တပည့်များကို သူများထက် တော်စေတတ်စေ လိမ္မာစေလိုကြသည်။ ဆရာတို့သည် တပည့်များကို မိမိတို့သားသမီးတမျှ ချစ်ခင်ကြသည်။ တပည့်များ၏ ကြီးပွားတိုးတက်မှုကို လိုလားကြသည်။ လူတော် လူကောင်း ပညာတတ်များ ဖြစ်စေချင်ကြသည်။ ထို့ကြောင့် ဆရာသမားတို့သည် မိမိတို့၏ တပည့်များအပေါ် လွန်စွာကျေးဇူးများကြပါသည်။

ရှေးခေတ်က ယခုကဲ့သို့ ခေတ်ပညာ စာသင်ကျောင်း မရှိသေးပေ။ ပညာသင်ကြားလိုသူတို့သည် ဘုန်းတော်ကြီးများထံတွင် ပညာသင်ကြားကြရသည်။ ထိုဆရာဘုန်းတော်ကြီးတို့သည် တပည့်များကို အနုနည်းနှင့် ဆိုဆုံးမ၍မရပါက အကြမ်းနည်းဖြင့် ရိုက်နှက်၍ ဆုံးမကြသည်။ အချို့တပည့်တို့မှာ ဆရာဘုန်းတော်ကြီးများ ရိုက်နှက်ဆုံးမချက်ဒဏ်ကြောင့် ကျောတွင် ကြိမ်ဒဏ်ရာအစင်းစင်းပင် ထပ်လျက်ရှိကြသည်။

မင်းတုန်းမင်းကြီးအလောင်း မောင်လွင်သည်ပင် ဘုန်းကြီးကျောင်းသားဘဝတွင် ငါးခြောက်ပြားကို လုံခြုံစွာမသိမ်းဆည်းမိ၍ ကြိမ်ဖြင့် ကျောကော့အောင် အရိုက်ခံခဲ့ရလေသည်။

အချို့တပည့်တို့သည် ဆရာကောင်းတို့ထံတွင် နာနာဆိုဆုံးမခံခဲ့ရ၍ အတော်အချိုးကျပြီး လိမ္မာပါးနပ်ကာ လူတော်လူကောင်းဖြစ်လာကြသည်။ ထိုကိုရည်စူး၍ ပန်းဘဲသမား၏တူနှင့် အထုအထောင်းမခံရသော သံသည် အသုံးဝင်သော ဓားကောင်းတစ်လက် ဖြစ်မလာနိုင်သလို ဆရာသမားတို့၏ ဆိုဆုံးမမှုကို နာနာမခံရသော တပည့်သည်လည်း တပည့်ကောင်းတစ်ဦး မဖြစ်လာနိုင်ဟု မိန့်ဆိုခဲ့ကြသည်။

ယခင်က မိဘတို့ကလည်း မိမိတို့၏ သားသမီးများကို ၎င်းတို့ဆရာသမားတို့က ရိုက်နှက်၍ ဆိုဆုံးမသည်ကို အပြစ်မမြင် ဗွေမယူတတ်ကြဘဲ သဘောထားကြီးကြလေသည်။

တပည့်တို့၏ အဆိုးအကောင်းသည် ဆရာအပေါ်တွင်တည်ပါသည်။ ထို့ကြောင့် သားသမီးငယ်တို့ကို ဆရာတို့ထံတွင် အပ်သည့်အခါ ဆရာပီပီဆုံးမပါဟု ပြောဆို၍ အပ်ကြသည်။ ဆရာတို့ကလည်း တပည့်တို့၏အကျိုးကို လိုလားစွာ သင်ပြဆုံးမပေးကြသည်။

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံအုပ်ချုပ်၏။ ထိုမင်းကြီးတွင် သားတော်လေးတစ်ပါးရှိ၏။ ထိုသားတော်လေး (၁၆)နှစ်အရွယ်သို့ရောက်သောအခါ သားတော်လေးအား မာန်မာနကင်းစေရန်နှင့် လောကအကြောင်းကို နားလည်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် မင်းကြီးသည် သားတော်ကို တက္ကသိုလ်ပြည် ဆရာ ဒိသာပါမောက္ခထံတွင် ပညာသင်ကြားရန် လွှတ်လိုက်လေသည်။

မင်းသားလေးသည် ခမည်းတော်၏ စေခိုင်းချက်အရ တက္ကသိုလ်ပြည်သို့သွားပြီး ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာသင်ကြားကြလေသည်။ တစ်နေ့သောအခါ ဆရာကြီးသည် တပည့်များနှင့်အတူ ရေချိုးရန်သွားလေသည်။ လမ်းတွင် အဖွားအိုတစ်ဦးသည် အခွံချွတ်ပြီးသော ဖွေးဖွေးဖြူသော နှမ်းတို့ကို ဖြန့်ခင်းနေလေသည်။

မင်းသားလေးသည် ဖွေးဖွေးဖြူသော ထိုနှမ်းတို့ကိုမြင်လျှင် စားလိုသော အာသာဆန္ဒ ဖြစ်ပေါ်လာလေသည်။ ယင်းကြောင့်ပင် နှမ်းပိုင်ရှင် အဖွားအိုအား မပြောမဆိုဘဲ နှမ်းများကို မိမိလက်ဖြင့် တစ်ဆုပ်ယူပြီး စားလေသည်။

နှမ်းပိုင်ရှင် အဖွားအိုသည် ဤသူငယ်ကား နှမ်းကို အလွန်စားလို၍ စားခြင်းပင်ဖြစ်လိမ့်မည်ဟု အောက်မေ့လျက် တစ်စုံတစ်ရာ မပြောမဆို၊ မတားမြစ်ဘဲ ခွင့်လွှတ်လိုက်လေသည်။ မင်းသားလေးသည် နောက်တစ်နေ့ ဆရာနှင့်အတူ ရေချိုးသွားပြန်ရာတွင်လည်း ရှေ့အတိုင်းပင် မပြောမဆိုဘဲ နှမ်းများကိုယူစားလေသည်။ ပိုင်ရှင်အဖွားအိုမှာ မည်သို့မျှမပြောဆိုဘဲ နှစ်ကြိမ်တိုင် သည်းခံခွင့်လွှတ်လိုက်လေသည်။

သုံးရက်မြောက်သောနေ့တွင်လည်း မင်းသားလေးသည် ရှေ့နည်းအတူ ဆရာနှင့်ရေချိုးသွားလေရာ ရှေ့နေ့များလိုပင် မပြောမဆိုဘဲ နှမ်းတစ်ဆုပ် နှိုက်ယူစားပြန်သည်။

ထိုအခါ အဖွားအိုသည် မင်းသားလေး၏လက်ကို ဖမ်းဆွဲပြီး "တက္ကသိုလ်ဆရာကြီးဟာ တပည့်နှင့်အတူလှည့်လည်ပြီး နှမ်းများကို လုယူနေပါတယ်" ဟု လက်မြှောက်ကာ အော်မည်ပြောဆိုလေသည်။

အဖွားအို၏အသံကိုကြား၍ ဆရာကြီးက နောက်လှည့်ပြီးကြည့်လေရာ အဖွားအိုနှင့် မိမိတပည့် မင်းသားလေးကို မြင်တွေ့လေသည်။

ဆရာကြီးက အဖွားအား "ဘယ်လိုဖြစ်တာလဲ" ဟုမေး၏။ အဖွားအိုက "ဘယ်လိုဖြစ်ရမှာလဲ ဆရာကြီးရယ်၊ ဆရာကြီးရဲ့တပည့် ဒီသူငယ်ဟာ ကျွန်တော်မရဲ့ နှမ်းတွေကို မနေ့ကလည်း တစ်ဆုပ် နှိုက်ယူစားပါတယ်၊ ဆရာကြီးရဲ့တပည့် ဒီသူငယ်ဟာ ဒီလိုပဲ နေ့စဉ် နေ့တိုင်း နှမ်းတွေကို နှိုက်ယူစားသောက်နေမယ်ဆိုရင် ကျွန်တော်မရဲ့ ဥစ္စာကို ဖျက်ဆီးလုယက်နေတာနဲ့ မတူပေဘူးလား" ဟုပြောလေသည်။

ဒိသာပါမောက္ခဆရာကြီးက အဖွားအိုအား "ကျွန်ုပ်၏တပည့် ယူစားသော နှမ်း၏တန်ဖိုးကို ပြန်ပေးပါမည်၊ ကျေနပ်သည်းခံခွင့်လွှတ်ပါ" ဟု တောင်းပန်လေသည်။

ဆရာကြီးသည် တပည့်မင်းသားလေးကို အဖွားအိုရှေ့မှာပင် နှမ်းများကို နှိုက်ယူစားသော သူ၏လက်တို့ကို အခြားတပည့်တို့အား တစ်ဖက်တစ်ယောက်စီကိုင်ခိုင်းပြီး "နောက်နောင်ကို ဤကဲ့သို့ အရှင်မပေးသော သူများ၏ပစ္စည်းကို ယူမစားနှင့်" ဟု ပြောဆိုပြီး ဝါးခြမ်းစိမ်းဖြင့် သုံးချက်ရိုက်၍ ဆုံးမလေသည်။

ဤသို့ ဆရာကြီးရိုက်၍ ဆုံးမသည်ကို တပည့်မင်းသားလေးသည် အမျက်အာဃာတထားလေသည်။ ငါ ဘုရင်ဖြစ်လာလျှင် ဤဆရာကြီးအား သတ်ပစ်မည်ဟု နီရဲသော မျက်လုံးတို့ဖြင့် ဆရာကြီးအား ခြေဆုံးခေါင်းဆုံး တစိမ့်စိမ့်ကြည့်သည်ကို ဆရာကြီး ရိပ်စားမိလေသည်။

တပည့်တို့သည် ပညာစုံလင်၍ မိဘရပ်ထံသို့ ပြန်ကြသည့်အခါ မင်းသားလေးသည် ဆရာကြီးအား မိမိဘုရင်ဖြစ်သောအခါ ဆရာကြီးအား လာရောက်ခေါ်ပါလျှင် လိုက်လာခဲ့ပါရန်ကိုလည်း ဖိတ်မန္တက

ပြုလေသည်။ ထို့နောက် ဆရာကြီးအား ရှိခိုးကန်တော့၍ ဗာရာဏသီသို့ ပြန်သွားလေသည်။

မင်းသားလေးသည် မိမိ ပညာစုံလင်စွာ တတ်မြောက်လာကြောင်းကို ခမည်းတော်ကြီးအား ပြောကြားလေသော် ခမည်းတော်ကြီးသည် မင်းသားလေးအား ဗာရာဏသီပြည်၏ ထီးနန်းစည်းစိမ်တို့ကို လွှဲအပ်လိုက်လေသည်။

ဗြဟ္မဒတ် မင်းသားလေးသည် ဘုရင် ဖြစ်လာသောအခါ တက္ကသိုလ်ပြည်မှ ဆရာကြီးကို တရေးရေး မြင်ယောင်လာလေသည်။ သူသည် ဆရာကြီးအား သတ်ပစ်မည်ဟုလည်း စိတ်ထဲတွင် ကြံစည်တွေးထားလေသည်။ သို့နှင့်သူသည် ဆရာကြီးထံ လက်ဆောင်ပဏ္ဏာကာရများနှင့် တမန်စေလွှတ်၍ ဆရာကြီးအား ဗာရာဏသီပြည်သို့ အလည်လိုက်လာခဲ့ပါရန် ခေါ်ခိုင်းလိုက်လေသည်။

မင်းသားလေးသည် အသက်ငယ်ရွယ်နုပျိုစဉ် မင်းဖြစ်လာသူဖြစ်၍ စိတ်ဓာတ်တက်ကြွသော ပထမအရွယ်၌ ကိစ္စတစ်ခုကို အမှားအမှန် မစူးစမ်း မဆင်ခြင်ဘဲ အဆောတလျင် ပြုလုပ်ဆုံးဖြတ်တတ်၏။ အကြောင်းအကျိုးပြသ ဆိုဆုံးမရန် မလွယ်ကူသော မင်းသားလေး၏ ပထမအရွယ်တွင် ဆရာကြီးသည် တပည့်မင်းသားလေးဘုရင်ထံ မသွားဘဲနေ၏။

ဒုတိယအရွယ်သည် အကြောင်းအကျိုး အတော်အတန် စဉ်းစားတတ်ပြီဖြစ်သည်။ မည်သည့်အလုပ်ကိစ္စကိုမှ အလျှင်စလို မပြုလုပ်တတ်ပေ။ မင်းသားလေးဘုရင်သည် ချင့်ချိန်စဉ်းစားတတ်သော ဒုတိယအရွယ်သို့ရောက်မှ ဆရာကြီးသည် တပည့်မင်းသားလေးဘုရင်ဆီသို့ သွားရောက်လေသည်။

ပြဟ္မဒတ်ဘုရင်သည် မိမိရှေ့မှောက်သို့ ရောက်ရှိလာသော ဆရာကြီးကို မြင်ရသောအခါ အတိတ်အကြောင်းတို့ကို တရေးရေး မြင်ယောင်လာလေသည်။ ဘုရင်သည် မျက်လုံးများ နီရဲတောက် ပြောင်လာပြီး ပြင်းထန်စွာအမျက်ထွက်၍ ဆရာကြီးအား ဤသို့ပြော ဆိုလိုက်လေသည် -

"ပုဏ္ဏားဆရာကြီး၊ သင်သည် နှမ်းတစ်ဆုပ် နှိုက်ယူစားမိခဲ့လို့ ကျွန်ုပ်၏လက်မောင်းနှစ်ဖက်ကို တစ်ဖက်တစ်ယောက်ကိုင်ခိုင်းပြီး ကျွန်ုပ်၏လက်ချောင်းများနှင့် ကျောပြင်ကို ဝါးခြမ်းစိမ်းနှင့် သုံးချက် ရိုက်နှက်ခဲ့ပါသည်။ ထိုအကြောင်းကို ကျွန်ုပ် မမေ့နိုင်သေးပါ။ ယနေ့ တိုင် အမှတ်ရနေဆဲပါ၊ ယင်းကဲ့သို့ ကျွန်ုပ်ကိုရိုက်ခဲ့သော သင် ဆရာ ကြီးသည် မိမိ၏အသက်ကို မနှမြော၍ ကျွန်ုပ်ဆီသို့ ရောက်လာပေး ခြင်း ဖြစ်ပေသည်" ဟု ပြောဆိုလေသည်။

ထိုအခါ ဒိသာပါမောက္ခဆရာကြီးက တပည့် ပြဟ္မဒတ်မင်းအား ဤသို့ပြောဆိုလေသည် -

"မင်းကြီး၊ မြတ်သောအကျင့်ကို ကျင့်သောသူသည် မမြတ်သော အကျင့်ကိုကျင့်သူကို ဒဏ်ဖြင့်တားမြစ်၏၊ ထိုသို့ တားမြစ်ခြင်းသည် အဆုံးအမပင်ဖြစ်သည်။ ထိုသို့ တားမြစ်ဆုံးမခြင်းသည် ရန်မဟုတ် ပေ။ ဤသို့တားမြစ်ဆုံးမခြင်းကို ပညာရှိတို့ သိကြပေသည်။

မင်းကြီး၊ ထိုအချိန်က အသင်မင်းကြီးအား အပြစ်အားလျော်စွာ ဆုံးမရာ၌ ကျွန်ုပ်အား ရန်ငြိုးမထားသင့်ပေ။ အသင်မင်းကြီး၊ အသင် မင်းကြီးကို ထိုအချိန်က အကျွန်ုပ် ထိုကဲ့သို့ မဆုံးမခဲ့သော် သင်မင်းကြီး သည် နောက်နောင် ထို့ထက်ကြီးကျယ်သော လုယက်ခြင်းစသော အမှုတို့ကို ပြုပေလိမ့်မည်။ သူတစ်ပါး၏ အိမ်ခြံစပ် စသည်ကို ဖောက် ထွင်းခြင်းကိုသော်လည်း ပြုပေလိမ့်မည်။ ခရီးသွားတို့အားလည်း

လုယက်ခြင်းကို ပြုပေလိမ့်မည်။ ရွာနိဂုံး စသည်တို့ကိုလည်း တိုက်ခိုက်ခြင်း စသည်တို့ကို ပြုလုပ်ပေလိမ့်မည်။ ထိုကဲ့သို့ လက်ရဲဇက်ရဲ ပြုလုပ်ခဲ့သော် အသင်မင်းကြီးကို အခြားသူတို့က သူခိုးဟု ခိုးရာပါပစ္စည်းတို့နှင့်အတူဖမ်း၍ အပြစ်ဒဏ်ပေးခဲ့လျှင် အသင်မင်းကြီးအဘယ်မှာ ဤကဲ့သို့ ထီးနန်းစည်းစိမ်ကို ခံစားရပါမည်နည်း။ ဆရာဖြစ်သော ကျွန်ုပ်က ဤသို့ ဆိုဆုံးမခဲ့၍သာ ကျွန်ုပ်ကိုအကြောင်းပြု၍ ဤထီးနန်းစည်းစိမ်တို့ကို ရရှိခဲ့ခြင်း မဟုတ်ပါလော" ဟု ဆုံးမစကားပြောလေသည်။

ဆရာကြီးထံမှ ထိုသို့သော မေတ္တာစကားများကို ကြားလိုက်ရသောအခါ ဗြဟ္မဒတ်ဘုရင်သည် မိမိနှလုံးထဲတွင် အနှစ်နှစ်အလလ သိုသိပ်သိမ်းဆည်း၍ ဆရာ့အပေါ်ထားခဲ့သော ဒေါသအာဃာတတို့သည် တဖြည်းဖြည်း လွင့်စင်သွားကာ ဆရာ၏ ဂုဏ်ကျေးဇူးတို့သည် တရိပ်ရိပ် ပေါ်ထင်လာလေသည်။

ထို့ကြောင့် ဆရာကြီး၏ ကြီးမားသော ကျေးဇူးစကားတို့ကို အောက်မေ့အမှတ်ရကာ ဆရာကြီးအား ဝန်ချတောင်းပန် ကန်တော့လေတော့သည်။

နောင်အခါတွင် ဗြဟ္မဒတ်ဘုရင်ကြီးသည် ဆရာကြီးမိသားစုတို့အား ဗာရာဏသီပြည်သို့ ခေါ်ဆောင်၍ များစွာသော စည်းစိမ်ဥစ္စာအခြံအရံတို့ကိုပေး၍ ပြုစုလေသည်။ ဆရာကြီးကိုလည်း ပညာရှိအရာတွင်ထား၍ ဆရာကြီး၏ အဆုံးအမကို ခံယူကာ တရားနှင့်အညီ မင်းပြုလေသည်။

ထို့ကြောင့် ဆရာသမားတို့၏ကျေးဇူးကား ကြီးမားလှပါသည်။ ပညာတတ်အောင်၊ လိမ္မာအောင်၊ ကိုယ်ကျင့်တရား ကောင်းမွန်အောင်၊ မျှတအောင်၊ အကြောင်းအကျိုးကို ဝေဖန်စိစစ်တတ်အောင်၊

လောကရေး ဓမ္မရေးတို့ကို သိရှိနားလည်အောင်၊ ထို့ပြင် လောကကြီးတွင် ပညာရေးမှစ၍ ဆက်ဆံရေး၊ ကျန်းမာရေး စသည် စသည့်အရေးတို့ကိုပါ သိနားလည်အောင် ညွှန်ပြတတ်သော ဆရာသမားတို့၏ ကျေးဇူးတရားကား ဤမဟာပထဝီမြေကြီးမက ကြီးမားလှပါသည်။

ဤသို့ ကြီးမားနက်ရှိုင်းလှသော ဆရာသမားတို့၏ ဂုဏ်ကျေးဇူးတို့ကို သိမြင်၍ ဆရာသမားတို့အပေါ် မိမိတပည့်တို့က တတ်နိုင်သောနေရာမှနေ၍ ကျေးဇူးဆပ်နိုင်ကြပါစေဟု တိုက်တွန်းလိုက်ရပေသည်။ ကျေးဇူးကျေသော တပည့်အလိမ္မာအဖြစ် ခံယူနိုင်ကြပါစေ။

## (၃၀) အားလုံးကျေးဇူးရှင်

လူတို့သည် တစ်ဦးတည်းနေကြသူများ မဟုတ်ပေ။ လူသည် လူ့အဖွဲ့အစည်းနှင့် နေကြသူများဖြစ်သည်။ ပတ်ဝန်းကျင်နှင့်ဆက်ဆံနေကြသူများဖြစ်သည်။ ထို့ကြောင့် လူတို့သည် ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်လျက်ရှိသည်၊ ကျေးဇူးပြုလျက်ရှိသည်။

ပဋ္ဌာန်းပစ္စည်းဖြင့်ကြည့်လျှင် အားလုံးသက်ရှိသက်မဲ့၊ အကြောင်းအကျိုး ဆက်စပ်လျက် အပြန်အလှန် ကျေးဇူးပြုလျက်ရှိသည်ကို မည်သူမျှ မငြင်းဆိုနိုင်ပေ။

ဥပမာ လူ့ဘဝတွင် လယ်သမားများက စပါးစိုက်ပျိုး၍ ထမင်းဖြစ်ပေါ်လာရသည်။ အဝတ်အထည် ထုတ်လုပ်သူရှိ၍ အဝတ်ဝတ်ကြရသည်။ လက်သမားများဆောက်လုပ်၍ အိမ်နှင့်ယာနှင့်နေထိုင်ကြရသည်။ ထို့အတူ အခြားအခြားအရာတို့၌လည်း ဤနည်းအတိုင်းပင် အပြန်အလှန် ကျေးဇူးပြုလျက်ရှိပါသည်။

မိမိမိသားစုမှစ၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံးသည် အချင်းချင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျေးဇူး ပြုလျက်ရှိပေသည်။ မိမိမှာမရှိသည့်အရာ သူ့မှာရှိသည်။ သူ မတတ် နိုင်သည်ကို မိမိကတတ်နိုင်သည်။ ကိုယ် မစွမ်းဆောင်နိုင်သည်ကို သူက စွမ်းဆောင်နိုင်ပါသည်။ လူ့လောကတွင် လူ့အဖွဲ့အစည်း အသီးသီးသည် သူ့အတိုင်းအတာနှင့်သူ စွမ်းဆောင်နိုင်ကြသည်၊ ကျေးဇူးပြုလျက်ရှိကြပါသည်။ လူမှုရေး၊ ဆက်ဆံရေး၊ ကျန်းမာရေး၊ ပညာရေး စသည်စသည့်အရေးတို့သည် သူ့အတိုင်းအတာနှင့်သူ လောကကြီးကို ကျေးဇူးပြုလျက်ရှိပါသည်။

အသိဉာဏ်သဘောတရားပိုင်း ဆိုင်ရာတွင်လည်း သမိုင်း အကြောင်းကို ရေးသားခဲ့သူများရှိ၍ မိမိတို့၏သမိုင်း၊ နိုင်ငံသမိုင်း၊ ကမ္ဘာ့သမိုင်း စသည်တို့ကို သိလာရသည်။ ဤသည်ကို အကြောင်းပြု ၍ သမိုင်းကျေးဇူးဟု ပြောဆိုလာကြသည်။ ထို့အတူ မြန်မာစာပေ ကျေးဇူး၊ ပါဠိစာပေကျေးဇူး စသည်ဖြင့် ကျေးဇူးတရားများပေါ်ပေါက် လာရသည်။

ထို့အတူ လူသားတို့အား ကျေးဇူးပြုကြသော သဘာဝတရား တို့ကို ဤသို့အသိအမှတ်ပြုကြသည်။ လူသည် ရေကိုမသုံးမဖြစ် သုံး ရသည်။ ရေဓာတ်သည် ကိုယ်ခန္ဓာတွင် အများဆုံး (၈၀)ရာခိုင်နှုန်း ရှိနေရသည်။ ရေအသက် တစ်မနက်ဟု အဆိုရှိသည်။ ထိုသို့ ရေကို အသုံးပြုကြရ၍ အချို့က ရေကို ကျေးဇူးရှင်ဟုပင် ပြောဆိုကြပြန် သည်။ ထို့အတူ ဤမြေတွင်နေ၍ ဤမြေမှသီးပွင့်သော အသီးအနှံ တို့ကို စားသောက်ကြရ၍ ဤကမ္ဘာမြေကြီးကိုပင် ကျေးဇူးတင်စရာ ဟု သိရှိလာကြလေသည်။

လောကတွင် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အကြီးအကဲနှင့်အောက်လူ၊ သူငယ်ချင်းအချင်းချင်း စသည်တို့ အချင်းချင်းကျေးဇူးရှိကြသကဲ့သို့ သက်မဲ့အရာဝတ္ထုတို့သည်လည်း ဤလူသားတို့အား ကျေးဇူးပြုလျက်ရှိပါသည်။

မြန်မာတို့အတွက် ဤမြေ ဤရေနှင့် မိမိတို့ဘိုးဘွားယဉ်ကျေးမှု အမျိုးဘာသာ သာသနာတို့သည် မိမိတို့၏ ကျေးဇူးရှင်များပင် ဖြစ်သည်။ ထိုကျေးဇူးရှင်တို့အား ကျေးဇူးသိတတ်သောအားဖြင့် ဤမြေ ဤရေနှင့် မိမိတို့၏ယဉ်ကျေးမှု ဘာသာသာသနာတို့ကို စောင့်ရှောက်ကြရမည်ဖြစ်သည်။ အထူးအားဖြင့် လူငယ်တို့အနေဖြင့် နိုင်ငံကျေးဇူး၊ ဘာသာ သာသနာကျေးဇူးကို စောင့်သိတတ်ရန်လိုပေသည်။ ကျေးဇူးတရားကို သိနားလည်သော လူငယ်တို့သည်သာ နောင် အနာဂတ်ကာလ(နိုင်ငံတော်) ကို စောင့်ရှောက်သင့်ပေသည်။ နောင်တွင် ဘာသာ၊ သာသနာ၊ နိုင်ငံ၊ ယဉ်ကျေးမှု၊ ရိုးရာ စသည်တို့ကို စောင့်ထိန်းလိုသော သူတို့သည် ကျေးဇူးတရားကို အထူးသိနားလည်ရန် လိုပေသည်။ ဇာတ်နိပါတ်တော်တို့၌ ရှင်ဘုရင်ဘဝကို ရရှိလာသူတို့သည်ပင် မိမိကျေးဇူးရှင်တို့အား မျက်ကွယ်မပြုဘဲ စောင့်ရှောက်ခဲ့ကြသည်တို့ကို တွေ့ရှိနိုင်ပါသည်။

လူသည် မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘာသာသာသနာတော်အပေါ် ကျေးဇူးပြုနိုင်သူဖြစ်ရမည်။ ထိုသို့ မဟုတ်ပါဘဲ မည်သို့မျှ အကျိုးကျေးဇူးမပြုနိုင်သူသည် လုံးဝ(လုံးဝ) တန်ဖိုးမဲ့သူဖြစ်ပေသည်။ အဆိုးဆုံးက ကျေးဇူးကန်း ကျေးစွပ်သူတို့ပင်ဖြစ်သည်။ ထိုသူတို့သည် ဤလောကကြီးတွင် လူအဖြစ်ဖြင့် မနေသင့်သူပင်ဖြစ်သည်။ ထိုသူတို့သည် ပိန္နဲသီးထဲမှ အလယ်အူတိုင်နှင့်တူပေသည်။ ပိန္နဲသီးအူတိုင်သည် ချိုမြိန်သော ပိန္နဲသီးမွှာများစွာတို့၏အလယ်တွင်

တည်ရှိနေပါသော်လည်း ထို ပိန္နဲသီးအူတိုင်မှာကား လုံးဝမချိုဘဲ စားသုံးမရ လွှင့်ပစ်ရသော အဆင့်သာရှိပါသည်။ ကျေးဇူးရှိသော လောကတွင် နေထိုင်ပြီး ကျေးဇူးမသိတတ်သူ မဖြစ်သင့်ပေ။

သက်မဲ့ပန်းပင် သစ်ပင် ဆေးပင်ဝါးပင်တို့သည်ပင် လူသားကို အကျိုးကျေးဇူးပြုလျက်ရှိသည်။ လောကအတွက်၊ မိမိ မိသားစု ပတ်ဝန်းကျင်အတွက် အကျိုးကျေးဇူး မပြုတတ်သူမှာ အလွန့်အလွန် ရှက်စရာကောင်းပေသည်။

ထို့ကြောင့် လူသည် ဘဝတွင်အကျိုးရှိသော အလုပ်တို့ကို ပြုလုပ်ရန် အရေးကြီးပေသည်။ မီးလုံးကိုတီထွင်ခဲ့သော သောမတ်အက်ဒီဆင်၏ ကျေးဇူးကြောင့် လူသည် လျှပ်စစ်မီးကိုသုံးစွဲလာရပေသည်။ ထို့အတူ လောကလူသားတို့အတွက် အကျိုးကျေးဇူးပြုသွားကြသော သူများ များစွာရှိပါသည်။ မိမိလည်း ဤလောကကြီးကို တစ်နေရာရာမှနေ၍ ကျေးဇူးပြုနိုင်သူဖြစ်အောင် ကြိုးစားမည်ဟု ခံယူထားရမည်။

လောကတွင် ကျေးဇူးတရားကိုမြင်အောင် ကြည့်တတ်ရန် လိုပေသည်။ ကျေးဇူးတရားကို မြင်တတ်မှ ကျေးဇူးတင်ရမည်ကို သိလာမည်ဖြစ်သည်။ အချို့သူတို့သည် ကြံဖန်၍ ကျေးဇူးတင်တတ်ကြပေသည်။

ဤ၌ ဒဏ္ဍာရီပုံပြင်ဝတ္ထုတစ်ခုကို ပြောပြလိုပေသည်။ တစ်ခါက မြစ်ကမ်းဆိပ်တွင်ရှိသော သစ်ပင်မှ သစ်ကိုင်းခြောက်တွင် ငှက်ကလေးတစ်ကောင် လာနားသည်။ ငှက်လာနား၍ ထိုသစ်ကိုင်းခြောက် ကျိုးကျသွားလေရာ ရေထဲသို့ကျသွားလေသည်။ ထိုအခါ ရေထဲတွင်ကျရောက်နေသော ခါချဉ်တစ်ကောင်က ထို သစ်ကိုင်းခြောက်ပေါ် မှီခိုပြီး တက်ရောက်သွားလေရာ ရေမနစ်ဘဲ အသက်

ရှင်သွားခဲ့လေသည်။ တစ်နေ့တွင် ထိုသစ်ပင်သို့ လာနားသော ထိုငှက်ကို မုဆိုးတစ်ဦးက ပစ်ရန်ချိန်ရွယ်ထားသည်။ ၎င်းကို ခါချဉ်ကသိ၍ ငါ၏ကျေးဇူးရှင်ကို ကျေးဇူးဆပ်မည်ဟု ကြံရွယ်ပြီး ထိုမုဆိုး၏ခြေဖမိုးကို ခါချဉ်က ကိုက်လေသည်။ ခါချဉ်ကိုက်၍ မုဆိုးက ခြေဖမိုးကို ရိုက်လိုက်သောအသံကြောင့် ငှက်ပျံသွားလေသည်။ ငှက်သည် မုဆိုးလက်မှ လွတ်သွားရလေသည်။ ဤပုံပြင်မှာ ဒဏ္ဍာရီဟုဆိုသော်လည်း ကျေးဇူးတရားနှင့် ပတ်သက်၍ အလွန်မှတ်သားဖွယ်ကောင်းပါသည်။

လောကတွင် လယ်သမား၊ အလုပ်သမား၊ ဈေးသည်၊ ကုန်သည်၊ သူနာပြု၊ ကျောင်းဆရာ စသော ကာယ ဉာဏဖြင့် အလုပ်လုပ်သူတို့သည် မိမိတို့ တာဝန်ဝတ္တရားများကို မိမိတို့ ကျေပြွန်စွာ ပြုလုပ်နေကြခြင်းသည် လောကကို ကျေးဇူးပြုနေကြခြင်းပင်ဖြစ်သည်။ ကျောင်းသားသည် ကျောင်းစည်းကမ်းကို လိုက်နာခြင်းဖြင့် ကျေးဇူးတုန့်ပြန်ရမည်။ စစ်သားသည် စစ်စည်းကမ်းကို လိုက်နာခြင်းဖြင့်၊ ဝန်ထမ်းသည် ဝန်ထမ်းစည်းကမ်းကို လိုက်နာကျင့်သုံးခြင်းဖြင့် ကျေးဇူးတုန့်ပြန်ကြရမည်ဖြစ်သည်။ ဤသို့ စသည်ဖြင့် လူတိုင်း ပုဂ္ဂိုလ်တိုင်းသည် မိမိတို့အပေါ်တင်ရှိသော ကျေးဇူးတရားကို၊ တာဝန်, စည်းကမ်း, လုပ်ငန်း စသည်တို့ကို ကျေပြွန်စွာထမ်းဆောင်၍ ကျေးဇူးတုန့်ပြန်ကြရမည်ဖြစ်သည်။ လူတိုင်းသည် မိမိ ရပ်ရွာ၊ မိမိ မြို့နယ်၊ မိမိ တိုင်းပြည်၊ မိမိနိုင်ငံနှင့် မိမိတို့၏ ဘာသာသာသနာတို့အပေါ် ကျေးဇူးဆပ်ကြရမည်ဖြစ်သည်။

ထို့ကြောင့် လူသားတိုင်း အချင်းချင်း ကျေးဇူးပြုနိုင်ကြပါစေ၊ ကျေးဇူးပြုကြသည့်အတိုင်း အချင်းချင်း ကျေးဇူးဆပ်နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

# (၃၁) ကျေးဇူးဆပ်ကြပါစို့

ဤလောက၌ ကျန်ရှိနေခဲ့သော အရာများမှာ ကျေးဇူးတရားတို့ပင်ဖြစ်သည်။

မိမိက သူတစ်ပါးအားပြုသော ကျေးဇူးကို မေ့ထားပါ။ သူတစ်ပါးက မိမိအားပြုဖူးသော ကျေးဇူးကိုသာ အဖန်ဖန်အထပ်ထပ် သတိရပါ။

မိမိအပေါ် ကျေးဇူးပြုထားသော ကျေးဇူးရှင်ကို အခါအခွင့်သာတိုင်း ထိုသူအား ထုတ်ဖော်ချီးကျူးပါ၊ ကျေးဇူးတုန့်ပြန် ပြန်ဆပ်ပါ။

ကျေးဇူးဆိုသောအရာသည် ကမ္ဘာပေါင်းများစွာ လွန်ပါသော်လည်း ပျက်သုဉ်း, ကုန်ဆုံးသွားမည့်အရာ မဟုတ်ပေ။ လောကတွင် ကျေးဇူးတရားတို့ထက် မြင့်မြတ်သောအရာကား မရှိနိုင်ပါပေ။ ထို့ကြောင့် မိမိတို့အပေါ် ကျေးဇူးပြုကြသော ကျေးဇူးရှင်တို့ကို ပစ္စည်းဥစ္စာတို့ဖြင့် ကျေးဇူးဆပ်၍သော်လည်းကောင်း၊ ၎င်းတို့၏အလိုဆန္ဒအတိုင်း ဖြည့်ဆည်းပေး၍သော်လည်းကောင်း ကျေးဇူးဆပ်ကြရမည်ဖြစ်သည်။ ပညာရှိ သူတော်ကောင်းတို့သည် ကျေးဇူးတရားကို အလွန်တန်ဖိုးထားတတ်ကြပါသည်။ မိမိအခြေအနေအရ ဝန်နှင့်အား၊ လေးနှင့်မြားကို ချင့်ချိန်ကာ တာဝန်သိသိ ကျေးဇူးတုန့်ပြန်ရန် လိုပါသည်။ လောကတွင် အကြွေးအမျိုးမျိုးရှိသည်တွင် ကျေးဇူးဆိုသည်မှာ မိမိအား သူတစ်ပါးက ကျွေးဖူးမွေးဖူး, ကူညီရိုင်းပင်းဖူးသော တစ်ဖက်သား၏ စေတနာ၊ မေတ္တာတရားများကို ခံယူခဲ့ဖူးခြင်းသည် ကျေးဇူးကြွေးပင် ဖြစ်ပါသည်။ ထိုကျေးဇူးကြွေးကို ကျေပြွန်အောင် ပေးဆပ်ဖို့ လိုပေသည်။

လောကသားတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီကာ အမှီသဟဲပြု၍ နေထိုင်ကြရသည်။ တစ်ဦး

အလိုဆန္ဒကို တစ်ဦးက ဖြည့်ဆည်းပေးရသည်။ ဤသို့ဖြင့် 'ကျေးဇူး' ဟူသော အရာသည် လူသားတို့အကြားတွင် ဖြစ်ပေါ်လျက်ရှိသည်။

ဝိဓူရဇာတ်တွင် ဖော်ပြထားသကဲ့သို့ အသက်မရှိသော သစ်ပင်၏ အရိပ်ကိုခို၍ အကိုင်းအခက်ကို ချိုးဖျက်မိပါက အပြစ်ရှိသည်။ (ကျေးဇူးကန်းသည်) ဟုဆိုလျှင် သက်ရှိလူသားတို့၏ ဘုန်းရိပ်၊ ကံရိပ်၊ ဉာဏ်ရိပ်ကို ခိုလှုံခဲ့ဖူးသောသူတို့အနေဖြင့် ကျေးဇူးတရားကို ပို၍ နားလည်ရမည်ဖြစ်သည်။

ကျေးဇူးရှင်တို့အား ပြစ်မှားသူကို **မိတ္တဒုဗ္ဘိ** ဟုခေါ်သည်။ ကျေးဇူးမသိသောသူတို့သည် မည်သည့်အမှုကိစ္စကိုလုပ်လုပ် မအောင်မြင်တတ်၊ ကျက်သရေဆုတ်ယုတ်တတ်သည်။ ယခုလက်ရှိဘဝတွင်သာမက နောင်သံသရာတွင်လည်း မကောင်းကျိုးကို ရရှိနိုင်ပါသည်။

အထူးအားဖြင့် ကျေးဇူးမဆပ် မဖြစ်သူတို့မှာ အနန္တော အနန္တငါးပါးပင်ဖြစ်သည်။ အခြေအနေအရပ်ရပ်တို့နှင့် ရင်ဆိုင်နေရ၍ ကျေးဇူးရှင်တို့အား ကျေးဇူးမဆပ်နိုင်ကြသော်လည်း ကျေးဇူးမစွပ်ဖို့ အရေးကြီးသည်ကို ထပ်၍သတိပေးပါသည်။ တတ်နိုင်လျှင် ကျေးဇူးရှင်တို့အား မေတ္တာပို့သနေရပါမည်။ ထိုအကြောင်းနှင့်စပ်၍ ရှင်မဟာရဋ္ဌသာရ က ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင်-

**"ကျေးဇူးရှင်အား၊ စီးပွားလှယ်ပြိုင်၊**
**မဆပ်နိုင်သော်၊ ကိုယ်တိုင်ဖူးတွေ့၊**
**ပူဇော်လေ့ဖြင့်၊ နေ့စဉ်ဖြိုင်ဖြိုင်၊**
**အာရုံလှိုင်၍၊ ကြွံနိုင်ခန္တာ၊**
**အဝေရာနှင့်၊ အဗျာပဇ္ဇ၊**
**အနီဃဟု၊ တောင့်တမေတ္တာ၊**
**ပြုအပ်ရာရှင့်"** ဟု ဆိုခဲ့ပါသည်။

အချို့မှာ မိမိအပေါ် ကြိမ်ဖန်များစွာ ပေးကမ်းထောက်ပံ့ကူညီပြီး ကျေးဇူးပြုနေပါလျက် တစ်ကြိမ်တစ်ခါ ပျက်ကွက်ရုံမျှဖြင့် မကျေမချမ်းဖြစ်ကာ ကျေးဇူးကန်းတတ်ကြသည်။ မိမိအလိုဆန္ဒအတိုင်းဖြစ်မလာသဖြင့် မေတ္တာပျက်ကာ စိတ်ဆိုးတတ်ကြသည်။ တစ်သက်လုံး ဝါးသမျှကွမ်း၊ သံပုရာတစ်ခြမ်းစားသည်နှင့် သွားကျိန်းရသကဲ့သို့ ဖြစ်တတ်သည်။ ရှေ့ကများစွာပြုဖူးခဲ့သော ကျေးဇူးအားလုံးကို မိမိမကျေနပ်သော ကိစ္စကလေးတစ်ခုမျှဖြင့် ကြိတ်ချေတတ်ကြသည်။ ထိုသူတို့မှာ တစ်သက်လုံး ကျေးဇူးသိတတ်ကြမည့်သူများ မဟုတ်ပေ။ ဆင်ကိုသတ်၍ အသားကိုဝေပေးသော်လည်း ဆင်သားကုန်လျှင် ကျေးဇူးကို မေ့ကြမည့်သူများသာဖြစ်သည်။ သူ့အပေါ် ပြုအပ်သော ကျေးဇူးသည် ရေထဲတွင် အရုပ်မထင်သကဲ့သို့ ပျောက်ကွယ်သွားတော့မည်သာ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက ဇာတက ၁-၁၇ တွင်-

**အကတညုဿ ပေါသဿ၊ နိစ္စံဝိဝရ ဒဿိနော။**

**သဗ္ဗံ စေ ပထဝိံ ဒဇ္ဇာ၊ နေဝ နံ အဘိရာဓယေ။**

"သူ့ကျေးဇူးကိုမသိတတ်ဘဲ အခွင့်အရေးကိုသာ အမြဲရှာလေ့ရှိသော ပုဂ္ဂိုလ်အား တစ်မြေပြင်လုံးကို အစိုးရသည့် စကြဝတေးမင်းအဖြစ်ကို ပေးသော်လည်း မနှစ်သိမ့်စေနိုင်ရာ" ဟူ၍ မိန့်တော်မူခဲ့ပါသည်။

လူဖြစ်လျှင် တစ်ဦး၏ကျေးဇူးကို တစ်ဦးက သိမြင်တတ်ဖို့လိုသည်။ သူတစ်ပါးကျေးဇူးကို မိမိက ခံစားဖူးခဲ့လျှင် သူတစ်ပါးအားလည်း မိမိက ကျေးဇူးတုန့်ပြန် ပေးဆပ်ရပေမည်။ လောကတွင် ကျေးဇူးသိ၍ ပြန်လည်ကျေးဇူးဆပ်သူကား အရေအတွက်အားဖြင့် အလွန်နည်းပါးလှပါသည်။

ပါးစပ်ဖြင့် အကြိမ်တစ်ရာ ကျေးဇူးတင်စကား ပြောကြားခြင်းထက် တတ်နိုင်သော ပစ္စည်းဝတ္ထုဖြင့် တစ်ကြိမ်ကျေးဇူးတုန့်ပြန်ခြင်းက ပို၍ထိရောက်လှပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက "လောက၌ ပြုဖူးသော ကျေးဇူးကိုသိ၍ ကျေးဇူးတုန့်ပြန်တတ်သော ပုဂ္ဂိုလ်ကို ရခဲ၏" ဟု မိန့်ဆိုခြင်းဖြစ်သည်။

ကျေးဇူးသိတတ်သူ၊ သူ့ကျေးဇူးကို ဆပ်သူတို့မှာ မိမိတို့အပေါ် တင်နေသောကြွေးကို ပေးဆပ်လိုက်ရသကဲ့သို့ စိတ်လက်ပေါ့ပါး၍ ဝမ်းသာကြည်နူးမှု ဖြစ်ရလေသည်။

ကျေးဇူးဆပ်ခံရသူမှာလည်း ကျေနပ်နှစ်သိမ့်၍ ပီတိများ တသိမ့်သိမ့် ခံစားရပေသည်။ ကျေးဇူးဆပ်သူတို့အားလည်း လူရောနတ်ပါ ချစ်ခင်ကြလေသည်။

မစိုးရိမ်ဆရာတော်ဘုရားကြီးက ဤသို့မိန့်ဆိုခဲ့ပါသည်-

**"သူ၏ကျေးဇူး ရှိခဲ့ဖူး၊ အထူးပြန်ဆပ်နိုင်စေသော်၊**

**မဆပ်နိုင်သည် ရှိပစေ၊ မချေမဖျက်မိစေသော်"**

ထို့ကြောင့် ကျေးဇူးရှင်တို့အား အခွင့်ရတိုင်း ကျေးဇူးဆပ်ကြပါ၊ ဆင်ခြေအမျိုးမျိုးပေး၍ မရှောင်လွှဲကြပါနှင့်။

## (၃၂) ကျေးဇူးသိတတ်သူတို့ ရရှိသော အကျိုးများ

ကျေးဇူးဟူသောစကားနှင့် ပတ်သက်၍ အတော်အသင့် ပြည့်စုံအောင် တင်ပြဆွေးနွေးခဲ့ပြီဖြစ်သည်။ လောကတွင် ကျေးဇူးတရားနှင့် ဆက်စပ်ကြည့်ပါက မိမိပတ်ဝန်းကျင်တွင် အားလုံး ကျေးဇူးရှင်များပင် ဖြစ်ပါသည်။ ဥပမာ- မိမိအား ထမင်းကျွေးမွေးလာပါက ထိုထမင်းရှင်ကိုသာ ကျေးဇူးတင်ရမည်မဟုတ်ပေ၊ ထမင်းဖြစ်ပေါ်လာအောင် အဆင့်ဆင့်ပြုလုပ်လာသော လယ်ထွန်သူ၊ စပါးစိုက်သူ၊ စပါး

ရိုတ်သူ၊ ဆန်ကြိမ်သူ စသူတို့ကိုပါ ကျေးဇူးတင်သင့်ပါသည်။ ထိုသို့သော ကျေးဇူးရှင်တို့အပေါ် ကျေးဇူးစောင့်သိရန် အထူးလိုအပ်ပါသည်။ ကျေးဇူးသိခြင်း၊ ကျေးဇူးတုန့်ပြန်ခြင်းတို့ကို လူအများကလည်း နှစ်သက်လေးစားကြသလို နတ်များကလည်း နှစ်လိုကြ၏။ ဘုရား ရဟန္တာစသော သူတော်ကောင်းတို့ကလည်း ကောင်းချီးပေးကာ ဂုဏ်ပြုကြ၏။

ကျေးဇူးတရားနှင့်ပတ်သက်၍ အတိတ်သာဓက၊ ပစ္စုပ္ပန်သာဓကတို့ကို ရှုမျှော်၍ မိမိတို့သည်လည်း မိမိတို့ကျေးဇူးရှင်တို့အား အချိန်မဆွဲဘဲ အခွင့်ကြုံခိုက်၊ အခွင့်သာခိုက်တို့တွင် မဖြစ်မနေ ကျေးဇူးဆပ်ကြရမည်ဖြစ်သည်။ ကျေးဇူးသိတတ်သူများကို လူအများက ချီးမွမ်းကြသည်၊ ရိုင်းပင်းကူညီကြသည်။ ထိုသူကို အများက လူတော်လူကောင်းဟု ချီးမွမ်းကြလေသည်။

လူ့လောကတွင် ဂုဏ်ကျေးဇူးကြီးမားလှသည့် ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့၏ ဂုဏ်ကျေးဇူး၊ မိမိအပေါင်းအဖော်တို့က မိမိအပေါ် ပြုခဲ့ဖူးသော ဂုဏ်ကျေးဇူးတို့သည် မည်သူ့အပေါ်မှာမဆို ရှိနေကြပါသည်။ ထိုသို့ တင်ရှိနေသော ကျေးဇူးတရားကို မိမိတတ်နိုင်သည့်အချိန်ရောက်တိုင်း ကျေးဇူးဆပ်ဖို့ရန် ဝန်မလေးသင့်၊ မမေ့သင့်ပေ။ ကျေးဇူးရှိသူတို့အား ကျေးဇူးသိခြင်း၊ ကျေးဇူးတုန့်ပြန်ခြင်းကြောင့် အောက်ပါအကျိုးတရားတို့ ရရှိကြောင်းကို တေမိယဇာတ်တွင် ဤသို့ မိန့်ဆိုထားပါသည်။

ကျေးဇူးပြန်ဆပ်သူ၊ ကျေးဇူးသိတတ်သူတို့သည်-

၁။ အစားအစာ ပေါများခြင်း၊

၂။ ရောက်ရာအရပ်တို့၌ အပူဇော်ခံရခြင်း၊

၃။ သူခိုး၊ ဓားပြ၊ အစိုးရတို့၏ အနှိပ်စက်မခံရခြင်း၊

၄။ လူအများက နှစ်သက်လိုလားခြင်း၊
၅။ ဂုဏ်သတင်းကျော်စောခြင်း၊
၆။ အခြံအရံများခြင်း၊
၇။ ဘုန်းကျက်သရေတိုးပွားခြင်း၊
၈။ အမြင့်မှကျသော်လည်း မှီရာ, တည်ရာ ရရှိခြင်း၊
၉။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လယ်ယာ၊ စပါးတို့ တိုးပွားခြင်း၊
၁၀။ ရန်သူတို့ မထိပါးနိုင်ခြင်းဟူသော အကျိုးတရားတို့ကို ခံစားရရှိလေသည်။

ထိုအကြောင်းကို မဃဒေဝလင်္ကာတွင် မန်လည်ဆရာတော်က-

**"လူ့ဗွိဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ ဆရာမိဘ၊ ဘုရားစသော၊ ထိုမျှမိတ်ချစ်၊ သူတော်စစ်ကို၊ မပြစ်မမှား၊ သူတို့အားကား၊ တစ်ပါးရပ်ရွာ၊ သွားစပါလည်း၊ အစားအစာ၊ မရှားပါးဘဲ၊ ရောက်လေရာရာ၊ ပူဇော်လာ၏။**

**ရာဇာစောရ၊ ဓားပြခိုးသူ၊ ကလူနှိပ်စက်၊ မနှိပ်စက်ရာ၊ မျက်နှာချစ်ဖွယ်၊ လ,သဖွယ်နှင့်၊ ပွဲလယ်အထူး၊ ရဲဂုဏ်မြူးလျက်၊ ကျေးဇူးသတင်း၊ ကျော်ခြင်းမိုးပျံ့၊ ခြံရံမကွဲ၊ အမြဲမကွာ၊ ကျက်သရေနတ်နှယ်၊ တင့်တယ်ပွင့်လင်း၊ ဆင်ခြင်းကျွဲနွား၊ လယ်ယာများ၌၊ စပါးစနံ၊ သီးခွံမပျက်၊ တောင်ထက်ချောက်ကမ်း၊ စွဲလမ်းလွတ်ကွာ၊ ကျတုံပါလည်း၊ တည်ရာရငြား။**

**သားနှင့်သမီး၊ ညောင်ပင်ကြီးသို့၊ ခိုင်မြဲခြေမြစ်၊ မြဲမြံဖြစ်ဟု၊ စင်စစ်မှန်လှ၊ ဟောဖော်ပြသား၊ ဒသမိတ္တ၊ ပူဇနာဂါထာ၊ ဤဆယ်ဖြာကို၊ ကောင်းစွာနားလည်၊ မှတ်သားတည်လော့"**

ဟူ၍ စပ်ဆိုခဲ့ပါသည်။

ကျေးဇူးသိခြင်းသည် ပညာရှိ လူတော်လူကောင်းတို့၏လမ်းစဉ်၊ ကျေးဇူးဆပ်ခြင်းသည် လူမွန်လူမြတ်တို့၏အလုပ်ဖြစ်သည်။ တိရစ္ဆာန်တို့သည်ပင် သူတစ်ထူး၏ကျေးဇူးကို သိနားလည်ကြပါသေးသည်။

သက်မဲ့ဖြစ်သော တော တောင် ရေမြေ၊ သစ်ပင်၊ ဝါးပင်နှင့် သီးပင်စားပင်၊ သစ်ဥ သစ်မြစ် ဆေးပင် ဆေးမြစ် စသည်တို့သည်လည်း လူသားတို့အား ကျေးဇူးပြုကြပါသေးသည်။ ကျွန်ုပ်တို့သည် အသိဉာဏ်ရှိသော အဆင့်မြင့်လူသားများ ဖြစ်ကြပါသည်။

ထို့ကြောင့် မိမိလူမျိုး၊ မိမိနိုင်ငံ၊ မိမိအမျိုးဘာသာ သာသနာ၊ ရိုးရာယဉ်ကျေးမှုစသော မြန်မာတို့၏ ကျေးဇူးတရားကို သိမြင်ပြီး မိမိတတ်နိုင်သောနေရာမှ မိမိနှင့် မိမိပတ်ဝန်းကျင်တို့အပေါ် အတိုင်းအတာတစ်ခုဖြင့် ကျေးဇူးပြုနိုင်ကြပါစေ။

မိမိတို့အပေါ် ကျေးဇူးရှိသူတို့အား ရိုးသားပွင့်လင်းစွာ စိတ်ထားဖြူဖြူဖြင့် ကျေးဇူးတုန့်ပြန်နိုင်ကြပါစေ။

လူသားတိုင်းသည် ကျေးဇူးတရားဟူသော လောက၏ အလှရတနာကို တန်ဖိုးထားပြီး မိမိ၏ကျေးဇူးရှင်များနှင့် ဤလောကကြီးကို ကျေးဇူးပြုခြင်း၊ ကျေးဇူးဆပ်ခြင်းဖြင့် ကိုယ်စီကိုယ်စီ အလှဆင်နိုင်ကြပါစေ။

အရှင်ဝိသုတ

ဓမ္မဒါနကုသိုလ်ရှင်

သီရိဝေလာစာသင်တိုက်

မယ်တော် ဒေါ်နွယ်နွယ်ရီ

မိသားစုမှ

လှူဒါန်းပါသည်။

အမှတ် (၂၀) စမ်းချောင်းလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

နတ်လူသာစုခေါ်စေသော်


အေးမေတ္တာ ပုံနှိပ်တိုက်
အမှတ်(၆၆)၊ ကွမ်းခြံတန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၇၀၉၈၈၉၊ ၀၉-၄၃၁၅၇၇၆၆